# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၁၂)


## သတင်းထုတ်ပြန်ချက်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နှစ်နိုင်ငံသဘောတူညီချက် အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာ အသိုက်အဝန်း၏ အကူအညီကို ကြိုဆိုကြောင်း ပြောကြား

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ၎င်းတို့နှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးခွင့်ရရှိခဲ့ခြင်းကိုလည်း ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများကို အဖြေရှာဆောင်ရွက်ရာတွင် ကုလသမဂ္ဂနှင့် မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် ကုလသမဂ္ဂလက်အောက်ခံအေဂျင်စီများနှင့် ရခိုင်ပြည်နယ်တွင် ထိတွေ့ဆောင်ရွက်ခြင်းဖြင့် ဒုက္ခသည်များ လုံခြုံစွာဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အစိုးရ၏ ဆောင်ရွက်ချက်များကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့နှင့် နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးသွားနိုင်ရန် ဆွေးနွေးလျက်ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းတို့နှင့် ရခိုင်ပြည်နယ်ရှိ လူထုအားလုံးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် သင့်လျော်သောအချိန်ရောက်ပြီဟု မြန်မာနိုင်ငံအစိုးရက ယုံကြည်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိအနေဖြင့် ယခုအချိန်သည် အရေးကြီးသည့် ပြောင်းလဲမှုအချိန်အခါဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုအတွက် နေရာမရှိကြောင်း၊ မိမိတို့အနေဖြင့် နေအိမ်များဆုံးရှုံးခဲ့သည့်သူများ ပြန်လည်ဝင်ရောက်လာစေရေးနှင့် အကြမ်းဖက်မှုများ၏ အခြေခံအကြောင်းအရင်းများကို အဖြေရှာဆောင်ရွက်သွားနိုင်ရေးအတွက် အားသွန်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တာဝန်ပေးအပ်ထားခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည်လည်း အထက်ပါအချက်များကို အကောင်အထည်ဖော်နိုင်ရန် အကြံပြုချက်များကို အဆိုပြုထားခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဝင်ရောက်ရာတွင် အဓိကအချက်မှာ လုံခြုံမှု၊ သိက္ခာရှိမှုနှင့် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုမှုပင် ဖြစ်ကြောင်း၊ ဒေါက်တာကိုဖီအာနန်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်ရှိ လူ့အသိုက်အဝန်း အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် လက်တွေ့ဆောင်ရွက်သွားရမည့် အကြံပြုချက်များပါဝင်ကြောင်း၊ ယင်းအချက်များသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့အပေါ် အခြေခံထားကြောင်း၊ ယင်းအကြံပြုချက်များသည် အစိုးရမှ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ မောင်တောဒေသအခြေအနေများအား သွားရောက်ကြည့်ရှု

**စစ်တွေ မေ ၁**

နေပြည်တော်တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်း သက်တို့ ဦးဆောင်ပြီး မောင်တောဒေသ အခြေအနေများအား ကြည့်ရှုရန် ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာအမျိုးသား လေကြောင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့အား လေဆိပ်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့က ခရီးစဉ်အတွင်း သွားရောက် မည့်နေရာများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်အတွင်း

*စာမျက်နှာ ၄ ကော်လံ ၁* ●

**ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ မောင်တောမြို့နယ် ပန်းတောပြင် ကျေးရွာ၌ အစ္စလာမ်ဘာသာဝင်မိသားစုများအား တွေ့ဆုံမေးမြန်းစဉ်။**




KBZ BANK
STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# သြဂဲနစ်ကော်ဖီစိုက်ပျိုးရေး

သြဂဲနစ်ကော်ဖီဆိုသည်မှာ ဓာတုပစ္စည်းလုံးဝမပါဝင်သော သဘာဝအလျောက်ဖြစ်သည့် မြေသြဇာတို့ကိုသာသုံး၍ စိုက်ပျိုးသော ကော်ဖီမျိုးဖြစ်ပါသည်။ ကြက်ချေးနှင့် မြေဆွေးကဲ့သို့သောအရာများသည် သဘာဝမြေသြဇာများဖြစ်ပါသည်။ ကော်ဖီစေ့အခွံသည်ပင် သဘာဝမြေသြဇာအဖြစ် အသုံးချနိုင်သောအရာဖြစ်ပါသည်။ သဘာဝမြေသြဇာသည် မြေဆီလွှာပျက်စီးခြင်းကို လျော့ပါးသက်သာစေပြီး ရှင်သန်အားကောင်းသော သဘာဝပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပါသည်။ ကျေးငှက်တို့နှင့် ကော်ဖီစိုက်ခင်းတို့သည် လိုက်ဖက်ညီသော သဘာဝအတွဲအဖက်များဖြစ်ပါသည်။ ဤကဲ့သို့ တွဲဖက်ညီသောကြောင့် စိုက်ခင်းရေိယာအတွင်း အင်းဆက်အရေအတွက်ကို ထိန်းချုပ်နိုင်ပြီး မြေဆီလွှာကို သဘာဝအလျောက် အားဖြည့်ပေးပါသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သြဂဲနစ်ကော်ဖီ၏ ဈေးကွက်တန်ဖိုးသည် ၂၀၁၆ ခုနှစ်၌ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၇၃၃ ဒသမ ၂ ရှိရာမှ ၂၀၂၂ ခုနှစ်၌ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၉၉၈ ဒသမ ၆ အထိ ရှိလာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း သြဂဲနစ်ကော်ဖီ၏ ဈေးကွက်သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ် ၁၃ ရာခိုင်နှုန်းတိုးတက်လာမည်ဖြစ်ပါသည်။ ဤမျှတိုးတက်ရခြင်းမှာ မျိုးဆက်သစ်တို့ကြား ကော်ဖီသည် ထင်ရှားလူကြိုက်များလာသည်နှင့်အညီ ကမ္ဘာတစ်လွှားကော်ဖီဆိုင်များ အလျင်အမြန်တိုးပွားလျက်ရှိသောကြောင့် ဖြစ်ပါသည်။

အင်တာနက်မှတစ်ဆင့် ရောင်းဝယ်မှုသည်လည်း ကော်ဖီဈေးကွက်ကို ကျယ်ပြန့်စေပါသည်။ သြဂဲနစ်ကော်ဖီ၏ အရည်အသွေးနှင့် ကျန်းမာရေးအန္တရာယ်ကင်းရှင်းမှုကြောင့် ဈေးနှုန်းမြင့်မားသည်နှင့်အညီ သြဂဲနစ်ကော်ဖီကို အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံနှင့် ဥရောပကဲ့သို့သော ဈေးကွက်များ၌ ပိုမိုသောက်သုံးကြပါသည်။

ပိုမိုကျယ်ပြန့်လာသော သြဂဲနစ်ကော်ဖီဈေးကွက်ကို အခြေပြု၍ ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် သြဂဲနစ် ကော်ဖီကို ဧက ၅၀၀၀ အထိ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပထမအဆင့်အဖြစ် သြဂဲနစ်ကော်ဖီကို ဧက ၁၀၀၀ စိုက်ပျိုးမည်ဖြစ်ပြီး သုံးနှစ်အတွင်း ဧက ၅၀၀၀ ပြည့်မီစေရန် စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ လိပ်သိုဝန်းကျင်၌ ကုန်းမြင့်ကော်ဖီအမျိုးအစားဖြစ်သော အာရေဗီးကားကို ဧက ၉၀၀ စိုက်ပျိုးမည်ဖြစ်ပြီး သံတောင်ဒေသ၌ မြေနိမ့်ကော်ဖီ အမျိုးအစားဖြစ်သော ရောဘတ်စတာကို ဧက ၁၀၀ စိုက်ပျိုးမည်ဖြစ်ပါသည်။ ဤကဲ့သို့စိုက်ပျိုးရာ၌လည်း သြဂဲနစ်ကော်ဖီ စိုက်ပျိုးရေး ပီပီပြင်ပြင်ဖြစ်စေရန် လက်ရှိအပင်များနှင့် စိုက်ပျိုးမြေတို့ရှိ ဓာတုပစ္စည်းပါဝင်မှုကို စစ်ဆေးလျက် လိုအပ်ချက်နှင့်အညီ သဘာဝမြေသြဇာအသုံးပြုမှုကို ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

စနစ်ကျသော သြဂဲနစ်ကော်ဖီစိုက်ပျိုးရေး ဖြစ်မြောက်နိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့နှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသောအဖွဲ့တို့အား တောင်သူများ အပါအဝင် ကော်ဖီထုတ်လုပ်သူများနှင့် ချိတ်ဆက်ညှိနှိုင်းပေးခြင်းဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအချိန်အထိ မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ရေိယာသည် ၄၉၃၅၇ ဧကရှိပြီးဖြစ်ပါသည်။ သံတောင်ကြီးဒေသ၏ ကော်ဖီတိုးမြှင့်စိုက်ပျိုးရေး ကြိုးပမ်းမှုသည် မြန်မာနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုကဏ္ဍကို အားသစ်လောင်းပေးနိုင်မည်ဖြစ်ပြီး တိုင်းပြည်၏ ပြည်ပပို့ကုန် တိုးချဲ့ရေးကိုပါ အထောက်အပံ့ကောင်း ဖြစ်စေမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# နောင်တော်ကြီး မြသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အမိုးတန်ဆောင်း တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်

**ပဲခူး မေ ၁**

ပဲခူးမြို့မဇင်းရပ်တွင် တည်ထားကိုးကွယ်စံပယ်လျက်ရှိသော နောင်တော်ကြီးမြသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အမိုးတန်ဆောင်းတော်ကြီး တည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို မေ ၁ ရက် နံနက်ပိုင်းက နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖူးမြော်ဆောင်၌ ကျင်းပရာ နာယကဆရာတော်ကြီးများ၊ မူလဘုရားဒါယိကာမကြီးနှင့် ဆွေမျိုးများ၊ အလှူရှင်များ၊ ဘုရားကြီး ဂေါပကအဖွဲ့များ တက်ရောက်ကြသည်။



အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ ဓမ္မရတနာကျောင်းဆရာတော်က သြဝါဒမိန့်ကြားတော်မူပြီး သီလပေးတရားချီးမြှင့်တော်မူသည်။ ထို့နောက် အလှူငွေပေးအပ်ပွဲနှင့်ပတ်သက်၍ ဂေါပကအဖွဲ့ဝင် ဦးဝင်းဋ္ဌေးက နာယကဆရာတော်များကို လျှောက်ထားသည်။ ယင်းနောက် ဂေါပကအဖွဲ့ဝင် ဦးသောင်းမြင့်က အမိုးတန်ဆောင်းတော်ကြီး တည်ဆောက်ရန် ပါဝင်လှူဒါန်းကြသော အလှူရှင်များစာရင်းကို ဖတ်ကြားသည်။

ဆက်လက်ပြီး ဘုရားအမိုးတန်ဆောင်းတော်ကြီး တည်ဆောက်ရန်အတွက် အလှူရှင် ဦးတင်ကိုကို - ဇနီး ဒေါ်ဥမ္မာထွန်း (ဒုတိယ ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်)၊ သမီးမစောလှရတနာ၊ မကေရီမိုး မိသားစုလှူဒါန်းသော ငွေကျပ်သိန်း ၁၀၀ ကို မိခင်ကြီး ဒေါ်အမာရင်က လည်းကောင်း၊ ရန်ကုန်မြို့မှ ဒေါက်တာ ဦးမျိုးသော်-ဇနီး ဒေါက်တာသင်းသင်း (သီဟသုဓမ္မသိင်္ဂီ) က အလှူငွေကျပ် ၁၀ သိန်း၊ ပဲခူးမြို့ဥဿာသီရိ ၅ လမ်းနေ ဒေါ်ခင်စန်းက အလှူငွေကျပ် တစ်သိန်းအား ပေးအပ်လှူဒါန်းရာ ဘုရားကြီး ဂေါပကအဖွဲ့မှ လက်ခံရယူသည်။

နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အမိုးတန်ဆောင်းတော်ကြီး တည်ဆောက်ရေးအတွက် အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့အထိ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းသော အလှူရှင် အပါအဝင် အလှူရှင် ၄၄ ဦးမှ လှူဒါန်းငွေကျပ် ၁၉၁၀၄၀၀၀ နှင့် ဘုရားကြီးအလှူခံဌာနနှင့် အလှူခံပုံးတို့မှ ခုနစ်ရက်သားသမီးများ လှူဒါန်းငွေကျပ် ၁၂၈၀၇၀၁၀ စုစုပေါင်း ငွေကျပ် ၃၁၉၁၁၀၁၀ ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

အမိုးတန်ဆောင်းတော်ကြီးအတွက် ပါဝင်လှူဒါန်းလိုသူများသည် မူလဘုရားဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်ကြည် ဖုန်း-၀၉၂၆၁၇၀၈၅၆၆၊ ဦးဝင်းသွင် (Chairman), Accounting, Auditing and Business Advisory ဖုန်း-၀၉၅၅၀-၀၁၂၆၊ ဂေါပကအဖွဲ့ဝင် ဦးဝင်းဋ္ဌေး ဖုန်း-၀၉၄၂၅၂၆၄၂၆၄၊ ဦးသောင်းမြင့် ဖုန်း-၀၉၇၇၅၂၀၈၈၃၄၊ ဦးအောင်မြသောင်း ဖုန်း-၀၉၄၅၈၀၂၀၃၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

*ထင်သာမြင်သာပြုပြင်စရာ*

# မီးပွိုင့်တွင် လိုင်းကားများနှင့် ဆိုင်ကယ်များ ဂိတ်ထိုးပြေးဆွဲမှုကြောင့် ပြည်သူများသွားလာရေးခက်ခဲနေ

ရန်ကုန်မြို့၏ လူနေသိပ်သည်းမှုအများဆုံးမြို့နယ်တစ်ခုဖြစ်သော လှိုင်သာယာမြို့နယ်ရှိ လူစည်ကားရာနေရာတစ်ခုဖြစ်သည့် ဌာနဆိုင်ရာရုံးများစုစည်းရာ ရုံးထိပ်မှတ်တိုင်မီးပွိုင့်၌ နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အဝင်လမ်းကို ပိတ်၍ လိုင်းကားများနှင့်ဆိုင်ကယ်များဂိတ်ထိုးပြေးဆွဲနေမှုကြောင့်



ဝန်ထမ်းများသွားလာရာတွင် ယာဉ်အန္တရာယ်စိုးရိမ်နေရသည့်အပြင် အဆိုပါမီးပွိုင့်အောက်ရှိ တံတားပေါ်တွင် ယာဉ်များထပ်ဆင့်ရပ်တန့်သောကြောင့် ကျန်စစ်သားလမ်းအတိုင်းချိုးကွေ့ကြမည့် ယာဉ်များ၊ ညောင်တုန်းလမ်းနှင့်ဘုရားလမ်းသို့ ဖြတ်သန်းကြမည့်ယာဉ်များ၊ ခရီးသွားပြည်သူများမှာလည်း သွားလာရာတွင် ယာဉ်အန္တရာယ်စိုးရိမ်နေရကြောင်း သိရသည်။

"ကျွန်မတို့ ရုံးထိပ်လမ်းဆုံရောက်ရင် အမြဲသတိထားပြီး သွားလာရတယ်၊ ရွှေလင်ဗန်းက စီးလာတဲ့ကားကနေ YBS ကိုပြောင်းစီးပြီး ရုံးသွားရတယ်၊ မီးပွိုင့်အောက်က တံတားပေါ်မှာ လိုင်းကားတွေရပ်တယ်၊ ဆိုင်ကယ်တွေတန်းစီပြီးရပ်ထားတယ်၊ ရှောင်တိမ်းပြီးသွားလာနေရတာ၊ မနက်ပိုင်းနဲ့ညနေပိုင်းမှာ အဆိုးဆုံးပဲ၊ ထွေအုပ်ရုံးနားမှာ ဖြစ်နေတာ၊ ရုံးအဝင်လမ်းလည်းကားတွေ၊ ဆိုင်ကယ်တွေကပိတ်နေ၍ ပြည်သူတွေသွားလာရေးအခက်အခဲဖြစ်နေတာကြာပြီ၊ ကူညီဖြေရှင်းပေးစေလိုပါတယ်" ဟု နေ့စဉ်ခရီးသွားလာနေသော ရုံးဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁-၅-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၂၅/၈၃၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၅၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၈ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ | ·၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ | ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၀ |
| တရုတ် | တစ်ယွမ် | ၂၁၁ | ·၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ | ·၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မောင်တော-အငူမော်လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အငူမော် -ကိုးတန်ကောက် လမ်းပိုင်းဖွင့်ပွဲအခမ်းအနားကျင်းပ

**စစ်တွေ မေ ၁**

မောင်တော-အငူမော်လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အငူမော်-ကိုးတန်ကောက် လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အငူမော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ဘူးသီးတောင်-မောင်တောကားလမ်း ကောင်းမွန်လာပြီဖြစ်သည့်အတွက် ရခိုင်ပြည်နယ်ဒေသအနှံ့က ပြည်သူများအနေဖြင့် မောင်တောသို့ အချိန်မရွေး သွားလာနိုင်တော့မည် ဖြစ်ပါကြောင်း၊ ယခုလမ်းသည် မောင်တောဒေသဖွံ့ဖြိုးရေးအတွက် အရေးပါပြီး မဟာဗျူဟာအရလည်း အရေးပါကြောင်း။

ပြည်သူများမျှော်လင့်ခဲ့သည့် လမ်း၊ တံတား၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အအုံများ ကောင်းမွန်လာပါက ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦးနှင့် မောင်တောဒေသခံ ဦးအောင်မြင့်သိန်းတို့က လမ်းအဆင့်မြှင့်တင် ပေးခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက်Asia World Foundation ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က လမ်းအဆင့်မြှင့်တင် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မောင်တော- အငူမော်လမ်းမကြီးအား အဆင့်မြှင့်တင် ပြုပြင်လှူဒါန်းသည့်အတွက် Asia World Foundation အား ဂုဏ်ပြုမှတ်တမ်းပေးအပ်ချီးမြှင့်ရာ ဥက္ကဋ္ဌဦးထွန်းမြင့်နိုင်က လက်ခံရယူသည်။

ယင်းနောက် Asia World Foundation မှ မောင်တောဒေသရှိ ကျေးရွာ ရှစ်ရွာမှ စာသင်ကျောင်း ရှစ်ကျောင်းအတွက် တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၂၀ စီ လှူဒါန်းပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံသည်။

ထို့နောက် မောင်တော-အငူမော် လမ်းအဆင့်မြှင့်တင်ရေး စီမံကိန်း၏ အငူမော်-ကိုးတန်ကောက်လမ်းပိုင်းအား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဦးဟန်ဇော်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ Asia World Foundation ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် အငူမော်- ကိုးတန်ကောက် လမ်းအဆင့်မြှင့်တင်ထားမှုအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်းကို ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လက်အောက်ရှိ Task Force ကိုးခုအနက် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ (CITF ) ၏ အဖွဲ့ဝင်ဖြစ်သည့် Asia World Foundation မှ တာဝန်ယူ ဆောက်လုပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါလမ်းမှာ မောင်တောဒေသ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဟာဗျူဟာကျပြီး အရေးပါလှသည့် လမ်းမကြီးဖြစ်သည်။

**သတင်း၊ဓာတ်ပုံ မျိုးမြင့်**
**ဟန်လင်းနိုင်**

# ပညာရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အခြေခံပညာကဏ္ဍ၏ မူလတန်းပညာရေးမှာ အဓိကဦးစားပေးဖြစ်

**တောင်ကြီး မေ ၁**

တောင်ကြီးမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲကို ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အမှာစကားပြောကြားသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍများသည် ကြီးမားကျယ်ပြန့်သည့်အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို အောင်မြင်ရန်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အခြေခံပညာကဏ္ဍ၏ မူလတန်း ပညာရေးမှာ အဓိကဦးစားပေးဖြစ်ကြောင်း၊ သိသာထင်ရှားသည့် ပြောင်းလဲမှုမှာ မူလတန်းသင်ရိုးများကို အသစ်ရေးဆွဲခဲ့ကြောင်း၊ ဆရာ ဆရာမကိုးသောင်းခန့်ကို သင်တန်းပေးခြင်းနှင့် ဆရာလမ်းညွှန်စာအုပ်များ ပြုစုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုနှစ်တွင်မူ Grade -2 သင်မည့် မူလတန်းပြဆရာ ဆရာမ နှစ်သိန်းခွဲခန့်ကို သင်တန်းပေးနေပါကြောင်း။

မူလတန်းပညာရေးတွင် Grade-1, Grade - 2, Grade - 3 အတန်းများတွင် အခြေခံအရေး၊ အဖတ်၊ အတွက်များ ကျွမ်းကျင်တတ်မြောက်ရန် သင်ကြားပေးရမည် ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာရေးနှစ်မှစတင်ပြီး ငါးနှစ်အရွယ်ကလေးတိုင်း KG တန်းတွင် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားရသည့်အတွက် ကျောင်းနေပျော်ပြီး ဆရာ ဆရာမများနှင့် ရင်းနှီးမှုရှိလာကာ ကျောင်းထွက်နှုန်း လျော့နည်းလာပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားဘဲ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာသင်ယူပြီးမြောက်ရေး အလေးထား ဆောင်ရွက်နေပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်လာရန်၊ အများနှင့်ပူးပေါင်း ဆောင်ရွက်တတ်ရန်၊ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်ရန်၊ တီထွင်ကြံဆ ဆောင်ရွက်တတ်ရန် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းတို့တွင် အခြေခံပညာမူလတန်း၊ ဒုတိယတန်း(သင်ရိုးသစ်)အတွက် သင်တန်းတက်ရောက်နေသည့် ဆရာ ဆရာမများအားလည်းကောင်း၊ တောင်ကြီးပညာရေးကောလိပ်တွင် တက်ရောက်သင်ကြားနေသော သင်တန်းသား သင်တန်းသူများအားလည်းကောင်း သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁-** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင်နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**


ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်း၌ လိုက်လံကြည့်ရှုစဉ်။

● *ရှေ့ဖုံးမှ*

လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဖြစ်ပေါ်လာပုံ၊ UEHRD ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**သဘောတူညီချက်များအတိုင်း လက်ခံမည်**

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပဋိပက္ခဖြစ်ပွားပြီးနောက် ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်ပုံမှန်အခြေအနေသာမက ရေရှည်တည်ငြိမ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ပဋိပက္ခဖြေရှင်းရာတွင် သမိုင်းကြောင်းရှုပ်လျားသည့်အတွက် သိမ်မွေ့နက်နဲသည့် အခြေအနေရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်များအတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သော အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်တို့ဦးဆောင်ကာ စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေး စခန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ပြန်လည်လက်ခံရေးစခန်းများ တည်ဆောက်ထားရှိမှုနှင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**နှစ်နိုင်ငံချစ်ကြည်ရေးတံတား ကြည့်ရှု**

ယင်းနောက် အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းအား လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားအား လည်းကောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား NVC ကတ် ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို လည်းကောင်း လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြပြီး ပြန်လည်ဝင်ရောက်လာသူများ ခေတ္တနေထိုင်ရန် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သော အဖွဲ့သည် မောင်တောမြို့နယ် ရွှေဇားကျေးရွာသို့ ရောက်ရှိပြီး ရခိုင်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းကြသည်။

**ပြဿနာတစ်စုံတစ်ရာမရှိခဲ့**

တွေ့ဆုံမေးမြန်းစဉ် ရခိုင်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များက ၎င်းတို့အနေဖြင့် ရှေးယခင်ကပင် အတူတကွ နေထိုင်ခဲ့ကြပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာ မရှိခဲ့ပါကြောင်း၊ သဟဇာတမျှတစွာ နေထိုင်ခဲ့ကြပါကြောင်း၊ နောင်တွင်လည်း အတူတကွ နေထိုင်သွားကြမည်ဖြစ်ကြောင်း ပြောကြားကြသည်။

ယင်းနောက် အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပဋိပက္ခဖြစ်ပွားစဉ် သေဆုံးခဲ့ရသူများ၏ မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြကာ ပဋိပက္ခဖြစ်ပွားချိန်တွင် သေဆုံးသွားကြသူများ၏ မိသားစုဝင်များအား တွေ့ဆုံသည်။

**စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့ရ**

တွေ့ဆုံစဉ် ရခိုင်မိသားစုဝင်များက ၎င်းတို့အတွက် နေအိမ်အခက်အခဲနှင့် အလုပ်အကိုင်လိုအပ်ချက်များကို ပြောကြားကြပြီး ဟိန္ဒူဘာသာဝင်များကလည်း ၎င်းတို့အား အကြမ်းဖက်သမားများက သတ်ဖြတ်မည်ဟု ပြောကြားထားသည့်အတွက် ၎င်းတို့မှာ ကြောက်လန့်နေကြရပါကြောင်း၊ သတ်ဖြတ်မှုများကို တွေ့မြင်ခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့ရပါကြောင်း၊ ၎င်းတို့မှာ စားသောက်နေထိုင်ရေးနှင့် အလုပ်အကိုင်အခက်အခဲရှိပါကြောင်း ပြောကြားကြသည်။ *စာမျက်နှာ ၅ သို့*


ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားအား ကြည့်ရှုစဉ်။


ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့အား လှဖိုးခေါင်ကြားစခန်း၌ အဆောက်အအုံ များ တည်ဆောက်ပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။


ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့အား တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေး စခန်း၌ NVC ကတ် ထုတ်ပေးသွားမည့် အစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။



ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ ရွှေဇားကျေးရွာ၌ ရခိုင်၊ ဟိန္ဒူ၊ အစ္စလာမ် ဘာသာဝင်များအား တွေ့ဆုံစဉ်။

*စာမျက်နှာ ၄ မှ*

ထို့နောက် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိကာ အစ္စလာမ်ဘာသာဝင်မိသားစုများနှင့် တွေ့ဆုံကြပြီး ကျေးရွာသားများက အကြမ်းဖက်မှုဖြစ်စဉ်အတွင်း ကြုံတွေ့ခဲ့ရမှုများနှင့် လိုအပ်ချက်များကို လွတ်လပ်စွာ ပြောဆိုကြသည်။

ယင်းနောက် အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သော အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ စစ်တွေမြို့သို့ ရောက်ရှိကြပြီး လေဆိပ်ညှော်ခန်းမ၌ လူမှုရေးအသင်း၊ အဖွဲ့အစည်းများနှင့် လွတ်လပ်စွာ သီးခြားတွေ့ဆုံကြသည်။

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် ညနေပိုင်းတွင် စစ်တွေမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်း-မျိုးမြင့်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

◆ *ကျောဖုံးမှ*

ရှင်းလင်းပြောကြားရာတွင် ၎င်းတို့အနေဖြင့် မြေပြင်အခြေအနေကို သိရှိရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံခဲ့သည့်အပြင် ဒေသခံများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ အမြင်များကို တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း၊ ဒေသအာဏာပိုင်များနှင့် တွေ့ဆုံပြီး လုံခြုံရေးအခြေအနေများ၊ ပြန်လည်လက်ခံရေးအတွက် ကြုံတွေ့ရသည့် အခက်အခဲများကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း၊ ကဏ္ဍစုံတွင် အကူအညီပေးနိုင်ရန် လေ့လာခဲ့ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းများကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အနေဖြင့် မည်သို့အကောင်အထည်ဖော်မည်ကို ကြည့်ရှုလေ့လာခဲ့ကြောင်း၊ မိုးရာသီ ရောက်ရှိတော့မည်ဖြစ်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကို အလျင်အမြန်လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရကို လိုအပ်သည့် အကူအညီများပေးအပ်ရေးနှင့် နေရပ်စွန့်ခွာသူများ ဘေးကင်းစွာ ပြန်လည်ရောက်ရှိလာရေးတို့နှင့် ပတ်သက်၍ ပြောကြားကြသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ရောက် အသင်းလေးသင်းတွင် ရှုံးပွဲမရှိဘဲ တက်ရောက်လာသည့်အသင်းအဖြစ် ရပ်တည်နေပြီး သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲ သရေရလဒ်ရရှိထားသည်။ မြန်မာအသင်းနှင့် ကစားရမည့် ကမ္ဘောဒီးယားအသင်းသည် အဖွင့်ပွဲတွင် လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း နောက်ဆုံးပွဲတွင် စင်ကာပူကို အနိုင်ရခဲ့သောကြောင့် ဂိုးကွာခြားချက်အသာဖြင့် တက်ရောက်လာခြင်းဖြစ်သည်။ ကမ္ဘောဒီးယားအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် စင်ကာပူကို အနိုင်ကစားလာသောကြောင့် မြန်မာအသင်းအနေဖြင့် ပေါ့ဆ၍မရဘဲ ဖိဖိစီးစီးကစားမှ အနိုင်ရမည်ဖြစ်သည်။

လက်ရှိအသင်းများတွင် မြန်မာအသင်းက အတော့်တင်းဆုံးနှင့် ခြေစွမ်းအမှန်ဆုံးဖြစ်နေရာ ဗိုလ်စွဲရန် ရေပန်းစားနေသည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲစလုံး ဂိုးသွင်းနိုင်ခဲ့ပြီး စုစုပေါင်း လေးဂိုးရခဲ့ရာ ဟိန်းထက်အောင်က နှစ်ဂိုး၊ ဝင်းနိုင်ထွန်းနှင့် ဇင်မင်းထွန်းက တစ်ဂိုးစီ သွင်းယူထားသည်။

မြန်မာအသင်းသည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၄ ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲထားရာ ချန်ပီယံဆုကိုကာကွယ်နိုင်ရန် လိုအပ်နေသည်။

**ရဲရင့်ရှိုင်း**



ထိန်ပင်အမှိုက်ပုံမီးလောင်မှု အမြန်ဆုံးငြိမ်းနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးစားငြိမ်းသတ်နေကြစဉ်။

✳ *ကျောဖုံးမှ*

ပြီးမြောက်အောင် ငြိမ်းသတ်နေပါတယ်၊ ရေကိုပဲ အဓိကထားပြီး ငြိမ်းသတ်နေတာပါ၊ မြေပြင်အနေအထားအရ (D) ဇုန်နဲ့ ဆက်စပ်နေတဲ့အတွက် လမ်းကြောင်းအနေအထားအရ (D) ဇုန်ဘက်ကိုလည်း ငြိမ်းသတ်ခဲ့ပါတယ်၊ ဒါ့ကြောင့် ဒီကနေ့ ငြိမ်းသတ်မှုအပိုင်းကတော့ ဧရိယာ ပိုပြီးကျယ်ပြန့်သွားခဲ့ပါတယ်၊ အားလုံးကို ငြိမ်းရမှာမှန်ပေမယ့် ဒီကနေ့ ရည်မှန်းချက်ကတော့ (C) ဇုန်ပဲဖြစ်ပါတယ်၊ ဒါ့ကြောင့် (C) ဇုန်ကိုပဲ ပြီးပြတ်အောင် ညပိုင်းအထိ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ အချိန်တော့ အနည်းငယ်ပိုပေးလိုက်ရတဲ့ အနေအထားပဲဖြစ်ပါတယ်'' ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ယနေ့ ညနေပိုင်းတွင် ပြောကြားသည်။

**အပိုင်းနှစ်ပိုင်းခွဲ ဆောင်ရွက်**

ဆက်လက်၍ ၎င်းက ''မနက်ဖြန်မှာတော့ (D) ဇုန်ကို အပြီးသတ် ငြိမ်းသတ်သွားမှာ ဖြစ်ပါတယ်၊ ဒီကနေ့မှာလည်း (D) ဇုန်ရဲ့ တချို့နေရာတွေကို ငြိမ်းသတ်ခဲ့ပြီးဖြစ်တာကြောင့် မနက်ဖြန်ကျရင်တော့ ကျန်တဲ့နေရာတွေကို ဆက်လက်ငြိမ်းသတ်သွားမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် မနက်ဖြန်ကျရင် အားလုံးပြီးဆုံးအောင်ငြိမ်းသတ်သွားမှာ ဖြစ်ပါတယ်၊ မနက်ဖြန်ကျရင် မျှော်မှန်းထားတာထက် ပိုပြီးလောင်ကျွမ်းနေရင် Bio Foam ကို အသုံးပြုပြီးငြိမ်းသတ်သွားမှာဖြစ်ပါတယ်၊ အပိုင်း နှစ်ပိုင်းခွဲပြီး ဆောင်ရွက်သွားမယ်၊ အဓိက သတ်မှတ်ဇုန်တွေကို ငြိမ်းသတ်သွားမှာဖြစ်သလို ငြိမ်းသတ်ခဲ့ပြီးနေရာ တချို့နေရာတွေကို ကောက်သင်းကောက်သလို လက်စသတ်တဲ့အပိုင်းကိုလည်း နောက်ချန်အဖွဲ့တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်'' ဟု ပြောသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအပါအဝင် အင်အား ၉၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိသည်။

မီးငြိမ်းသတ်မှုတွင် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်အရာရှိတစ်ဦးက ''ဧပြီလ ၂၄ ရက်နေ့ကတည်းက စတင်ပြီး မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ နေ့စဉ် အင်အား ၁၆၀ နဲ့ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေပါတယ်၊ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ မီးငြိမ်းသတ်မှုအပိုင်းသာမက ရေရရှိရေးနဲ့ ဆေးဝါးကုသမှုအပိုင်းတွေကိုလည်း လုပ်ဆောင်ပေးနေပါတယ်၊ ဒါ့အပြင် ရေလုံလောက်စွာရရှိရေးအတွက် တပ်မတော်ရေသယ်ယာဉ်၊ မီးသတ်ယာဉ်၊ ရေစုပ်စက်တွေနဲ့လည်း နေ့စဉ် ဆောင်ရွက်ပေးနေပါတယ်၊ ဒီနေ့မှာဆိုရင် မီးငြိမ်းသတ်မှုအပြင် မီးလောင်မှုအနီးမှာရှိတဲ့ ကျုံစုကျေးရွာမှာ မီးခိုးဒဏ်ခံစားခဲ့ရတဲ့ ပြည်သူတွေအတွက် ပါရဂူတွေပါဝင်တဲ့အဖွဲ့က နယ်လှည့်ဆေးကုသမှုတွေ လုပ်ဆောင်ခဲ့ပါတယ်၊ သံဃာ ခုနစ်ပါး၊ သီလရှင် နှစ်ပါး အပါအဝင် ၃၆၂ ဦးကို ဆေးဝါးကုသမှု ပြုလုပ်ပေးခဲ့ပါတယ်''ဟု ပြောကြားသည်။

ယခုအခါ မီးလောင်မှု၏ ၉၀ ရာခိုင်နှုန်းကို ငြိမ်းနိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D)ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်လျက်ရှိရာ အောင်မြင်ထိရောက်မှုရှိကြောင်း သိရသည်။

**ကြိုးစားဆောင်ရွက်လျက်ရှိ**

ယနေ့တွင် မူလသတ်မှတ်ချက်များအရ (C)ဇုန်ကို ငြိမ်းသတ်ရာတွင် ဧရိယာကျယ်ပြန့်မှုနှင့်အတူ (D)ဇုန်နှင့် မြေပြင်အနေအထားအရ ဆက်စပ်နေသည့်အတွက် ညနက်ပိုင်းအထိ ကြိုးစားငြိမ်းသတ်ခဲ့ရသည်။ ထို့အတူ ကျန်ရှိသည့် (D) ဇုန်ကို မူလသတ်မှတ်ချက်များအတိုင်း ပြီးစီးအောင် ဆက်လက်ငြိမ်းသတ်သွားမည်ဖြစ်ရာ မေ ၂ ရက် ညပိုင်းတွင် အပြီးပြတ်ဆောင်ရွက်သွားနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် စစ်ဆင်ရေးဧရိယာတွင် မီးသတ်တပ်ဖွဲ့အင်အား ၄၅၀ ခန့်ကို အဓိကထားကာ သတ်မှတ်အဆိုင်းများအလိုက် ခွဲဝေအသုံးပြုခဲ့သည့်အပြင် တပ်မတော်သားများအပါအဝင် ပူးပေါင်းအင်အားများဖြင့်လည်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မီးငြိမ်းသတ်မှုတွင်ပါဝင်သူ ကမာရွတ်မြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်တစ်ဦးက '' ဒီနေ့မှာတော့ ငြိမ်းသတ်ရတဲ့ ဧရိယာ နည်းနည်းပိုကျယ်ပါတယ်၊ မြေပြင်အနေအထားက ပြေပြစ်တော့ အခက်အခဲသိပ်မရှိပါဘူး၊ ကျွန်တော်တို့က ရှေ့ဆုံးကနေ ပိုက်ကိုင်ပြီး အဓိကငြိမ်းသတ်တယ်၊ ပိုက်ရွှေ့တာမျိုးအပြင် အခြား လိုအပ်တဲ့အပိုင်းတွေကိုတော့ တပ်မတော်သားတွေက အနီးကပ်ကူညီပေးပါတယ်၊ နောက်ထပ် တစ်ရက်လောက်ဆိုရင်တော့ အပြီးသတ်ငြိမ်းသတ်နိုင်လိမ့်မယ်လို့ထင်ပါတယ်''ဟု ပြောသည်။

အဆိုပါ မီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက ကြိုးစားငြိမ်းသတ်လျက်ရှိသကဲ့သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း မီးခိုးဒဏ်ကို ခံစားရသော ပြည်သူများနှင့် မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်နေသူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

**အစားအသောက်များလှူဒါန်း**

အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူ ဖွံ့ဖြိုးရေးအသင်း (ERSSDO) မှ ဦးဇွဲရန်နိုင်က ''မီးစတင်လောင်ကျွမ်းတဲ့နေ့ကတည်းက ကျွန်တော်တို့အသင်းက ရေသယ်ယာဉ်တွေ၊ လူနာတင်ယာဉ်တွေနဲ့ ပါဝင်ကူညီ ဆောင်ရွက်ခဲ့ပါတယ်၊ ဒါ့အပြင် မီးလောင်ပြင်မှာရှိတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဝိုင်းဝန်းကူညီကြတဲ့သူတွေအတွက် ရေ၊ အားဖြည့်အချိုရည်နဲ့ အစားအသောက်တွေကို နိုင်သလောက် လှူဒါန်းခဲ့ပါတယ်၊ ဒီနေ့မှာတော့ ရေသယ်ယာဉ်တွေနဲ့ ရေအကူအညီပေးတဲ့ လုပ်ငန်းစဉ်ကို လုပ်ခဲ့တဲ့အပြင် မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ အတွက် ညစာ ထမင်းနဲ့ ရေသန့် ကတ် ၅၀ ကို လာရောက်လှူဒါန်းပေးတာဖြစ်ပါတယ်၊ နောက်ရက်တွေမှာလည်း ဆက်လက်ကူညီပေးသွားမှာဖြစ်ပါတယ်''ဟု ပြောသည်။

အဆိုပါမီးလောင်မှုအနီးရှိ နေထိုင်သူ ကိုလှမြင့်က '' မနက်ပိုင်းနဲ့ ညပိုင်းမှာတော့ မီးခိုးတွေ နည်းနည်းထွက်နေပါသေးတယ်၊ ပတ်ဝန်းကျင်ကို ထိခိုက်နိုင်တဲ့အနေအထားမျိုးတော့ မဟုတ်ပါဘူး၊ လေကြောင်းအရ ကျုံစုရွာဘက်ကို ညနေပိုင်းမှာ မီးခိုးတွေ သွားတာများပါတယ်၊ အခုတော့ မီးခိုးထွက်တာ တဖြည်းဖြည်းနည်းသွားပါပြီ၊ အရင်တုန်းကလို ညှော်နံ့တွေ ထွက်တဲ့အဆင့်အထိ မရှိတော့ပါဘူး'' ဟု သူ၏အမြင်ကို ပြောသည်။

ယခုအခါ အဆိုပါမီးလောင်မှုကို အပြီးသတ် ငြိမ်းသတ်ရာတွင် ရေဖြင့် အဓိကပက်ဖျန်းကာ ငြိမ်းသတ်လျက်ရှိပြီး လိုအပ်သည့်နေရာများတွင်သာ Bio Foam (အမြှုပ်ဆေးရည်) ကို အသုံးပြုငြိမ်းသတ်လျက်ရှိသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



တပ်မတော်သားများက မီးခိုးဒဏ်ခံစားနေရသူတစ်ဦးအား ဆေးကုသမှုဆောင်ရွက်ပေးစဉ်။

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မြန်မာစာဘာသာရပ်မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာ

ဒေါက်တာ အောင်မြင့်ဦး(ပါမောက္ခ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)

ယခုဆောင်းပါးသည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ၂၀၁၉ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မြန်မာစာဘာသာရပ် မေးခွန်းပုံစံသစ်နှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြမည့် ဆောင်းပါးဖြစ်ပါသည်။

**ပြဋ္ဌာန်းချက်နှင့် သင်ခန်းစာတို့မှာ ပြောင်းလဲခြင်းမရှိ**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မြန်မာစာမေးခွန်းပုံစံသစ်သည် ကျောင်းသား ကျောင်းသူတို့ သင်ခန်းစာကို နှုတ်တိုက် အလွတ်ကျက်မှတ်ခြင်းထက် သင်ယူလေ့လာဆည်းပူးထားသော သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်ရေးသားတင်ပြမှု စွမ်းရည်တို့ဖြင့် ပေါင်းစပ်ကာ ဖြေဆိုနိုင်မည့်ပုံစံသို့ ဦးတည်ပြောင်းလဲထားခြင်း ဖြစ်ပါသည်။ ထိုသို့ ပြောင်းလဲရာတွင် အလုံးစုံပြောင်းလဲခြင်းမျိုး မဟုတ်ဘဲ ကျောင်းသား ကျောင်းသူတို့၏ အားသာချက် အားနည်းချက်၊ ဆရာဆရာမများ၏ သင်ကြားမှု အတွေ့အကြုံ၊ စာစစ်အတွေ့အကြုံ၊ မြန်မာစာဘာသာရပ်၏ သဘောသဘာဝ၊ ဘာသာရပ် လိုအပ်ချက်တို့အပေါ် အစစအရာရာ ချိန်ထိုးကာ ကျောင်းသူ ကျောင်းသားများနှင့် ဘာသာရပ်တို့အတွက် အသင့်လျော်ဆုံးနှင့် ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည့် အပိုင်းကဏ္ဍအချို့ကိုသာ မွမ်းမံပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

မေးခွန်းပုံစံသစ်ကို ပြောင်းလဲထားသော်လည်း ကျောင်းသား ကျောင်းသူများ လေ့လာသင်ယူရမည့် ပြဋ္ဌာန်းချက်နှင့် သင်ခန်းစာတို့မှာ ပြောင်းလဲခြင်းမရှိပါ။ တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်အတွက် ပြဋ္ဌာန်းထားသည့် စာအုပ် ၄ အုပ်ရှိပါသည်။ ယင်းတို့မှာ -မြန်မာသဒ္ဒါ အတွဲ(၂) အခန်း(၆)၊ မြန်မာကဗျာလက်ရွေးစင်၊ ပင်ရင်းမြန်မာစကားပြေ လက်ရွေးစင်နှင့် ရေသည်ပြဇာတ်တို့ ဖြစ်ပါသည်။ စာစီစာကုံးမှာ ပြဋ္ဌာန်းစာအုပ်သတ်မှတ်မထားသော်လည်း ကျောင်းသား ကျောင်းသူများ လေ့လာဆည်းပူးရမည့် သင်ခန်းစာတစ်ခုအဖြစ် ပါဝင်ပါသည်။ ယခုမေးခွန်းပုံစံသစ်တွင် စာစီစာကုံးနှင့်အတူ ကျောင်းသား ကျောင်းသူတို့၏ ပင်ကိုဉာဏ်ရည်ဉာဏ်သွေးနှင့် အစွမ်းအစကို ဖော်ထုတ်ပြသနိုင်မည့် အဆိုဆွေးနွေးသည့် မေးခွန်းတစ်ပုဒ် ပါဝင်လာမည် ဖြစ်ပါသည်။

၂၀၁၉ တွင် ပြောင်းလဲအသုံးပြုမည့် မြန်မာစာမေးခွန်းပုံစံသစ်ကို ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထိ ကျင့်သုံးခဲ့သော မေးခွန်းပုံစံနှင့် မေးခွန်းနံပါတ်တစ်ခုစီအလိုက် ဆက်လက်ရှင်းလင်းတင်ပြသွားပါမည်။

**မေးခွန်း နံပါတ် ၁** တွင် ယခင်က မေးခွန်းပုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ မေးခွန်းပုဒ်ခွဲ သုံးပုဒ်ပါဝင်ပြီး မေးခွန်းပုံစံသစ်တွင် မေးခွန်းပုဒ်ခွဲ (က) နှင့် (ခ) နှစ်ပုဒ်သာ ပါဝင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် ၁။ (က)သဒ္ဒါ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းကို ပြောင်းလဲခြင်းမပြုပါ။သို့ရာတွင် ရွေးချယ်ရန်အတွက် ယခင်က ငါးခု ပေးသော်လည်း မေးခွန်းပုံစံသစ်တွင် သုံးခုသာ မေးပါမည်။

ယခင်မေးခွန်းနံပါတ် ၁။ (ခ) သည် ပေးထားသော စကားလုံးများကို သဒ္ဒါအမျိုးအစား ဖော်ပြစေသောမေးခွန်း ဖြစ်ပါသည်။ ခြောက်ခု မေး၍ လေးခု ဖြေဆိုရပါသည်။ မေးခွန်းနံပါတ် ၁။ (ဂ) တွင် ပေးထားသော စကားလုံးကို ဝါကျတွင် သုံးပြစေခြင်း ဖြစ်ပါသည်။ ငါးခုမေးပြီး သုံးခု ဖြေဆိုရပါသည်။

**လက်တွေ့လေ့ကျင့်ခန်းအမျိုးမျိုးမေးမြန်းမည်ဖြစ်**

ပြောင်းလဲသည့် မေးခွန်းပုံစံသစ် တွင် မေးခွန်းနံပါတ် ၁။ (ခ) နှင့် ၁။ (ဂ) သဘောတရား နှစ်ခုကို ပေါင်းစပ်ကာ ၁။ (ခ) တစ်ပုဒ်တည်းအဖြစ် သဒ္ဒါလက်တွေ့လေ့ကျင့်ခန်း အမျိုးမျိုးကို မေးမြန်းနိုင်ရန် ပြောင်းလဲထားပါသည်။ မြန်မာသဒ္ဒါပြဋ္ဌာန်းချက်ပါ သင်ခန်းစာအသီးသီးမှ ကျောင်းသား ကျောင်းသူများ အမှန်တကယ် နားလည်ဖြေဆိုနိုင်မည့် လက်တွေ့လေ့ကျင့်ခန်း အမျိုးမျိုးကို မေးမြန်းမည် ဖြစ်ပါသည်။ ယခင်က ၁။ (ခ) သည် သဒ္ဒါ စကားလုံးများပေးထားပြီး သဒ္ဒါအမျိုးအစားကို ဖော်ပြစေခြင်းဖြစ်သည်။ ၁။ (ဂ) သည် ပေးထားသော သဒ္ဒါစကားလုံးကို သဒ္ဒါမှန်စွာ ဝါကျဖွဲ့စေခြင်း ဖြစ်သည်။ ပြောင်းလဲသည့်မေးခွန်းတွင် ၁။ (ခ) နှင့် ၁။ (ဂ) သဘောတရား နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ မြန်မာ သဒ္ဒါကို ကောင်းစွာနားလည်သဘောပေါက်ပြီး ပြဋ္ဌာန်းစာပါ လေ့ကျင့်ခန်းများကို မှန်မှန်လေ့ကျင့်ထားပါက အလွတ်ကျက်မှတ်ရန် မလိုဘဲ အလွယ်တကူ ဖြေဆိုနိုင်မည့် မေးခွန်းပုံစံ ဖြစ်ပါသည်။

**အကျိုးဖြစ်ထွန်းစေမည်ဖြစ်**

ယခင်က ၁။ (ခ) ၄ မှတ် ပေးသည့် မေးခွန်းနှင့် ၁။ (ဂ) ၆မှတ်ပေးသည့် မေးခွန်း ပုဒ်ခွဲနှစ်ခုကို ပေါင်းစပ်ကာ ၁။ (ခ) ၁၀ မှတ်ပေးသည့် မေးခွန်းအဖြစ် စုစည်းလိုက်သည့်အတွက် သဒ္ဒါစကားလုံးနှင့် သဒ္ဒါအမျိုးအစား မေးခွန်းသာမက သဒ္ဒါစကားလုံးဖွဲ့စည်းရေးသားစေခြင်း (ဥပမာ - ပေါင်းစပ်နာမ်စကားလုံး၊ ပေါင်းစပ်ကြိယာစကားလုံး၊ ကြိယာဝိသေသနစကားလုံး ဖန်တီးရေးသားစေခြင်း)၊ ဝါကျတွင်း ပုဒ်အထားအသို ပြင်ဆင်ရေးဖွဲ့စေခြင်း၊ ပေးထားသောဝါကျတွင် ဆီလျော်သော သဒ္ဒါစကားလုံး ဖြည့်စွက်ရေးသားစေခြင်း စသည့် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်း အမျိုးမျိုးကို တိုးချဲ့မေးမြန်းနိုင်မည်ဖြစ်ပါသည်။

> “အဆိုပါ မေးခွန်းအစား လက်ရှိတွင် ကျောင်းသား ကျောင်းသူများ၏ အားနည်းချက်ဖြစ်နေသည့် စာလုံးပေါင်းသတ်ပုံ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အမှားအမှန် စကားလုံးအတွဲတွင် စာလုံးပေါင်းသတ်ပုံအမှန် ရွေးချယ်စေခြင်းကို ပြောင်းလဲစစ်မေးပါမည်။ မြန်မာစာအရေးအသားအခြေခံတွင် စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးသည် အဓိကကျသည့်အလျောက် ဤမေးခွန်းသည် မြန်မာစာအခြေခံ မှန်ကန်ရေးအတွက် လေ့ကျင့်ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်”

၂၀၁၈ ခုနှစ်အထိကျင့်သုံးခဲ့သော မေးခွန်းနှင့် နှိုင်းယှဉ်ပါက မေးခွန်းပုံစံသစ်သည် ၁။ (ခ) သဒ္ဒါမေးခွန်းများတွင် သဒ္ဒါကို အလွတ်ကျက်မှတ်ခြင်းထက် သဒ္ဒါအကြောင်း နားလည်သဘောပေါက်ပြီး မှန်ကန်စွာ လက်တွေ့ရေးသားအသုံးပြုနိုင်သည့် မေးခွန်းမျိုးကို ပြောင်းလဲသွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် မြန်မာစာ မှန်ကန်စွာရေးသား အသုံးပြုနိုင်မှုအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၂** တွင် မေးခွန်းပုဒ်ခွဲ သုံးပုဒ် ပါဝင်ပါသည်။ ပုဒ်ရေ အရေအတွက် အပြောင်းအလဲ မရှိပါ။ မေးခွန်းနံပါတ် ၂။ (က) သည် ခက်ဆစ်ဖွင့်ဆိုခိုင်းခြင်းဖြစ်ပါသည်။ မေးခွန်း ပုံစံ အပြောင်းအလဲ မရှိသော်လည်း ရွေးချယ်ရန်ပေးသည့်စကားလုံး ၈ ခု အစား စကားလုံး ၇ ခု ပြောင်းလဲပါမည်။ ကဗျာ၊ စကားပြေနှင့် ရေသည်ပြဇာတ် ပြဋ္ဌာန်းစာအုပ်များတွင် အနက်ဖွင့်ဆိုပေးထားသော ဝေါဟာရများ၏ အနက်အဓိပ္ပာယ်ကို သိရှိခြင်း ရှိမရှိ စစ်ဆေးသည့် မေးခွန်း ဖြစ်ပါသည်။

**အကဲဖြတ်အမှတ်ပေးသွားမည်**

မေးခွန်းနံပါတ် ၂။ (ခ) တွင် လက်ရှိစစ်မေးလျက်ရှိသော ပုံစံမှာပေးထားသည့် ဝေါဟာရကို ဝါကျအသီးသီးတွင် အသုံးပြုစေခြင်း ဖြစ်ပါသည်။ အဆိုပါ မေးခွန်းအစား လက်ရှိတွင် ကျောင်းသား ကျောင်းသူများ၏ အားနည်းချက် ဖြစ်နေသည့် စာလုံးပေါင်းသတ်ပုံ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အမှားအမှန် စကားလုံးအတွဲတွင် စာလုံးပေါင်းသတ်ပုံအမှန် ရွေးချယ်စေခြင်းကို ပြောင်းလဲစစ်မေးပါမည်။ မြန်မာစာအရေးအသားအခြေခံတွင် စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးသည် အဓိကကျသည့်အလျောက် ဤမေးခွန်းသည် မြန်မာစာအခြေခံ မှန်ကန်ရေးအတွက် လေ့ကျင့် ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။ စာလုံးပေါင်းသတ်ပုံမေးရာတွင် ပြဋ္ဌာန်းစာအုပ်များပါ ဝေါဟာရများကိုအခြေခံ၍ တက္ကသိုလ်ဝင်တန်းအဆင့် ကျောင်းသူ ကျောင်းသားတို့ သိသင့်သိထိုက်သည့် စာလုံးပေါင်းများကို ရွေးချယ်စစ်မေးမည် ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ အနေဖြင့် မြန်မာဝေါဟာရများ၏ စာလုံးပေါင်းအမှန်ကို ဂရုတစိုက် မှတ်သားထားပါက အထူးတလည် အလွတ်ကျက်မှတ်နေရန်မလိုဘဲ မှန်ကန်စွာ ဖြေဆိုနိုင်မည့် မေးခွန်းမျိုးဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂။ (ဂ) သည် အလင်္ကာမေးခြင်း ဖြစ်ပါသည်။ လက်ရှိမေးနေသည့် အလင်္ကာ မေးခွန်းတွင် ဝေါဟာရများကို အလင်္ကာအမျိုးအမည်ဖော်ပြလျက်ပေးထားပြီး သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း မေးပါသည်။ ပြောင်းလဲမည့် မေးခွန်းပုံစံတွင် အလင်္ကာအမျိုးအမည်ကို မဖော်ပြတော့ဘဲ ပေးထားသော ဝေါဟာရအသုံးအနှုန်းကို အလင်္ကာအမျိုးအစား ဖော်ပြစေခြင်းနှင့် အဘယ့်ကြောင့် ထိုအလင်္ကာ မြောက်ကြောင်း ဖော်ပြစေခြင်းတို့ကို မေးမြန်းပါမည်။ ဖြေဆိုရာတွင် ပုံစံတစ်မျိုးမျိုးကို သတ်မှတ် ဖြေဆိုစေခြင်းထက် ကျောင်းသူ ကျောင်းသားတို့၏ အမှန်တကယ်နားလည် ဖြေဆိုနိုင်သည့် ဖြေဆိုချက် အပေါ်တွင်သာ အကဲဖြတ် အမှတ်ပေးသွားမည် ဖြစ်ပါသည်။ ပေးထားသောဝေါဟာရ အရေအတွက်ကိုလည်း ၈ ခု မှ ၇ ခု သို့ ပြောင်းလဲ သတ်မှတ်ထားပါသည်။

ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံအရ မေးခွန်းနံပါတ် ၂ ဝေါဟာရများကို လေ့လာရာတွင် ပြဋ္ဌာန်းစာအုပ်များမှ ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို သိရှိစေခြင်း၊ မြန်မာဝေါဟာရတို့၏ စာလုံးပေါင်းသတ်ပုံမှန်ကန်မှုကို အလေးထားလာစေခြင်း၊ အလင်္ကာကို အလွတ်ကျက်မှတ်ခြင်းထက် အလင်္ကာ၏ သဘောသဘာဝ နားလည်သဘောပေါက်စွာဖြေဆိုနိုင်မှုကို ဦးတည်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

**မေးခွန်း နံပါတ် ၃** တွင် မေးခွန်း ပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ ပုဒ်ရေ အပြောင်းအလဲ မရှိပါ။

နံပါတ် ၃။ (က) မှာ ကဗျာမေးခွန်းတို ဖြစ်ပါသည်။ မေးခွန်းပုံစံအပြောင်းအလဲမရှိသော်လည်း မေးမည့်မေးခွန်းကို ပိုမိုကျယ်ပြန့်စေရန် ပြင်ဆင်ထားပါသည်။ ကဗျာစာသားကောက်နုတ်ချက် အတိုကို ပေးထားပြီး ဆိုလိုရင်းရေးသားစေသည့် မေးခွန်းမျိုး တိုးချဲ့မေးမြန်းသွားမည် ဖြစ်ပါသည်။ ဖြေဆိုရန်မေးထားသည့် ပုဒ်ရေ အရေအတွက်ကို ၈ ပုဒ်မှ ၇ ပုဒ်သို့ ပြောင်းလဲသတ်မှတ်ပါသည်။ ကဗျာမေးခွန်းတိုများကို မေးခွန်း ပိုမိုကျယ်ပြန့်လာစေခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ ကဗျာလေ့လာမှုကိုလည်း ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ပါသည်။ ရွေးချယ်ရန် ပုဒ်ရေကို လျှော့ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ပိုမိုကြိုးစားလိုစိတ်ဖြစ်လာစေပါမည်။ နံပါတ် ၃။ (ခ) ကဗျာ မေးခွန်းရှည် ဖြစ်ပါသည်။ အပြောင်းအလဲမရှိပါ။ ဤမေးခွန်းသည် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြ စွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏ တစ်ဝက် စစ်ဆေးအကဲ ဖြတ်သည့် မေးခွန်းဖြစ်ပါသည်။

**မေးခွန်း နံပါတ် ၄** တွင် မေးခွန်း ပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ ပုဒ်ရေ အပြောင်းအလဲ မရှိပါ။

**အပြောင်းအလဲ မရှိပါ**

နံပါတ် ၄။ (က) မှာ စကားပြေမေးခွန်းတို ဖြစ်ပါသည်။ မေးခွန်းပုံစံလည်း အပြောင်းအလဲမရှိပါ။ သို့ရာတွင် ဖြေဆိုရန် မေးထားသည့် ပုဒ်ရေ အရေအတွက်ကို ၈ ပုဒ်မှ ၇ ပုဒ်သို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ မေးခွန်းနံပါတ် ၄။ (ခ) သည် စကားပြေ မေးခွန်းရှည်ဖြစ်ပါသည်။ အပြောင်းအလဲ မရှိပါ။ စကားပြေ မေးခွန်းရှည်သည်လည်း ကဗျာမေးခွန်းရှည် ကဲ့သို့ပင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြ စွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် စစ်ဆေး အကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။

**ပိုမိုရှင်းလင်းပြတ်သား**

**မေးခွန်းနံပါတ် ၅** တွင် မေးခွန်း ပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ ပုဒ်ရေ အပြောင်းအလဲ မရှိပါ။ နံပါတ် ၅။ (က) သည် ရေသည် ပြဇာတ်စကားစပ်မေးခွန်း ဖြစ်ပါသည်။ ယခင် ၇ မှတ်ပေးသည့် မေးခွန်းပုံစံအစား ၅ မှတ် ပေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲ သတ်မှတ်ထားပါသည်။ ဖြေဆိုရာတွင် စကားစပ်ဆိုင်ရာ အချက် ၆ ချက်အတွက် ၃ မှတ်၊ ဆိုလိုရင်းကိုရှင်းလင်းရေးသား ဖြေဆိုခြင်းအတွက် ၂ မှတ် သတ်မှတ်ထားရာ ဖြေဆိုရသည့် အချက်အလက်နှင့် အမှတ်ခွဲဝေမှုမှာ ပိုမိုရှင်းလင်းပြတ်သားလာမည် ဖြစ်ပါသည်။

**ထည့်သွင်းမေးမြန်းသွားမည်**

မေးခွန်း နံပါတ် ၅။ (ခ) သည် ရေသည်ပြဇာတ် မေးခွန်းရှည် ဖြစ်ပါသည်။ လက်ရှိမေးခွန်းတွင် အကြောင်းအရာပိုင်းကိုသာမေးပြီး ပေးမှတ်မှာ ၈ မှတ် ဖြစ်ပါသည်။ ပြောင်းလဲမည့် မေးခွန်း ပုံစံတွင် ပြဇာတ်အကြောင်းအရာတစ်ပုဒ်နှင့် ပြဇာတ်အတတ်ပညာ၊ အရေးအသားတစ်ပုဒ် မေးမြန်းပြီး နှစ်သက်ရာကို ရွေးချယ်ဖြေဆိုစေမည်ဖြစ်ပါသည်။ ပေးမှတ်ကိုလည်း ၈ မှတ် အစား ၁၀ မှတ်သို့ ပြောင်းလဲသတ်မှတ်ပါမည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်လေ့လာရာတွင် ပြဇာတ်၏ အရေးအသား အတင်အပြနှင့် ပြဇာတ်ဖန်တီးမှု အတတ်ပညာတို့ကိုလည်း မလွဲမသွေ လေ့လာဆည်းပူးသင့်သည်ဖြစ်ရာ အတတ်ပညာနှင့် အရေးအသားတို့ကိုလည်း ပြဇာတ်မေးခွန်းတွင် ထည့်သွင်းမေးမြန်းသွားမည်ဖြစ်ပါသည်။

ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံအရ မေးခွန်းနံပါတ်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၅ (ခ) ရေသည်ပြဇာတ်မေးခွန်းရှည်တွင် ပြဇာတ်၏ အကြောင်းအရာသာမက ပြဇာတ်စာပေ၏ သဘောလက္ခဏာများ၊ ပြဇာတ်ဖန်တီးမှု အတတ်ပညာများကို ကျောင်းသား ကျောင်းသူများ ပိုမိုနားလည်သိရှိလာစေမည်ဖြစ်ပြီး ပြဇာတ်လေ့လာရာတွင် ပိုမိုစိတ်ဝင်စားလာမည်ဖြစ်ပါသည်။ ရေသည်ပြဇာတ်မေးခွန်းရှည်၏ သဘောသဘာဝသည်လည်း ကဗျာမေးခွန်းရှည်နှင့် စကားပြေမေးခွန်းရှည်တို့ကဲ့သို့ပင် လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျ ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။

**မေးခွန်း နံပါတ် ၆** သည် ယခင်ကစာစီစာကုံးတစ်မျိုးတည်းကိုသာ ဖြေဆိုရသည့် မေးခွန်း ဖြစ်ပါသည်။ ပေးမှတ်မှာ အမှတ် ၂၀ ဖြစ်ပါသည်။ ၃ ပုဒ် မေး၍ ၁ ပုဒ် ဖြေဆိုရပါသည်။

**ပြောင်းလဲမည့် မေးခွန်းပုံစံ**

ပြောင်းလဲမည့် မေးခွန်းပုံစံတွင် မေးခွန်းနံပါတ် ၆ ကို (က) နှင့် (ခ) ခွဲ၍ မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်အဖြစ် ပြင်ဆင်ထားပါသည်။ ၆။ (က) ကို ၁၀ မှတ်ပေးသည့် စာစီစာကုံး မေးခွန်းအဖြစ် လည်းကောင်း၊ ၆။ (ခ) ကို အဆိုတစ်ခု ဆွေးနွေးစေသည့် ၁၀ မှတ်ပေးသော မေးခွန်းအဖြစ် လည်းကောင်း ပြောင်းလဲထားပါသည်။

ယခင်က နံပါတ် ၆ စာစီစာကုံးမေးခွန်းတွင် သုံးပုဒ်ပေး တစ်ပုဒ်ဖြေ သတ်မှတ်ခဲ့သော်လည်း ယခု ပြောင်းလဲ ထားသည့် မေးခွန်းပုံစံ ၆။ (က) တွင် နှစ်ပုဒ်ပေး တစ်ပုဒ်ဖြေအဖြစ် လည်းကောင်း၊ ပုံကြမ်းအချက်အလက်ကို ယခုပုံစံတွင် အချက်ငါးချက်သာပေး၍ အချက်တစ်ချက် နှစ်မှတ်နှုန်းဖြင့် ဖြေဆိုစေရန် လည်းကောင်း၊ စာစီစာကုံးပေးမှတ်ကို အမှတ် ၂၀ အစား ၁၀ မှတ်သို့လည်းကောင်း ပြောင်းလဲသတ်မှတ်ပါသည်။ မေးထားသည့် ပုံကြမ်းအချက်အလက်များကို မိမိ၏ ကိုယ်ပိုင် စိတ်ကူးစိတ်သန်းဖြင့် ရေးသားဖြေဆိုရမည် ဖြစ်ပါသည်။ ပုံကြမ်း အချက်အလက်ကို အခြေခံကာ မိမိစိတ်ကူးစိတ်သန်းဖြင့် ရေးသားရမည် ဖြစ်ရာ ပုံကြမ်းအချက်အလက်များကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရရှိနိုင်သည့် ပုံစံသို့ပြောင်းလဲထားခြင်း ဖြစ်ပါသည်။ ပေးထားသည့် စာစီစာကုံးနှစ်ပုဒ်တွင် သရုပ်ဖော်နှင့် ဖြစ်စဉ်ပြရေးနည်းကို အခြေခံသည့် ခေါင်းစဉ်တစ်ပုဒ်နှင့် ကြောင်းကျိုးပြနှင့် ဖွင့်ဆိုရှင်းပြ ရေးနည်းကိုအခြေခံသည့် ခေါင်းစဉ်တစ်ပုဒ်ကို မျှ၍ ပေးထားမည် ဖြစ်ပါသည်။

**ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ်**

၆။ (ခ) သည် အသစ်ဖြည့်စွက် ထည့်သွင်းထားသော မေးခွန်းဖြစ်ပါသည်။ ပေးထားသော အဆိုတစ်ရပ်ကို ဆွေးနွေးစေသောမေးခွန်းသည် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင် စဉ်းစားဉာဏ်၊ အတွေးအခေါ်၊ ပင်ကိုအရည်အသွေး ဖော်ထုတ်ပြသနိုင်သော မေးခွန်းပုံစံဖြစ်ပါသည်။ ဖြေဆိုရာတွင် စာဟန် အရေးအသားဖြင့်သာ ဆွေးနွေးတင်ပြကာ ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင် ကောင်းသလောက်၊ အရေးအသားအတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရရှိနိုင်မည့် မေးခွန်း ဖြစ်ပါသည်။ ပေးထားသောအဆိုမှာလည်း ကျောင်းသား ကျောင်းသူအားလုံး ရင်းနှီးကျွမ်းဝင်မည့် ယေဘုယျကျသော အဆိုမျိုးကိုသာ ပေးထားမည်ဖြစ်ပါသည်။ သာဓကအားဖြင့်- "နွေရာသီသည် ဆောင်းရာသီထက် ပို၍ သာယာလှပသည်"၊

"ကွန်ပျူတာကို အလွန်အကျွံအသုံးပြုခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည်"၊ "ရေဒီယိုနားထောင်ခြင်းသည် သတင်းစာဖတ်ခြင်းထက် ပို၍အကျိုးရှိသည်" စသည့်အကြောင်းအရာမျိုးဖြစ်ပါသည်။ အဆိုကို မှန်သည်မှားသည် အဆုံးဖြတ် ပေးစေခြင်းမျိုးမဟုတ်ဘဲ မိမိအမြင်အတိုင်း၊ မိမိထင်မြင်ယူဆချက်အတိုင်းထောက်ခံ၍ ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ အကျိုးသင့် အကြောင်းသင့် ဆွေးနွေးတင်ပြရန် ဖြစ်ပါသည်။

**အားပြုဖြေဆိုလျက်ရှိကြ**

ယခင် နံပါတ် ၆ စာစီစာကုံး မေးခွန်းသည် အမှတ် ၂၀ ပေးထားရာ ပေးမှတ်များပြားသည့်အလျောက် စစ်ဆေးအကဲဖြတ်ရာတွင် အမှတ်ကွာဟချက်ကို ကြီးမားစေပါသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ်ပိုင်ရေးသားတင်ပြမှုထက် အလွတ်ကျက်မှတ်မှုကိုသာ အားပြုဖြေဆိုလျက်ရှိကြပါသည်။ ပေးထားသော ပုံကြမ်းအချက်အလက်နှင့် ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ အလွတ်ကျက်မှတ်ထားသည်ကို များများရေးနိုင်လျှင် အမှတ်များများ ရနိုင်သည်ဟု ထင်မြင်ယူဆလျက်ရှိကြသည့်အလျောက် ဤမေးခွန်းပုံစံသည် ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုရန် အားသန်သည့် မေးခွန်းပုံစံဖြစ်နေပါသည်။ ဤမေးခွန်းပုံစံကို လျှော့ချ၍ ပုံကြမ်းပါ အချက်အလက် ၅ ချက်ကိုသာ အခြေခံပြီး ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်အတင်အပြဖြင့် တိတိကျကျ ဖြေဆိုနိုင်မည့် စာစီစာကုံးမေးခွန်းနှင့် ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းဖြင့် ဖြေဆိုနိုင်မည့်အဆို ဆွေးနွေးသည့် မေးခွန်းကို ဖြည့်စွက်လိုက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

**အလွတ်ကျက်မှတ်ဖြေဆိုနိုင်မည့် ရာခိုင်နှုန်း**

ယခု ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံသည် အလွတ်ကျက်မှတ်သည့် မေးခွန်းပုံစံထက် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်အတွေးအခေါ်နှင့် တစ်နှစ်ပတ်လုံး ပုံမှန်လေ့လာ သင်ယူလေ့ကျင့်မှုအပေါ်တွင် အားပြုဖြေဆိုနိုင်မည့် မေးခွန်းပုံစံသို့ ပြောင်းလဲထားပါသည်။ ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာရပ်ကို ကောင်းစွာနားလည်သဘောပေါက်ပြီး မှန်ကန်စွာ လက်တွေ့ရေးသားအသုံးပြုနိုင်သည့် မေးခွန်းပုံစံသို့ ပြောင်းလဲထားသည့်အလျောက် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် မြန်မာစာ မှန်ကန်စွာရေးသားအသုံးပြုနိုင်မှုအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

ယခုမေးခွန်းပုံစံတွင် ကျောင်းသား ကျောင်းသူများ အလွတ် ကျက်မှတ်ဖြေဆိုနိုင်မည့်ရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်း၊ ကျောင်းသား ကျောင်းသူများ တစ်နှစ်ပတ်လုံး လေ့လာ ဆည်းပူးမှုမှရရှိထားသည့် မြန်မာစာဆိုင်ရာအသိပညာနှင့် ကိုယ်ပိုင်တွေးခေါ် စဉ်းစားမှု၊ ကိုယ်ပိုင်အရေးအသားအတင်အပြစွမ်းရည်တို့ဖြင့် ဖြေဆိုရမည့် ရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်းတို့ဖြင့် အချိုးညီမျှစွာ ဖွဲ့စည်းထားပါသည်။

**အမှတ်ခွဲဝေမှုစနစ်**

ပြောင်းလဲအသုံးပြုမည့်မေးခွန်းပုံစံသစ်သည် ယခင်အသုံးပြုခဲ့သည့် မေးခွန်းပုံစံ၏အားသာချက် အားနည်းချက်များ၊ ကျောင်းသူကျောင်းသားတို့၏ အားသာချက် အားနည်းချက်များ၊ သင်ကြားပို့ချလျက်ရှိကြသည့် ဆရာဆရာမတို့၏ ထိရောက်စွာ သင်ကြားနိုင်ရေး၊ မြန်မာစာဘာသာရပ်၏ သဘောသဘာဝနှင့် အနှစ်သာရ၊ စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူတို့ နစ်နာမှုမရှိစေရေး စသည့် ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ကာ ပြုပြင်ပြောင်းလဲထားခြင်းဖြစ်ရာ လေ့လာသင်ယူလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၊ သင်ကြားသည့် ဆရာ ဆရာမများအတွက် အကျိုးဖြစ်ထွန်းစေမည်သာမက စစ်ဆေးအကဲဖြတ်ရာတွင် အမှတ်ခွဲဝေမှုစနစ် ပို၍ ရှင်းလင်းပြတ်သားတိကျမှု ရှိလာမည်ဖြစ်ပါသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်နိုင်စွမ်းထက်မြက်လာမှု၊ မြန်မာစာ ထိရောက်မှန်ကန်စွာ ရေးသားအသုံးချနိုင်မှု စသည့် လက်တွေ့ဘဝအတွက် ပိုမိုအသုံးဝင်မည့် သင်ကြား သင်ယူမှု အခြေအနေများ တိုးတက်ဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**၂၀၁၉ ခုနှစ် မတ်လတွင် စတင်အသုံးပြုမည့် တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံသစ်နှင့် ၂၀၁၈ ခုနှစ်အထိ ကျင့်သုံးလျက်ရှိသည့် မေးခွန်းပုံစံတို့ နှိုင်းယှဉ်ဇယား**

| လက်ရှိမေးခွန်းပုံစံ | | | မေးခွန်းပုံစံသစ် | | |
|---|---|---|---|---|---|
| မေးခွန်း နံပါတ် | သင်ခန်းစာ | ပေးမှတ် | မေးခွန်း နံပါတ် | သင်ခန်းစာ | ပေးမှတ် |
| ၁။ (က) | သဒ္ဒါအဓိပ္ပာယ် ဖွင့်ဆိုချက်<br>၅ ခုမေး ၁ ခုဖြေ၊ | (၅ မှတ်)<br>(၂၅မှတ်ဖိုးမေး) | ၁။ (က) | သဒ္ဒါအဓိပ္ပာယ် ဖွင့်ဆိုချက်<br>၃ ခုမေး ၁ ခုဖြေ၊ | (၅ မှတ်)<br>(၁၅မှတ်ဖိုးမေး) |
| (ခ) | ပေးထားသောစကားလုံးများကို သဒ္ဒါအမျိုးအစား ဖော်ပြစေခြင်း။<br>၆ ခုမေး ၄ ခုဖြေ၊ | (၄ မှတ်)<br>(၆မှတ်ဖိုးမေး) | (ခ) | သဒ္ဒါလေ့ကျင့်ခန်းအမျိုးမျိုး သာဓက -<br>ပေးထားသော စကားလုံးကို ဝါကျတစ်ခုစီတွင် အသုံးပြုပြီး သဒ္ဒါအမျိုးအစား ဖော်ပြစေခြင်း။<br>၇ ခုမေး ၅ ခုဖြေ၊ | (၁၀ မှတ်)<br>(၁၄မှတ်ဖိုးမေး) |
| (ဂ) | သဒ္ဒါစကားလုံးကို ဝါကျဖွဲ့ခိုင်းခြင်း။<br>၅ ခုမေး ၃ ခုဖြေ၊ | (၆ မှတ်)<br>(၁၀မှတ်ဖိုးမေး) | | | |
| ၂။ (က) | ပြဋ္ဌာန်းစာပါဝေါဟာရများကို ခက်ဆစ်ဖွင့်ဆိုခြင်း။<br>၈ ခုမေး ၅ ခုဖြေ၊ | (၅ မှတ်)<br>(၈မှတ်ဖိုးမေး) | ၂။ (က) | ပြဋ္ဌာန်းစာပါဝေါဟာရများကို ခက်ဆစ်ဖွင့်ဆိုခြင်း။<br>၇ ခုမေး ၅ ခုဖြေ၊ | (၅ မှတ်)<br>(၇မှတ်ဖိုးမေး) |
| (ခ) | ပြဋ္ဌာန်းစာပါ ခေတ်သုံးဝေါဟာရများကို ဝါကျအသီးသီးတွင် အသုံးပြုစေခြင်း။<br>၈ ခုမေး ၅ ခုဖြေ၊ | (၅ မှတ်)<br>(၈ မှတ်ဖိုးမေး) | (ခ) | ပြဋ္ဌာန်းစာပါဝေါဟာရများကို စာလုံးပေါင်းအမှားအမှန် ရွေးချယ်ခြင်း။<br>၅ ခုမေး ၅ ခုဖြေ၊ | (၅ မှတ်)<br>(၅မှတ်ဖိုးမေး) |
| (ဂ) | အလင်္ကာ<br>- အလင်္ကာအမျိုးအစား ဖော်ပြထားသော ဝေါဟာရကို မည်သည့်သင်ခန်းစာတွင် မည်သို့သုံးထားကြောင်း၊ အဘယ်ကြောင့် ဤအလင်္ကာမြောက်ကြောင်း ရှင်းပြစေခြင်း။<br>မှတ်ချက်။ ။ အလင်္ကာ အမျိုးအစား ပေးထားသည့်အတွက် ကျောင်းသူကျောင်းသားက စဉ်းစားရန် မလိုဘဲမည်သည့် သင်ခန်းစာတွင် မည်သို့သုံးထားသောကြောင့် ဤအလင်္ကာ မြောက်ကြောင်းကို ရှင်းပြရသည့်အတွက် အလွတ်ကျက်မှတ်မှုကို အားပေးသကဲ့သို့ဖြစ်နေပါသည်၊<br>၈ ခု မေး ၅ ခု ဖြေ၊ | (၁၀ မှတ်)<br>(၁၆မှတ်ဖိုးမေး) | (ဂ) | အလင်္ကာ<br>- အလင်္ကာအမျိုးအစားဖော်ပြစေခြင်း<br>- မည်သည့်သင်ခန်းစာတွင်မည်သို့သုံးထားသည့်အတွက်ဤအလင်္ကာမြောက်ကြောင်းရှင်းပြခြင်း။<br>မှတ်ချက်။ ။ အလင်္ကာ အမျိုးအစား မပေးထားတော့ဘဲ ကျောင်းသူကျောင်းသားက စဉ်းစားဖြေဆိုရပါမည်၊ မည်သည့်အလင်္ကာဖြစ်ကြောင်း နားလည်သဘောပေါက်ပါက မည်သည့်သင်ခန်းစာ တွင် မည်သို့သုံးထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်း ဆက်စပ်တွေးခေါ်ကာ ဆက်လက်ရှင်းပြနိုင်မည် ဖြစ်ပါသည်၊<br>၇ ခု မေး ၅ ခု ဖြေ၊ | (၁၀ မှတ်)<br>(၁၄မှတ်ဖိုးမေး) |
| ၃။ (က) | ကဗျာမေးခွန်းတို<br>၈ ပုဒ် မေး ၅ ပုဒ် ဖြေ၊ | (၅ မှတ်)<br>(၈မှတ်ဖိုးမေး) | ၃။ (က) | ကဗျာမေးခွန်းတို<br>၇ ပုဒ် မေး ၅ ပုဒ်ဖြေ၊ | (၅ မှတ်)<br>(၇မှတ်ဖိုးမေး) |
| (ခ) | ကဗျာမေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား<br>၂ ပုဒ်မေး ၁ပုဒ် ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) | (ခ) | ကဗျာမေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား<br>၂ ပုဒ်မေး ၁ပုဒ် ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) |
| ၄။ (က) | စကားပြေမေးခွန်းတို<br>၈ ပုဒ် မေး ၅ ပုဒ် ဖြေ၊ | (၅ မှတ်)<br>(၈မှတ်ဖိုးမေး) | ၄။ (က) | စကားပြေမေးခွန်းတို<br>၇ ပုဒ် မေး ၅ ပုဒ်ဖြေ၊ | (၅ မှတ်)<br>(၇မှတ်ဖိုးမေး) |
| (ခ) | စကားပြေမေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား<br>၂ ပုဒ်မေး ၁ ပုဒ်ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) | (ခ) | စကားပြေမေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား<br>၂ ပုဒ်မေး ၁ ပုဒ်ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) |
| ၅။ (က) | ရေသည်ပြဇာတ်စကားစပ် | (၇ မှတ်)<br>(၇ မှတ်ဖိုးမေး) | ၅။ (က) | ရေသည်ပြဇာတ်မှ အဖွဲ့အနွဲ့ကောက်နုတ်ချက်ကို ဆိုလိုရင်း ဖြေဆိုစေခြင်း။ | (၅ မှတ်)<br>(၅မှတ်ဖိုးမေး) |
| (ခ) | ရေသည်ပြဇာတ်မေးခွန်းရှည်<br>- အကြောင်းအရာ<br>မှတ်ချက်။ ။အကြောင်းအရာပိုင်းကိုသာမေးပါသည်၊ ၈ မှတ်ပေးပါသည်၊<br>၂ ပုဒ် မေး ၁ ပုဒ် ဖြေ၊ | (၈ မှတ်)<br>(၁၆မှတ်ဖိုးမေး) | (ခ) | ရေသည်ပြဇာတ်မေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား/အတတ်ပညာ<br>မှတ်ချက်။ ။ အကြောင်းအရာပိုင်းနှင့် အရေးအသားပိုင်းကို တစ်ပုဒ်စီမေး ပြီး နှစ်သက်ရာ တစ်ပုဒ် ဖြေဆိုစေပါမည်၊ ၁၀ မှတ်ပေးပါမည်၊<br>၂ ပုဒ် မေး ၁ ပုဒ် ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) |
| ၆။ | စာစီစာကုံး<br>- သရုပ်ဖော်<br>- ဖြစ်စဉ်ပြ<br>- ကျိုးကြောင်းပြ<br>- ဖွင့်ဆိုရှင်း<br>၃ ပုဒ် မေး ၁ ပုဒ် ဖြေ၊ | (၂၀ မှတ်)<br>(၆၀မှတ်ဖိုးမေး) | ၆။ (က)<br>(ခ) | စာစီစာကုံး<br>- သရုပ်ဖော်/ဖြစ်စဉ်ပြ<br>- ကျိုးကြောင်းပြ/ဖွင့်ဆိုရှင်း<br>၂ ပုဒ် မေး ၁ ပုဒ်ဖြေ၊<br>(အချက်အလက် ၅ ချက်)<br>အဆိုဆွေးနွေးခြင်း<br>၂ ပုဒ်မေး ၁ ပုဒ်ဖြေ<br>၂ ပုဒ် မေး ၁ ပုဒ်ဖြေ၊ | (၁၀ မှတ်)<br>(၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) |
| | စုစုပေါင်းမေးအမှတ်ပေါင်း | ၂၁၂ | | | ၁၇၄ |

# လှိုင်သာယာမြို့နယ်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနား အလုပ်သမား ငါးထောင်ကျော် ချီတက်လမ်းလျှောက်

**ရန်ကုန် မေ ၁**

လှိုင်သာယာမြို့နယ်တွင် ယနေ့ နံနက်ပိုင်းက ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အခမ်းအနားကျင်းပရာနေရာသို့ အလုပ်သမားငါးထောင်ကျော် ချီတက်လမ်းလျှောက်ကြသည်။

စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ငါးထောင်ကျော်သည် ယနေ့ နံနက် ၇ နာရီခန့်က အဆိုပါ မြို့နယ်အတွင်းရှိ နဝဒေး မှတ်တိုင်အနီး၌ စတင်စုဝေးကာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကျင်းပမည့် လှိုင်သာယာမြို့နယ် မိုးလုံလေလုံ အားကစားရုံဝင်းအတွင်းသို့ သက်ဆိုင်ရာကဏ္ဍအလိုက် သမဂ္ဂအလံများကို ကိုင်ဆောင်ကာ ချီတက်လမ်းလျှောက်ကြသည်။

ထို့နောက် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကိုစတင်ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ အလုပ်သမားနေ့ သဝဏ်လွှာအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဖတ်ကြားသည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရန်ကုန်ရုံးချုပ် ဆက်ဆံရေးအရာရှိ မစ္စတာရိုရီမန်ဂိုဗန် ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (CTUM) ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားသွေးစည်းညီညွတ်ရေးအတွက် ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အမှာစကား အသီးသီး ပြောကြားကြသည်။



အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ CTUM ဥက္ကဋ္ဌ ဦးမောင်မောင်က "အလုပ်သမားတွေဆိုတာ ရရှိပြီးသား အခွင့်အရေးတွေနဲ့ ကျေနပ်လို့ မရဘူး၊ ပြောင်းလဲနေတဲ့ လုပ်ငန်းသဘောတရားအရဆိုရင် အလုပ်ချိန်ဟာ တစ်ခုနဲ့တစ်ခု တူညီမှုမရှိတာမျိုးတွေ ရှိပါတယ်၊ အဲဒါမျိုးတွေကိုပြင်ဆင်ဖို့ လိုမယ်၊ ကျွန်တော်တို့ဟာ အမြဲတမ်းရှန်းကန်လှုပ်ရှားနေရမယ်ဆိုတာကို သတိပေးတဲ့အနေနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

လှိုင်သာယာမြို့နယ်ရှိ SJY ဖိနပ်စက်ရုံမှ အလုပ်သမား မဇင်မာစိုးက "တစ်နှစ်တစ်ခါလုပ်တဲ့ပွဲမှာ အလုပ်သမားတစ်ယောက်အနေနဲ့ ပါဝင်ပြီး အလုပ်သမားထုအင်အားပြသခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်၊ အခုလို လုပ်တဲ့အတွက်ကြောင့် အလုပ်သမားတွေ တစ်ဦးနဲ့တစ်ဦး ရင်းနှီးလာကြမယ်၊ စိတ်ဓာတ်တွေ တက်ကြွလာမယ်၊ စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်မျိုးတွေအပြင် အလုပ်နဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ ဗဟုသုတတွေလည်း အများကြီးရရှိပါတယ်၊ အခုဆိုရင် တိုင်းပြည်က အရင်ကထက် အများကြီး ပွင့်လင်းမြင်သာလာတယ်၊ အနည်းဆုံးလုပ်ခလစာကို ဒီထက်ပိုရဖို့ မျှော်လင့်နေတဲ့ အလုပ်သမားအများ ကြီးရှိပါတယ်၊ မြန်မာနိုင်ငံရဲ့ အလုပ်သမားတွေရဲ့အားနဲ့ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ တစ်ထောင့်တစ်နေရာက အထောက်အကူပြုနိုင်ဖို့ မျှော်လင့်ထားပါတယ်" ဟု ပြောသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) က ကြီးမှူး၍ ခြောက်ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ပြီး အနုပညာရှင်များ၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များ၏ သီဆိုဖျော်ဖြေမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

ထို့အပြင် အလုပ်သမားဥပဒေဆိုင်ရာ အသိပညာပေးပြခန်းများ၊ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်အကြောင်းအရာ၊ အဓမ္မလုပ်အားစေခိုင်းမှု ပပျောက်ရေး၊ အမျိုးသမီး အကြမ်းဖက်မှု ကာကွယ်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး၊ စိုက်ပျိုးရေးတို့နှင့် ပတ်သက်သည့် အသိပညာပေးပြခန်းများကိုလည်း ဖွင့်လှစ်ပြသခဲ့သည်။

ယနေ့ အခမ်းအနားတွင် CTUM အနေဖြင့် "ထိရောက်သောလုပ်သားဈေးကွက် စီမံခန့်ခွဲမှုမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဆီသို့" ခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ် မေဒေးနေ့ ထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# မြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့ကို စတင်ဖွဲ့စည်း

ရန်ကုန် မေ ၁

**မြန်မာအမျိုးသားလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့ နှစ်ဖက်အကျိုးတူပူးပေါင်း၍ မြန်မာအမျိုးသား လေကြောင်းလိုင်းများအဖွဲ့ကို ပြီး ၃၀ ရက်က စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း သိရသည်။**

မြန်မာအမျိုးသားလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့သည် မေ ၁၀ ရက်မှစတင်၍ ရန်ကုန်၊ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ မြစ်ကြီးနား၊ စစ်တွေ၊ ထားဝယ်၊ လားရှိုး၊ တာချီလိတ်၊ မုံရွာ၊ ဟုမ္မလင်း၊ ခန္တီး၊ ကလေး အစရှိသော မြို့များသို့ နှစ်ဖက်အကျိုးတူ ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားပြည်သူများအတွက် ရွေးချယ်စရာ ခရီးစဉ်အချိန်နှင့် အရေအတွက်များ ပိုမိုများပြားလာစေရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွဲ့စည်းခဲ့သော မြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့မှ လေယာဉ်များ ပျံသန်းပြေးဆွဲရာတွင် မြန်မာ့လေကြောင်းမှ ART – 72 လေယာဉ် နှစ်စင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းမှ ART – 72 လေယာဉ် နှစ်စင်း စုစုပေါင်း လေယာဉ်လေးစင်းဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့ကို စတင်ဖွဲ့စည်းသည့် အခမ်းအနား၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မီဒီယာများနှင့် တွေ့ဆုံပြောကြားရာတွင် "ကျွန်တော်တို့ရဲ့လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ အများကြီးအားနည်းနေသေးတယ်၊ အားနည်းနေတဲ့အချိန်မှာ အခုလိုအားလုံးပူးပေါင်း ဆောင်ရွက်ခဲ့ရင် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍဟာ တိုးတက်လာမှာပေါ့၊ ဈေးကွက်ကျဉ်းကျဉ်းလေးထဲမှာ လေကြောင်းလိုင်း ၁၁ လိုင်း ပြည်တွင်းမှာ ပြိုင်နေတယ်ဆိုတာဟာ လုံးဝမဖြစ်သင့်တဲ့ဟာပေါ့၊ အဲဒီတော့ အားလုံးပေါင်းလိုက်ရင် ကျွန်တော်တို့ အားရှိလာမှာပေါ့" ဟု ပြောကြားသည်။ **(ယာပုံ)**




၁၉၄၈ ခုနှစ်တွင် နိုင်ငံတော်ပိုင်လေကြောင်းအဖြစ် စတင်တည်ထောင်ခဲ့သော မြန်မာ့လေကြောင်းသည် ယခုအခါ ပြည်တွင်း ၂၈ မြို့အား ပျံသန်းလျက်ရှိပြီး စင်ကာပူ၊ ဟောင်ကောင်၊ ဗန်ကောက်၊ ချင်းမိုင်နှင့် ဖူးခက် အစရှိသော မြို့များသို့ ပြည်ပခရီးစဉ်အဖြစ် ပျံသန်းလျက်ရှိသည်။ ၂၀၁၃ ခုနှစ်တွင် ပုဂ္ဂလိကပိုင်လေကြောင်းအဖြစ် စတင်တည်ထောင်ခဲ့သော မန်းရတနာပုံလေကြောင်းလိုင်းသည် လက်ရှိအချိန်တွင် ပြည်တွင်း ၁၄ မြို့သို့ ပျံသန်းလျက်ရှိကြောင်း သိရသည်။

**သတင်း - ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - အေးကေလင်း**

# လှိုင်သာယာစက်မှုဇုန်နယ်မြေတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်နှင့်ထိစပ်နေသော အောင်မြေသာယာ အားကစားကွင်းတွင် ယနေ့ နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကို ကျင်းပရာ လှိုင်သာယာနှင့် ရွှေလင်ဗန်းစက်မှုဇုန်တို့မှ စက်ရုံ၊ အလုပ်ရုံ လုပ်သား ၁၅၀၀ ကျော် တက်ရောက်အားပေးကြသည်။** (အောက်ပုံ)



"အခုလို မေလ ၁ ရက်နေ့ အလုပ်သမားနေ့မှာ ကျွန်တော်တို့ ဒီအခမ်းအနားကို ကျင်းပရတာကတော့ အလုပ်သမားတွေရဲ့ သမိုင်းကြောင်းကို အမြဲတမ်း အမှတ်ရနေစေဖို့၊ အလုပ်သမားတွေ ခေတ်စနစ်ရဲ့လိုက်လျောညီထွေတဲ့လူနေမှုဘဝတွေ မြင့်မားလာဖို့၊ စည်းလုံးညီညွတ်ပြီး အလုပ်သမားထုတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ အလုပ်သမားသမဂ္ဂတွေ ပေါ်ထွက်လာဖို့၊ အလုပ်သမားတွေရဲ့ဘဝကိုနိုင်ငံတော်အစိုးရအပါအဝင် အလုပ်ရှင်တွေကလည်း နားလည်နိုင်စေဖို့နဲ့ အလုပ်သမားအချင်းချင်းလည်း သွေးစည်းညီညွတ်ကြစေဖို့အတွက် ဒီအခမ်းအနားတွေကို ကျင်းပရတာပါ" ဟုအခမ်းအနားဖြစ်မြောက်ရေးကော်မတီမှ ဦးကျော်ဇေယျက ပြောသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အလုပ်သမားအခွင့်အရေးအတွက် ကိုယ်ကျိုးစွန့်ကာ အနစ်နာခံတိုက်ပွဲဝင်ခဲ့ကြသော နိုင်ငံတကာမှ အလုပ်သမားခေါင်းဆောင်ကြီးများနှင့် မြန်မာပြည်က အလုပ်သမားခေါင်းဆောင်ကြီးများအား ဂုဏ်ပြုသောအားဖြင့် တက်ရောက်လာကြသော အလုပ်သမားများက တစ်မိနစ်ခန့် ငြိမ်သက်ကာ ဂါရဝပြုကြသည်။ ထို့နောက် အခမ်းအနားဖြစ်မြောက်ရေးကော်မတီဝင်များက အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ (မေဒေးနေ့) အခမ်းအနား ကျင်းပရခြင်းအကြောင်း ပြောကြားခြင်း၊ မေဒေးနေ့ဖြစ်ပေါ် လာပုံသမိုင်းကြောင်းနှင့် မြန်မာနိုင်ငံတွင် နှစ်စဉ်မပျက် ကျင်းပလာပုံသမိုင်းကြောင်းများအား ရှင်းလင်းပြောကြားကြသည်။

**အလုပ်သမားနေ့ ကြွေးကြော်သံ**

ယခု ၂၀၁၈ ခုနှစ်အတွက် ကျင်းပသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ ကြွေးကြော်သံသည် အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာ လုပ်ဆောင်ခွင့်ရရှိရေး၊ ဘေးကင်းသော လုပ်ငန်းကောင်းရရှိရေး၊ လုပ်အားခေါင်းပုံဖြတ်အမြတ်ထုတ်မှုရပ်တန့်ရေး၊ ခေတ်စနစ်နှင့်ညီသော လုံလောက်သည့် လုပ်အားခရရှိရေး၊ အလုပ်သမားများအပေါ် မျှတမှုမရှိသော ဥပဒေများ ပြင်ဆင်ဖျက်သိမ်းရေးတို့ ဖြစ်ကြောင်း သိရသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် အခမ်းအနားဖြစ်မြောက်ရေးကော်မတီဝင်များ ဦးဆောင်ကာ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အတွက် သီချင်းသီဆိုခြင်း၊ ပြဇာတ်များကပြသရုပ်ဖော်ခြင်းနှင့် အခြားဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်)**

# ပုဂံလူရည်ချွန်အပန်းဖြေလေ့လာရေးစခန်းဖွင့်၊ လူရည်ချွန်လူငယ်မောင်မယ်များ ပုဂံဒေသရှိဘုရားများ လှည့်လည်ဖူးမြော်

ပုဂံ မေ ၁

**၂၀၁၈ ခုနှစ် အငွမတန်းလူရည်ချွန်(ပုဂံလူရည်ချွန်အပန်းဖြေလေ့လာရေးစခန်း)ဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီက ပုဂံမြို့ရှိ မြနန်းဘုံ Royal Emerald River View Resort ဟိုတယ်ရှေ့မုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။**




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်များ ပေးအပ်ရာ လူရည်ချွန် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား ကျောင်းသူတစ်ဦးစီက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လူရည်ချွန်ကြီးများက ၂၀၁၈ ခုနှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကြပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ပုဂံလူရည်ချွန်စခန်း နှစ်စဉ် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က "အခုက ဒီအငွမတန်းလူရည်ချွန်စခန်းကို ပုဂံမှာဖွင့်တာ ခြောက်ကြိမ်မြောက်ရှိပါပြီ၊ ဒီမှာဖွင့်တဲ့ ရည်ရွယ်ချက်က ပထမမြန်မာနိုင်ငံတော် ထူထောင်ခဲ့တဲ့နေရာဖြစ်တယ်၊ ဒီမှာ လူရည်ချွန် လူငယ်မောင်မယ်လေးတွေ ဒီပထမ မြန်မာနိုင်ငံတော် ထူထောင်ခဲ့တဲ့နေရာကိုလေ့လာပြီး နိုင်ငံတော်ကိုချစ်စေချင် အကျိုးပြုစေချင်လို့ ဒီမှာ လူရည်ချွန်စခန်းတွေဖွင့်တာ ဖြစ်ပါတယ်၊ ဒီကလေးတွေအားလုံးဟာ အနာဂတ်အတွက် ခေါင်းဆောင်တွေ မလွဲမသွေဖြစ်လာကြမှာပါ၊ တိုင်းရင်းသားတွေ၊ တိုင်းနဲ့ပြည်နယ် အသီးသီးက လာတာဆိုတော့ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်၊ တည်ဆောက်လိုစိတ်တွေ ဖြစ်ပေါ်လာမယ်၊ နောက်ပြီး နိုင်ငံ့ခေါင်းဆောင်တွေ မလွဲမသွေဖြစ်လာကြမယ့်ကလေးတွေက ကြိုတင်ပြီး ရင်းနှီးမှုတွေ ရှိထားကြရမယ်၊ ကျွန်တော်တို့မှာလည်း တာဝန်ရှိတယ်၊ ဘာလဲဆိုတော့ လူငယ်တွေကို နေရာပေးဖို့ လူငယ်တွေကလည်း ပေးတဲ့နေရာမှာ ကြိုးစားပြီးတော့ တိုင်းပြည်အတွက် တည်ဆောက်မယ်ဆိုတဲ့ စိတ်ဓာတ်တွေ ရဖို့အရေးကြီးပါတယ်၊ လူငယ်တွေအတွက် ကျွန်တော့် အမှာစကားကတော့ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ခေါင်းဆောင်ဖြစ်မယ့်သူတွေအတွက် ကျွန်တော်တို့လူကြီးတွေ အစစအရာရာ ပြင်ဆင်ပေးခဲ့မယ်၊ ကျွန်တော်တို့ လူကြီးတွေကိုယ်တိုင် မြေတောင်မြှောက်ပေးရမယ်၊ အဲဒီလိုမြေတောင်မြှောက်ပေးမှုတွေကို ခံယူရင်းနဲ့ နိုင်ငံကို တည်ဆောက်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ရွှေစည်းခုံ၊ အာနန္ဒာ၊ ကန်တော့ပလ္လင်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ လောကနန္ဒာ အစရှိသည့် တန်ခိုးကြီးဘုရား ၁၀ ဆူ အပါအဝင် ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ၂၀၁၅ ခုနှစ်က သတ်မှတ်ခံခဲ့ရသည့် မြစေတီကျောက်စာ(ရာဇကုမာရ် ကျောက်စာ)ကိုလည်း လေ့လာခဲ့ကြသည်။ **(ဓါပုံ)**

နိုင်ငံတော်အစိုးရ အဆက်ဆက်က လူငယ်မောင်မယ်တို့ကို လူရည်ချွန် ၊ လူရည်မွန် လူတော်လူကောင်းများ ဖြစ်လာစေရန် အစဉ်တစိုက် ပြုစုပျိုးထောင်ပေးခဲ့ရာ ထူးချွန်လူငယ်စီမံကိန်းကို တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၄ ခုနှစ်မှ စတင်ပြီး ၁၉၈၈ ခုနှစ်အထိ ပထမမျိုးဆက် လူရည်ချွန်စီမံကိန်း အကောင်အထည်ဖော်ခဲ့ရာ ၂၄ နှစ်တာကာလအတွင်း လူရည်ချွန်ပေါင်း ၇၉၀၀ ဦးကို မွေးထုတ်နိုင်ခဲ့ပြီး ၎င်းလူရည်ချွန်များ အနေဖြင့် အဆင့်မြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ပြီး ထမ်းဆောင်ဆဲပုဂ္ဂိုလ်များအဖြစ် ပါဝင်ခဲ့ကြကြောင်း သိရသည်။

**သတင်း - ဇင်ဦး (မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲ ကျင်းပ

ညောင်ရွှေ မေ ၁

**၂၀၁၈ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်အပန်းဖြေစခန်း၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းမှူး ဦးသန်းအေးတို့က စခန်းအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယခုကဲ့သို့ ထူးချွန်ထက်မြက်သည့် လူငယ်မောင်မယ်များကို လက်ခံဂုဏ်ပြုခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းကို လာရောက်အပန်းဖြေကြမည့် လူရည်ချွန်များအတွက် အသင့်ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်၏ လူမှုရေး၊ စီးပွားရေး၊ ရိုးရာဓလေ့ထုံးစံများနှင့် သဘာဝအလှတရားများကို လေ့လာကြည့်ရှုခံစားခွင့်များ ရရှိကြမည်ဖြစ်ကြောင်း၊ တောင်ကြီးဒေသ၊ အင်းလေးဒေသ၊ ပင်းတယဒေသများရှိ ဒေသန္တရဗဟုသုတများနှင့် ရိုးရာဓလေ့ထုံးစံများကို ထဲထဲဝင်ဝင်လေ့လာကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဖွံ့ဖြိုးတိုးတက်မှုများကို ယခုထက်ပိုမိုပါဝင်ပြီး နိုင်ငံအကျိုးပြု၊ ဒေသအကျိုးပြုလုပ်ငန်း များကို ယှဉ်ပြိုင်ဆောင်ရွက်စေလိုကြောင်း၊ ဘက်စုံပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် အများနှင့် စုပေါင်းနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရေး၊ ဒေသန္တရ ဗဟုသုတများရရှိစေရေး၊ ကျောင်းသား ကျောင်းသူများ၏ စံနမူနာပြုလူငယ်များ ပေါ်ထွက်လာစေရေး စသည့်အချက်များဖြင့် ပြည့်စုံအောင် နေထိုင် ဆောင်ရွက်သွားကြရန်၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အနာဂတ်၏ နိုင်ငံ့ခေါင်းဆောင်များဖြစ်အောင် ဘဝတစ်သက်တာလုံး ဆက်လက်သင်ယူကြရန် တိုက်တွန်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်း စခန်းမှူး ဦးသန်းအေးက လူရည်ချွန် စီမံကိန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့အား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့အား ၂၀၁၈ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များနှင့် လူရည်ချွန် (၁၉၆၄ မှ ၁၉၈၈ ထိ) အဖွဲ့က လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများက အင်းလေးခေါင်တိုင်စခန်းတွင် ဖွင့်လှစ်ထားသည့် ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**နိုင်လင်းကြည်**




# ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ငွေဆောင် မေ ၁**

၂၀၁၈ခုနှစ် ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ရှိ ပုလဲငွေဆောင်ဟိုတယ်၌ကျင်းပရာ လူရည်ချွန်မောင်မယ်များက ဘက်စုံထူးချွန်လူရည်မွန်တေးသီချင်းဖြင့် သီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ ဘက်စုံထူးချွန်သည့် လူရည်ချွန်လူငယ်မောင်မယ်များကို စိစစ်ရွေးချယ်၍ ဂုဏ်ပြုချီးမြှင့်သည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ လူရည်ချွန်မောင်မယ်များအနေဖြင့် ငွေဆောင်အပန်းဖြေစခန်း၌ ရောက်ရှိနေချိန်တွင် ကျန်းမာရွှင်လန်းစွာ အပန်းဖြေနိုင်ကြပြီး ဒေသန္တရဗဟုသုတများ ရရှိကြကာ ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိ၍ နိုင်ငံတော်အကျိုးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြသူများဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လူရည်ချွန် ကျောင်းသားများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လူရည်ချွန် ကျောင်းသူများအား လည်းကောင်း လူရည်ချွန်တံဆိပ်များ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့ထံ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း စခန်းမှူး ဒေါ်မြင့်မြင့်သန်းက စခန်းဖွင့်ပွဲ မော်ကွန်းတံဆိပ်နှင့် လူရည်ချွန် (၁၉၆၄-၁၉၈၈) အဖွဲ့မှ တာဝန်ရှိသူများက အမှတ်တရတံဆိပ်တို့ကို ပေးအပ်ကြသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်များကိုယ်စား သုံးထပ်ကွမ်းလူရည်ချွန်ကျောင်းသူ မပန်းဖြူဖြူဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပုသိမ်မြို့ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက "ကျွန်တော့်ရည်မှန်းချက်" တေးသီချင်းဖြင့် လည်းကောင်း၊ ပညာအလင်္ကာတေးဂီတအဖွဲ့မှ "ဧရာဝတီရဲ့အလှ" တေးသီချင်းဖြင့် လည်းကောင်း၊ လူရည်ချွန်မောင်မယ်များက "စခန်းနွေမှန် လူရည်ချွန်"တေးသီချင်းဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ညနေပိုင်းတွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ငွေဆောင်ကမ်းခြေတွင် ပျော်ရွှင်စွာ ရေကစားကြပြီး ညပိုင်းတွင် ပုသိမ်မြို့နှင့် ငွေဆောင်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပညာအလင်္ကာတေးဂီတအဖွဲ့မှ တေးသံရှင်များက အကအလှုများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**မျိုးသူဟိန်း (သတင်းစဉ်)**



# အာရှပစိဖိတ်ဒေသဆိုင်ရာ လူငယ်အရည်အချင်းမြှင့်သင်တန်း တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်ကိုယ်စားလှယ် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၁**

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်တို့မှ ကြီးမှူး၍ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အာရှပစိဖိတ်ဒေသဆိုင်ရာ လူငယ်အရည်အချင်းမြှင့်သင်တန်း (APR Workshop on Quality Training of Adults) တက်ရောက်ရန် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ လူငယ်ရေးရာကင်းထောက်မှူးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။



စင်ကာပူနိုင်ငံ ဆာရင်မ်ဘမ်ကင်းထောက်စခန်း (Sarimbum Scout Camp)တွင် မေ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် အာရှပစိဖိတ်ဒေသဆိုင်ရာ လူငယ်အရည်အချင်းမြှင့်သင်တန်း (APR Workshop on Quality Training of Adults) တွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံတကာမှ ကင်းထောက် ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ကာ နိုင်ငံတကာ ကင်းထောက်လူငယ်ဆိုင်ရာ အဆင့်မြှင့်နည်းပညာဆိုင်ရာများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကင်းထောက်လုပ်ငန်း တိုးတက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကင်းထောက်လုပ်ငန်းများနှင့် နိုင်ငံတကာ ကင်းထောက်လုပ်ငန်း အတွေ့အကြုံများကို ဆွေးနွေးညှိနှိုင်းခြင်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် တွေ့ကြုံရမည့် အခက်အခဲများ၊ ဖြေရှင်းရမည့်နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နာဂစ် ၁၀ နှစ်ပြည့် ပြည်သူလူထုအသိပညာပေး စကားဝိုင်းကို ပုသိမ်မြို့၌ ကျင်းပမည်

**ပုသိမ် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ မေ ၂ ရက်တွင် နာဂစ် ၁၀ နှစ်ပြည့် အခမ်းအနားတွင် "နာဂစ်လွန်ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထု ဖြစ်ပေါ်လာရေးဆီသို့" ဆောင်ပုဒ်ဖြင့် ပြည်သူလူထု အသိပညာပေးစကားဝိုင်းကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ပြည်သူလူထု အသိပညာပေးစကားဝိုင်းတွင် နာဂစ်မုန်တိုင်းဒဏ် ပြင်းထန်စွာခံစားခဲ့ရသည့် တိုင်းဒေသကြီးအတွင်းရှိ ဖျာပုံမြို့ လပွတ္တာမြို့ ငပုတောမြို့နယ်များမှ CSO ကိုယ်စားပြုပုဂ္ဂိုလ်များ၊ လပွတ္တာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ တာဝန်ရှိသူများက "ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လူမှုစီးပွားရေးနှင့် အသက်မွေးမှုဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် ကျား၊ မ တန်းတူညီတူရှိမှု" စသည့်ခေါင်းစဉ်များဖြင့် အဖွဲ့ခွဲ၍ ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ နာဂစ်မုန်တိုင်း ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင် စွမ်းရှိသည့် ပြည်သူလူထုဖြစ်စေရေး ရည်ရွယ်ချက်ဖြင့် နာဂစ် ၁၀ နှစ်ပြည့် အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝဇ**

## တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၁**

ကပ္ပလီပင်လယ်ပြင်တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မုန်တိုင်းအန္တရာယ်ကြုံတွေ့လာခဲ့ရင် နာဂစ်တုန်းကလို တုံ့ပြန်တာမျိုးမဟုတ်ဘဲ စနစ်တကျ ပြည်သူတွေကိုယ်တိုင် ရင်ဆိုင်နိုင်ရန် အသိပညာများပေးထား

**ဧရာဝတီတိုင်းဒေသကြီးအတွင်း လွန်ခဲ့သော ၁၀နှစ်ကာလက နာဂစ်မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများသော ဒေသထဲတွင် ပါဝင်သည့် ဘိုကလေးမြို့အတွင်း မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးဆောင်ရွက်ခဲ့ပုံများ၊ နာဂစ်မုန်တိုင်းကို သင်ခန်းစာယူပြီး သဘာဝဘေးလျော့ပါးရေးအတွက် လက်ရှိပြင်ဆင်ဆောင်ရွက်ထားပုံများနှင့် ပတ်သက်၍ ပြည်သူများသိရှိစေနိုင်ရန် ဘိုကလေးမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့နှင့် တွေ့ဆုံ၍ မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။**



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး

**ဦးအောင်ဇင်ဦး**
**ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး**
**မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ**

**မေး။ ။၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ခံရတဲ့ အခြေအနေသိပါရစေ။**

ဖြေ။ ။လွန်ခဲ့တဲ့ ၁၀ နှစ်ကာလ ၂၀၀၈ ခုနှစ် မေလ ၂ ရက် ည ၇ နာရီမှစပြီး နောက်တစ်ရက် မေလ ၃ ရက် နံနက် ၇ နာရီအချိန်အထိ ၁၂ နာရီကြာ တစ်နာရီလျှင် မိုင် ၁၅၀ နှုန်းအထိ မုန်တိုင်းတိုက်ခတ်ခံခဲ့ရတယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ ထူးကဲဒီရေအနေနဲ့ အမြင့်ပေ ၁၀ ပေမှ ၁၂ ပေအထိ မြင့်တက်ခဲ့ပါတယ်။ တစ်မြို့နယ်လုံးမှာ လူနှင့် တိရစ္ဆာန် အသေအပျောက်တွေရှိခဲ့တယ်။ ပုဂ္ဂလိက အဆောက်အအုံတွေ၊ စက်ရုံအလုပ်ရုံတွေ၊ စာသင်ကျောင်းတွေ၊ သာသနိက အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒါ့အပြင် ရေယာဉ်တွေ ပျက်စီးပျောက်ဆုံးမှုတွေ ရှိခဲ့ပါတယ်။

**မေး။ ။ဘိုကလေးမြို့နယ်က ဖျာပုံခရိုင်အတွင်းမှာ ပျက်စီးဆုံးရှုံးမှု အများဆုံးလို့ သိရပါတယ်။ အဲဒီအခြေအနေနဲ့ပတ်သက်ပြီး ဖြေကြားပေးပါရှင့်။**

ဖြေ။ ။ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းမှာ နာဂစ်မုန်တိုင်းကျရောက်စဉ် ထိခိုက်မှု အများဆုံးကျေးရွာတွေက ကြိမ်ချောင်းကြီးကျေးရွာအုပ်စု၊ ကျွန်းသာယာကျေးရွာအုပ်စု၊ ကျွန်းညိုကျေးရွာအုပ်စု၊ ပျဉ်ဘိုးကြီးကျေးရွာအုပ်စု၊ ပတ္တမြားကုန်းကျေးရွာအုပ်စု၊ မဂူကျေးရွာအုပ်စု၊ သဇင်ကုန်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာအုပ်စု၊ ဟေမန်ကျေးရွာအုပ်စု၊ မလော့ကျေးရွာအုပ်စု၊ စက်ဆန်းကျေးရွာအုပ်စု၊ ဒေါင့်ကြီးကျေးရွာအုပ်စု စတဲ့ကျေးရွာအုပ်စု ၁၂ စုမှာ ရွာလုံးကျွတ်နီးပါး လူ၊ တိရစ္ဆာန်၊ လူနေအိမ်အဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ ပျက်စီးဆုံးရှုံးမှု များခဲ့ပါတယ်။ ကျန်တဲ့ကျေးရွာအုပ်စုတွေမှာလည်း ပျက်စီးဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။

**မေး။ ။အဲဒီလို ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့တဲ့ ဘိုကလေးမြို့နယ် ကျေးရွာတွေကို ၁၀ နှစ်ကာလအတွင်း ဘယ်လို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေရှိခဲ့လဲ။**

ဖြေ။ ။မုန်တိုင်းဝင်ရောက်ပြီးနောက် လတ်တလောမှာ ယာယီအမိုးအကာများဖြင့် နေထိုင်နိုင်ရန် ဆောက်လုပ်ပေးခြင်း၊ အရေးကြီးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံဆေးပေးခန်းတွေ၊ ဆည်မြောင်းတာတမံတွေ၊ ချက်ချင်းပြုပြင်ခြင်း၊ ကူညီထောက်ပံ့ပေးခြင်း စတဲ့အခြေခံဝန်ဆောင်မှုတွေကို အရင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ခဲ့ပါတယ်။ ပြီးတော့ စိစစ်တွေ့ရှိချက်၊ အကဲဖြတ်ဆန်းစစ်ချက်များမှ ပျက်စီးဆုံးရှုံးမှုနဲ့ ထိခိုက်မှုတွေကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရာမှာ ရေတိုစီမံကိန်းတွေ၊ ရေရှည်စီမံကိန်းတွေ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အခြေခံအားဖြင့် ဘေးအန္တရာယ် မကျရောက်မီအချိန်ကရှိခဲ့တဲ့ ပုံမှန်အနေအထားပြန်ရောက်ရေးကို အဓိကအလေးပေး ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စုမှာ လူနေအိမ်အလုံး ၃၀၀၊ ကျွန်းသာယာကျေးရွာအုပ်စုမှာ လူနေအိမ် အလုံး ၁၈၀၊ ထော်ပိုင်ကျေးရွာအုပ်စုမှာ လူနေအိမ် ၃၁ လုံး၊ စက်ဆန်းကျေးရွာအုပ်စုမှာ လူနေအိမ် ၂၅၃ လုံး၊ ဒေါင့်ကြီးကျေးရွာအုပ်စုမှာ လူနေအိမ် ၁၃၈ လုံး၊ ပတ္တမြားကုန်းကျေးရွာအုပ်စုမှာ လူနေအိမ် အလုံး ၂၀ ကို အစိုးရအစီအစဉ်နဲ့ အလှူရှင်တွေရဲ့ အင်အားနဲ့ပေါင်းစပ်ပြီး ဆောက်လုပ်ပေးခဲ့ပါတယ်။ အိမ်ရာဖွံ့ဖြိုးတိုးတက်စေဖို့ သဘာဝဘေးအန္တရာယ်အတွက် ထည့်သွင်းစဉ်းစားပြီး ကျေးရွာများ ပြန်လည်ဖွဲ့စည်းခြင်း၊ မြစ်ကမ်းဘေးမှာရှိတဲ့ နေအိမ်တွေကို ပေ ၁၀၀ မှ ပေ ၅၀၀ အထိ အကွာအဝေးသတ်မှတ်ကာ အိမ်ရာများ ဆောက်လုပ်စေခြင်း၊ ကျေးရွာတွေမှာ လေကာပင်တွေ စိုက်ပျိုးပေးခြင်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။နာဂစ်ပြီးနောက်ပိုင်း လက်ရှိ လမ်းပန်းဆက်သွယ်ရေး အခြေအနေနဲ့ ပတ်သက်ပြီး ပြောကြားပေးပါ။**

ဖြေ။ ။လမ်းပန်းဆက်သွယ်ရေးက အရင်ကထက်ပိုကောင်းလာတယ်လို့ပြောရပါမယ်။ နာဂစ်မတိုင်ခင်က မြို့နယ်ချင်းဆက်လမ်းအဖြစ် ဖျာပုံ-ဘိုကလေး ကားလမ်းတစ်ခုသာရှိခဲ့ရာ အခုဆိုရင် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း၊ ဘိုကလေး- ကြိမ်ချောင်း-ကဒုံလမ်း၊ ဘိုကလေး -မော်လမြိုင်ကျွန်း-မြောင်းမြလမ်း၊ မော်လမြိုင်ကျွန်း -ဘိုကလေးလမ်း၊ ကျုံကဒွန်း-စက်ဆန်းလမ်း၊ ကျိုက်လတ်-စိန်ဟိုင်းလမ်း-ကျိုက်ပိ-မော်ကျွန်းလမ်းတို့ဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပါတယ်။

**မေး။ ။နာဂစ်မုန်တိုင်းကို သင်ခန်းစာယူပြီး ဒေသအတွက် သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားမှုအပိုင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ကျွန်တော်တို့ ဒီဒေသမှာ နာဂစ်မတိုင်ခင်က မုန်တိုင်းဒဏ်ခံ အဆောက်အအုံတစ်လုံးမှ မရှိခဲ့ပါဘူး။ အခုအချိန်မှာ နိုင်ငံတော်ရဲ့အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံ Cyclone Shelter ၁၁ လုံး၊ School Cum Shelter ၉၁ လုံး ဆောက်လုပ်ထားရှိပြီး အသစ်တစ်လုံး ထပ်မံတည်ဆောက်လျက်ရှိပါတယ်။

ဒါ့အပြင် ပြည်သူတွေ သဘာဝဘေးအန္တရာယ်နဲ့ ကြုံလာရင် ကိုယ်တိုင်ပါဝင် တုံ့ပြန်နိုင်ဖို့အတွက် သက်ဆိုင်ရာဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ကျေးရွာတွေမှာ စေတနာ့ဝန်ထမ်း လူငယ်သင်တန်းတွေ ဖွင့်လှစ်ပို့ချလေ့ကျင့်ပေးထားတာတွေ ရှိပါတယ်။ အကယ်၍ သဘာဝဘေးအန္တရာယ်၊ အထူးသဖြင့် မိုးကြိုကာလမှာ ကျရောက်လာနိုင်တဲ့ မုန်တိုင်းအန္တရာယ်တွေ ကြုံလာခဲ့ရင် နာဂစ်ကာလတုန်းကလို ကြုံသလို တုံ့ပြန်ရတာမျိုးမဟုတ်ဘဲ စနစ်တကျသိရှိပြီး ပြည်သူတွေကိုယ်တိုင် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့အတွက် မြို့နယ်အတွင်း ကျေးရွာအရောက် သဘာဝဘေးအသိပညာများ ဖြန့်ဝေပေးခြင်း၊ မုန်တိုင်းသတိပေးချက် စတင်ရရှိချိန်မှစ၍ အဆင့်အလိုက် ကြိုတင်ပြင်ဆင် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်မှုတွေကို မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်ပြီး လက်တွေ့လေ့ကျင့်ပေးပါတယ်။



သဘာဝဘေးအန္တရာယ် တုံ့ပြန်နိုင်ရန် သရုပ်ပြလေ့ကျင့်စဉ်။

**မေး။ ။နာဂစ်မုန်တိုင်းဒဏ်ခံထားဖူးတဲ့ပြည်သူတွေ မိုးကျလို့ လေနည်းနည်းတိုက်လာရင်ပင် ထိတ်လန့်နေကြတဲ့ ဒေသတွင်းက ပြည်သူတွေအတွက် ဖြည့်စွက်ပြောချင်တာများရှိရင် ပြောပေးစေချင်ပါတယ်။**

ဖြေ။ ။သဘာဝဘေးတွေထဲမှာ မုန်တိုင်းအန္တရာယ်ဆိုတာ ကြိုတင်သတင်းသိရှိနိုင်တဲ့ ဘေးတစ်ခုပါ။ ဒီလို ဘေးအန္တရာယ်မျိုးမှာ လျော့ပါးအောင် လူတွေရဲ့အသိဉာဏ်အင်အားကို အသုံးချပြီး ကာယအားနဲ့ ပေါင်းစပ်ဆောင်ရွက်ပါက ထိခိုက်သေဆုံးမှု လျှော့ချနိုင်ပါတယ်။ ဒါ့ကြောင့် သဘာဝဘေးကို လူတွေရဲ့ အသိ၊ သတိနဲ့ အတတ်နိုင်ဆုံးလျော့ကျအောင် ဆောင်ရွက်ကြရပါမယ်။ အဓိကအချက်က မုန်တိုင်းသတိပေးချက်သတင်းတွေ နားစွင့်နေဖို့လိုပါတယ်။ အကြောက်မလွန်ပါနဲ့။ ရပ်ကွက်၊ ကျေးရွာအလိုက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့တွေ ဖွဲ့ပေးထားပါတယ်။ မုန်တိုင်းသတိပေးချက်ရပြီးဆိုတာနဲ့ အချင်းချင်းချိတ်ဆက် ဆောင်ရွက်နိုင်အောင် စီစဉ်ပေးထားပါတယ်။ ရွှေ့ပြောင်းရန် လိုအပ်လာရင်လည်း မိမိတို့ပစ္စည်းတွေကို စနစ်တကျသိမ်းဆည်းခြင်း၊ ယူဆောင်သင့်တာတွေ ယူဆောင်ခြင်းတို့ကို စနစ်တကျလိုက်နာကြဖို့လိုပါတယ်။ ဘေးကင်းဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့အတူ ပြည်သူတွေအားလုံး ပူးပေါင်းဆောင်ရွက်ကြရင်းဖြင့် ဘေးအန္တရာယ်လျော့ပါးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်သည် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၆ အုပ်စု၊ ကျေးရွာပေါင်း ၅၇၅ ရွာဖြင့် ဖွဲ့စည်းထားသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်သည့်အပြင် ပင်လယ်နှင့် ထိစပ်လျက်ရှိသော ဒေသဖြစ်ပါသည်။

**သူဇာနွယ် (ဖျာပုံ)**

# ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် မေ ၁**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၈ ခုနှစ် အားကစားပြိုင်ပွဲများအတွက် အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညီ့ခန်းမကြီး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အလေးမ၊ တိုက်ကွမ်ဒို၊ စစ်တုရင်၊ ကရာတေးဒို အားကစားနည်းများမှ ပေးအပ်သော တံခွန်စိုက်ဆုဖလားများအား လက်ခံပြီး ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးဝင်းဆွေက စားပွဲတင်းနစ်၊ သေနတ်ပစ်ကစားနည်းများမှပေးအပ်သော တံခွန်စိုက်ဆုဖလားကို လက်ခံပြီး ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က ရေကူး၊ ဝူရှူး၊ ကြက်တောင်ကစားနည်းများမှ ပေးအပ်သော တံခွန်စိုက်ဆုဖလားကိုလက်ခံပြီး ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက စက်ဘီး၊ ဟော်ကီ၊ ပိုက်ကျော်ခြင်းကစားနည်းများမှ ပေးအပ်သော တံခွန်စိုက်ဆုဖလားကိုလက်ခံပြီး ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးဆပ်ကော်မတီနာယက ဒေါ်အေးအေးမြင့်က အေရိုးဗစ်နှင့် အမျိုးသမီးဘောလုံးအားကစားနည်းများမှ ပေးအပ်သော တံခွန်စိုက်ဆုဖလားကို လက်ခံ၍ ဂုဏ်ပြုဆုငွေများအားလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၈ ခုနှစ် အားကစားပြိုင်ပွဲများအတွက် တိုင်းဒေသကြီးအားကစားအဖွဲ့များသို့ အောင်နိုင်ရေးအလံပေးအပ်ကာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က လက်ခံယူကြကြောင်း သိရသည်။

**အေးကေလင်း**



# မန္တလေးကျုံးတောင်ဘက်ခြမ်းရှိ လူထုရေိယာတွင် မြန်မာနိုင်ငံရေဆေးပန်းချီဆရာအသင်းမှ ပန်းချီပြပွဲဖွင့်လှစ်ပြသ

**မန္တလေး မေ ၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အများပြည်သူအပန်းဖြေသွားလာမှုများပြားသည့် ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တွင် စီစဉ်သတ်မှတ်ပေးထားသည့် လူထုရေိယာတွင်ပထမဦးဆုံးအဖြစ် မြန်မာနိုင်ငံရေဆေးပန်းချီဆရာအသင်းမှ ကျင်းပသည့် ပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြို့တော်ဝန်ဒေါက်တာရဲလွင်က“မန္တလေးမြို့ရဲ့အဓိကအပန်းဖြေသွားလာမှုအများဆုံးနေရာမှာစာပေနဲ့ အနုပညာလုပ်ငန်းများ ပြသမိတ်ဆက်ပွဲတွေ ဆောင်ရွက်နိုင်ဖို့အတွက် အခုလိုရွေးချယ်စီစဉ်ပေးတဲ့နေရာမှာ ပထမဦးဆုံးအဖြစ် ပန်းချီပြပွဲကို လာရောက်ကျင်းပတဲ့အတွက် ကျေးဇူးတင်တယ်၊ နောင်မှာလည်း အခုလိုပြပွဲတွေ အများကြီးလာရောက်ပြုလုပ်လာမယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောသည်။

အဆိုပါ ပြပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံရေဆေးပန်းချီ အသင်းနာယက ပန်းချီဆရာ ဒေါက်တာကိုကိုကြီးက“ဒီလိုအများပြည်သူသွားလာမှုများတဲ့ နေရာမှာပြသနိုင်ဖို့ဆိုတာကလည်း မန္တလေးတိုင်းက သက်ဆိုင်ရာ တာဝန်ရှိသူတွေ ခွင့်ပြုပေးမှသာ ပြုလုပ်လို့ရတာပါ၊ ပထမဆုံးကျေးဇူးတင်ရမှာက သက်ဆိုင်ရာတာဝန်ရှိသူတွေက စနစ်တကျနဲ့ ဒီနေရာမှာလုပ်ပါလို့ အားပေးတဲ့အတွက် ပြသဖြစ်တာပါ၊ ကျွန်တော်တို့ ပန်းချီဆရာအသင်းကလည်း ဒီလိုနေရာမျိုးမှာ ပြသပေးချင်တဲ့အတွက် အခုလိုပြသဖြစ်တာပါ” ဟု ပြောသည်။

အဆိုပါ အများပြည်သူအပန်းဖြေသွားလာလျက်ရှိသည့် ကျုံးဘေးတွင် ထောက်တိုင်များဖြင့် ရေဆေးပန်းချီကား ၈၀ ခန့်ကို ချိတ်ဆွဲပြသသွားမည်ဖြစ်ပြီး ဝယ်ယူသိမ်းဆည်းလိုပါက လေးချိုးဆိုက်တစ်ကားလျှင်ငွေကျပ်၅၀၀၀၀ မှ ၈၀၀၀၀ အထိသာ ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ရေဆေးပန်းချီ အသင်းမှာ ၁၅ ကြိမ်မြောက် အသင်းလှုပ်ရှားမှု ပြပွဲအဖြစ် ပြသခြင်းဖြစ်ပြီး အခုပြပွဲတွင် ပုံတူပန်းချီ၊ ရှုခင်းပန်းချီ၊ ကယ်ရီကေးချားရေးဆွဲခြင်းအတွက် တစ်ပုံလျှင်ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ နှုန်းဖြင့် ရေးဆွဲပေးမည်ဖြစ်ကာ အဆိုပါ ပြပွဲအား ဧပြီ ၃၀ ရက်မှ မေ ၃ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# Miss Global Universe Myingyan ပွဲကျင်းပမည်

**မြင်းခြံ မေ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် Myanmar Beauty Pageant Organizationမှ ကြီးမှူးကျင်းပသော Miss Global Universe Myingyan 2018 ပြိုင်ပွဲကို ဇင်ယော်ဟိုတယ်ဝင်းအတွင်း၌ မေ ၁၅ ရက် ညနေ ၆ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင်းခြံမြို့တွင် ကျင်းပမည့်အလှမယ်ရွေးပွဲတွင် ရွေးချယ်ခံရသူ အလှမယ်များကို စခန်းသွင်းလေ့ကျင့်ပေးခြင်း၊ ရန်ကုန်မြို့တွင် သွားရောက်ယှဉ်ပြိုင်စေခြင်းနှင့် ရန်ကုန်မြို့ပြိုင်ပွဲတွင် ရွေးချယ်ခံရပါက ဖိလစ်ပိုင်နိုင်ငံသို့ စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး အလှမယ်ရွေးချယ်ပွဲတွင် Winner ဆု ၊ Title ဆုအပါအဝင်ဆု ၁၅ ဆုကို ရွှေအစစ်ရင်ထိုးနှင့် ငွေအစစ်ရင်ထိုးများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ Mister South Asia Myanmar 2016 ၊Mister Sea World Top Model Winner 2017 ၊Men Universe Model 2018 ရရှိထားသူ ကိုရဲထွဋ်မောင်က ပြောကြားသည်။

ထို့အပြင် ကိုရဲထွဋ်မောင်က ယခုလို အလှမယ်ရွေးချယ်ပြိုင်ပွဲပြုလုပ်ရခြင်းမှာ မြင်းခြံသား ကိုယ့်မြို့၏ဂုဏ်ဆောင်နိုင်သော Miss များထွက်ပေါ်လာစေရန်၊ ရဲရင့်သွက်လက်ထက်မြက်၍ အရည်အချင်းရှိသောMiss များ ထွက်ပေါ်လာစေရန်၊ ပြိုင်ပွဲဝင်သူများအတွက်အတွေ့အကြုံကောင်းများ ရရှိစေရန်တို့ကိုလည်း ရည်ရွယ်ထားကြောင်း သိရသည်။

မြင်းခြံမြို့၏ Miss Global Universe Myingyan ရွေးချယ်ပွဲကို မြင်းခြံမြို့ရှိ ဇင်ယော်ဟိုတယ်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အလှမယ်ပေါင်း ၁၅၀ ကို နာမည်ကျော် Model များက အကဲဖြတ်ရွေးချယ်၍ ၎င်းတို့ကိုယ်တိုင် ရွေးချယ်ခံရသူများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပူးတွဲပွဲစီစဉ်သူ ကိုအောင်မြင့်ဘော်(ဇင်ယော်မိသားစု)က ပြောကြားသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဟိုပင်မြို့၌ မီးရထားသံလမ်းဘေးနှင့် ကားလမ်းနံဘေးတို့တွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်း

**ဟိုပင် မေ ၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့တွင် မူးယစ်ဆေးဝါးကင်းစင်စေရေးအတွက် မီးရထားသံလမ်းဘေးနှင့် ကားလမ်းနံဘေးတို့တွင်ရှိသည့် မူးယစ်ဆေးဝါးသုံးစွဲသူများ ခိုအောင်းနိုင်သော ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းကို ဧပြီ၂၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးမိုးအောင်၏ ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။



အဆိုပါ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ဟိုပင်မြို့လူမှုရေးအသင်းအဖွဲ့ဝင်တစ်ဦးက “မြို့မှာ ဖြတ်သွားတဲ့ ကားလမ်းနဲ့ ရထားလမ်းဘေးတွေမှာ ချုံနွယ်ထူထပ်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူတွေ ခိုအောင်းရာနေရာဖြစ်တဲ့အတွက် အခုလို ချုံနွယ်တွေ ရှင်းလင်းရတာ ကောင်းမွန်တယ်လို့ ပြောချင်ပါတယ်၊ ဒီကနေ့သန့်ရှင်းရေးလုပ်ရာမှာ မူးယစ်ဆေးသုံးစွဲပြီး စွန့်ပစ်ထားတဲ့ ဆေးထိုးအပ်အများအပြားကို သိမ်းဆည်းရမိပါတယ်၊ ဒါတွေကို စနစ်တကျသိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးသွားမှာပါ” ဟု ရှင်းလင်းပြောကြားသည်။

ထိုသို့ ဟိုပင်မြို့အတွင်း ဖြတ်သန်းသွားလာသည့် ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးနှင့် မန္တလေး- မြစ်ကြီးနား ရထားလမ်းပိုင်းတို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း လုပ်ဆောင်ရာ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဟိုပင်မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ပြင်သင်တန်းဖွင့်

**မာန်အောင် မေ ၁**

မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်တွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း ဖွင့်ပွဲကို ဧပြီ ၂၇ ရက်က ကုန်းခင်ကျေးရွာအုပ်စု ကုန်းခင်ကျေးရွာ အမကစာသင်ကျောင်း၌ ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နုအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးနွဲ့၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ လူငယ်သင်တန်းသားများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်ပေါင်း ၃၀ ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# သံတောင်မြို့နယ်ထွက် လိုက်ချီးသီးများ မြေပြန့်ဈေးကွက်များသို့ စတင်ရောက်ရှိလာ

**ရေတာရှည် မေ ၁**

ကရင်ပြည်နယ် သံတောင်မြို့နယ်ထွက် လိုက်ချီးသီးများ မြေပြန့်ဒေသရှိ ဈေးကွက်အသီးသီးသို့ ဝင်ရောက်လာပြီဖြစ်ကာ မကြာမီအသီးများ လှိုင်လှိုင်ထွက်၍ ပိုမိုပေါများစွာ ဝယ်ယူစားသုံးနိုင်ကြတော့မည်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“အခုကတော့ ပေါ်စဆိုတော့ တစ်ပိဿာကို နှစ်ထောင်ကျပ်နဲ့ ရောင်းရပါတယ်၊ အစောပိုင်းမှာ အသီးကနုသေးတော့ ချဉ်တယ်၊ အခုတစ်မိုးနှစ်မိုးရွာပြီးရင် အသီးတွေရင့်ရင် အချိုဓာတ်ကဲတော့ စားတဲ့သူတွေပိုကြိုက်တယ်” ဟု ရေတာရှည်မြို့ရှိ လိုက်ချီးသီးရောင်းချသူတစ်ဦးက ပြောသည်။ သံတောင်ကြီး တောင်ပေါ်ဒေသများရှိ လိုက်ချီးသီးထွက်ရှိသော ကျေးရွာများမှ တစ်ဆင့်ပြန်လည်ရောင်းချသူများအနေဖြင့် ကျေးရွာများအရောက်လိုက်လံစုဆောင်းဝယ်ယူ၍ ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ယာဉ်ငယ်များဖြင့်လည်းကောင်း တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ဖြူးအစရှိသော မြို့များကိုထပ်ဆင့်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး တစ်ပိဿာလျှင် နှစ်ထောင်ကျပ်နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ရှားတောမြို့နယ်၌ ကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

**ရှားတော မေ ၁**

ရှားတောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်း အနားကို ဧပြီ ၂၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီး စည်းကမ်းထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မာဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လူထုအခြေပြုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ကွန်ပျူတာသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၉ ဦး တက်ရောက်ပြီး မေ ၂၂ ရက်အထိ တစ်လကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၁-** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ နမ့်စန်မြို့တွင် ၀ ဒသမ ၉၅ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၈၃ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၀ ဒသမ ၇၉ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၅၅ လက်မ ၊ ပျဉ်းမနားမြို့ နှင့်ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၄၇ လက်မစီ၊ တီးတိန်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၀ ဒသမ ၄၃ လက်မစီ ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်)နှင့်သိမ်ဇရပ်မြို့တို့တွင် ၀ ဒသမ ၄၀ လက်မစီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ရေတာရှည်မြို့နယ်တွင် ၂၂ ဘီးယာဉ်နှင့် ၁၂ ဘီးယာဉ် တိုက်မှုဖြစ်ပွား



**ရေတာရှည်  မေ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် တောင်နန်ချွန်ကျေးရွာအနီး ပြည့်ပြည့်ခတ်ဆီဆိုင်ရှေ့ ရန်ကုန်-မန္တလေး ကားလမ်းတွင် မေ ၁ ရက် နံနက် ၅ နာရီခွဲခန့်က ၁၂ ဘီးယာဉ်နှင့် ၂၂ ဘီးယာဉ်တို့ တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အား ရေတာရှည်မြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ်ကျော်ကျော်ဝင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ တောင်နန်ချွန်ကျေးရွာအနီး ဦးသီဟ (၆၄ နှစ်) ပိုက်ကြီးဝဲရွာ လှည်းကူးမြို့နေသူမောင်းနှင်ပြီး အာကာဇော် (၂၀ နှစ်) မြို့မရပ်ကွက် လှည်းကူးမြို့နေသူ လိုက်ပါလာသော 9C/----- ၁၂ ဘီးယာဉ်သည် ကားလမ်းအရှေ့ဘက်ရှိ ပြည့်ပြည့်စက်သုံးဆီအရောင်းဆိုင်တွင် ဆီဖြည့်ပြီး ရန်ကုန် - မန္တလေး ကားလမ်းပေါ်သို့ မောင်းထွက်စဉ် တောင်မှမြောက်သို့ ဦးကျော်သူအောင် (၅၃နှစ်) နတ်စင်ကုန်းကျေးရွာ ဘိုးတော်ကုန်းကျေးရွာအုပ်စု ရေတာရှည်မြို့နေသူ မောင်းနှင်ပြီး မျိုးမင်းသူ (၁၈ နှစ်) နတ်စင်ကုန်းကျေးရွာနေသူ လိုက်ပါလာသော 3K/-----Tractor Head ၂၂ ဘီးယာဉ်က ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်နောက်လိုက် မျိုးမင်းသူတွင် (စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အလှပြင်ဆိုင်တွင် ရွှေဆွဲကြိုး၊ ဟန်းဆက်နှစ်လုံးနှင့် ငွေကျပ်လေးသိန်းကျော် ခိုးမှုဖြစ်ပွား

**တံတားဦး မေ ၁**

ကျောက်ဆည်ခရိုင် တံတားဦးမြို့မရဲစခန်းအပိုင်တွင် ဧပြီ ၂၉ ရက် နံနက် ၉ နာရီက အလှပြင်ဆိုင်တွင် ရွှေဆွဲကြိုး၊ ဟန်းဆက်နှစ်လုံးနှင့်ငွေကျပ်လေးသိန်းကျော် ခိုးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ် ၁ ရပ်ကွက် မီးသတ်တိုက်ခန်းနေ မဖြိုးစုအောင် (၂၉ နှစ်) သည် အလှပြင်ဆိုင်ဖွင့်ကာ ဆိုင်အကူမသင်းသင်းဖြိုးအား ထားခဲ့ပြီး အပြင်သွားခဲ့ကြောင်း၊ နံနက် ၉ နာရီခွဲတွင် ဆိုင်သို့ပြန်ရောက်လာကာဆိုင်အတွင်းရှိ ကောင်တာပေါ်တွင် တင်ထားသောအဖြူရောင်လက်ဆွဲအိတ်အတွင်း ထည့်ထားသော ငွေကျပ် ၅၈၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ဟန်းဆက်တစ်လုံးနှင့် ငွေကျပ်လေးသိန်းကျော်တို့ ပျောက်ဆုံးနေကြောင်း သိရသဖြင့် မသင်းသင်းဖြိုးအား မေးမြန်းရာ အလှပြင်ဆိုင်ကပ်လျက်ရှိ မဖြိုးစုအောင်ပိုင်သောအထည်ဆိုင်အား အသက်(၂၅ နှစ်) ခန့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ရောက်ရှိလာပြီး အဆိုပါအမျိုးသမီးက အဝတ်အစားများ ကြည့်လိုကြောင်းပြော၍ လိုက်လံပြသနေစဉ် အမျိုးသားမှာ အလှပြင်ဆိုင်ထဲသို့ ဝင်သွားကြောင်းပြောပြသဖြင့် မိမိဆိုင်အတွင်းထားရှိသော ရွှေဆွဲကြိုး၊ ဟန်းဆက်နှစ်လုံးနှင့် ငွေကျပ်လေးသိန်းကျော် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈ သိန်းကျော်အား ခိုးယူသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပစ္စည်းခိုးယူသွားသူများအား စစ်ဆေးအရေးယူပေးရန် မဖြိုးစုအောင်က တံတားဦးမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့နယ်တွင် အဓမ္မပြုကျင့်ပြီး လူသတ်အလောင်းဖျောက်သူအား ဖမ်းမိ

**ဟုမ္မလင်း  မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဇလီကျေးရွာသား ဦးအောင်ရွှေသည် မဲဇလီကျေးရွာနှင့် သုံးမိုင်ကျော်ဝေးသော လယ်တဲတွင် နေထိုင်ပြီး ၂၁ နှစ်အရွယ်ရှိ သမီးမစန်းစန်းမြင့်ကို သားငယ် သမီးငယ်များအား ချက်ပြုတ်ကျွေးမွေးရန် မဲဇလီကျေးရွာတွင် ထားခဲ့ကြောင်း၊ ၂၂-၈-၂၀၁၇ ရက်တွင် သမီးဖြစ်သူ မစန်းစန်းမြင့် ရွာမှပျောက်သွားသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးအား အကြောင်းကြားပြီး ရွာသူရွာသားများဖြင့် လိုက်လံရှာဖွေခဲ့ရာ ၂၃-၈-၂၀၁၇ ရက် ညနေ ၄ နာရီခန့် တွင် မဲဇလီကျေးရွာနှင့် နှစ်မိုင်ခန့်ဝေး သောတောထဲ၌ လည်ပင်းနှင့် နှုတ်ခမ်းတို့တွင် ဒဏ်ရာများရရှိကာ သားမယား ပြုကျင့်ခံရသည့် အနေအထားဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ဖခင်ဖြစ်သူ ဦးအောင်ရွှေက ဟုမ္မလင်းမြို့မရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့ကြောင်း သိရသည်။

အမှုမှန် ပေါ်ပေါက်ရေးအတွက် ကသာနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်သောင်းထက်အောင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့နယ် မဲဇလီကျေးရွာသို့ သွားရောက်စုံစမ်းဖော်ထုတ်ခဲ့ရာ ယင်းကျေးရွာနေ သက်သေခုနစ်ဦး၏ စစ်ဆေးတွေ့ရှိချက်များအရ မသင်္ကာဖွယ် သန်းဆွေဆိုသူအား ၂၉-၄-၂၀၁၈ ရက်တွင် ဖမ်းဆီးစစ်မေးရာ ၎င်းက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် အဓမ္မပြုကျင့်၊ လူသတ်၊ အလောင်းဖျောက်သူ သန်းဆွေ (၄၀ နှစ်) မဲဇလီကျေးရွာ ဟုမ္မလင်းမြို့နယ်နေသူအား ခုနစ်လအကြာတွင် ဟုမ္မလင်းမြို့နယ် ကသာနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်သောင်းထက်အောင်က ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

ဘုတ်ပြင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက် ည ၁၀ နာရီခွဲက ဘုတ်ပြင်းမြို့နယ် ကြိမ်နီတောင်ကျေးရွာနေ မျိုးဇော်ဦး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈ ပြားကိုလည်းကောင်း၊ အလားတူ ဧပြီ ၃၀ ရက် နံနက် ၂ နာရီခွဲက ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် ပလောက်မြို့ ပြင်ဘုကြီးကျေးရွာအုပ်စု သင်္ကန်းကျဲကျေးရွာနေ ဇော်မင်းထွန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ နံနက် ၃ နာရီ မိနစ် ၂၀ က မလွှဲတောင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ခင်နွယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရန်ရပ်တန့်စဉ် မောင်းနှင်ထွက်ပြေးသွားပြီး ကိုက် ၁၅၀ ခန့်အကွာ၌ မော်တော်ဆိုင်ကယ်ကိုလှဲချကာ လမ်းဘေးလျှိုအတွင်းသို့ ထွက်ပြေးသွားသဖြင့် မော်တော်ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် ခင်နွယ်အမည်ပါ ထောင်လွတ်လက်မှတ်တစ်စောင်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်က တပ်မတော်မှ မူးယစ်ဆေးဝါးသတင်းအရ ကွတ်ခိုင်မြို့နယ် ရှောက်ဟော်ကျေးရွာနေ တာလောက်အဲနေအိမ်ကို ရှာဖွေရာ တာလောက်အဲအား နေအိမ်တွင် မတွေ့ရှိရဘဲ အိပ်ခန်းရှိ သေတ္တာအတွင်းနှင့် မီးဖိုချောင်ရှိ စားပွဲပေါ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးအမှုန့် ၄၈၉ ဂရမ် တို့ကိုရှာဖွေတွေ့ရှိသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့တွင် မူးယစ်ဆေးဝါးများ ကွင်းဆက်ဖော်ထုတ်ချက်အရ ဆေးပြားလေးထောင်ကျော် ထပ်မံဖမ်းမိ

**ပဲခူး မေ ၁**

ပဲခူးမြို့အမှတ် ၂ နယ်မြေရဲစခန်းအပိုင် မဲခုံကျေးရွာအုပ်စု ရှမ်းစုကြီးကျေးရွာတွင် ဧပြီ ၃၀ ရက်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် ပဲခူးမြို့အမှတ် ၂ နယ်မြေ ရဲစခန်းမှ စခန်းမှူးရဲအုပ်ချစ်ကြည်နှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်စန်းလွင်တို့ ပါဝင်သောအဖွဲ့သည် မူးယစ်ဆေးဝါးသုံးစွဲ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ပဲခူးမြို့နယ် မဲခုံကျေးရွာအုပ်စု ရှမ်းစုကြီးကျေးရွာနေ ကျော်ဝင်း အောင် (၂၅ နှစ်) ၏ နေအိမ်တွင် ကျော်ဝင်းအောင်နှင့်အတူ အိုက်ခမ်း (၂၅ နှစ်) မော်ကန် ၁၄ လမ်း ပဲခူးမြို့နေသူကို တွေ့ရှိရသဖြင့် ရှာဖွေရာ မှန်တင်ခုံပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၇ ပြား (အလေးချိန် ၈ ဒသမ ၇ ဂရမ်) တစ်ပြားလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် တန်ဖိုးငွေကျပ် ၄၃၅၀၀၀ ကိုလည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ကျော်ဝင်းအောင်ထံမှ ဖုန်းတစ်လုံး၊ ခေါက်ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက်ဖော်ထုတ်မှုဖြင့် ကျော်ဝင်းအောင်နှင့် အိုက်ခမ်းတို့၏ ထွက်ဆိုချက်များအရ ၎င်းတို့နှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ရောင်းချပေးသူမှာ လှိုင်မင်းထွန်း (ခ)အရှည်ကြီး (ခ) ရုပ်ကစိုး (၃၆ နှစ်) ဆိုရှယ်လစ် ၂၀ လမ်း ပဲခူးမြို့နေသူဖြစ်ကြောင်း သိရသဖြင့် ဧပြီ ၃၀ ရက် ညနေ ၆ နာရီခန့်က ဖမ်းဆီးရမိပြီး ၎င်းသည် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာသီရိ ၄ လမ်းနေ မြင့်သန်း (ခ) ကျော်ပု (၃၆ နှစ်) နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းထားကြောင်း ပြောကြားသဖြင့် ဝင်ရောက် ရှာဖွေရာ မြင့်သန်း (ခ) ကျော်ပုအား စိတ်ကြွရူးသွပ်ဆေးပြား ၄၅၈၀ နှင့် ဖုန်းတစ်လုံးတို့ကို တွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။



**ပဲခူး(သန့်စင်)**

# မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်

**ဖားကန့်  မေ ၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ငြိမ်းချမ်းသာယာရပ်ကွက်ရှိ ကောင်းစံဟိန်း(ခ)မြတ်ပန်းခိုင် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီလုပ်ကွက်ဟောင်းတွင် ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ လုပ်ကွက်အစောင့်ဖြစ်သူ ဦးကြည်လှိုင်သည် နေအိမ်မှပြင်ပသို့ သွားရောက်နေခိုက်နေအိမ်မီးဖိုတွင် ကျန်ရှိနေသည့် မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်ထရံသို့ ကူးစက်လောင်ကျွမ်းခဲ့ကာ နှစ်ထပ်အဆောက်အအုံတစ်လုံးနှင့် ဆိုင်ကယ်သုံးစီးမီးလောင်ဆုံးရှုံးခဲ့ပြီး ညနေ ၃ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရေပူနှင့်မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၈၆ စီး၊ သွင်းကုန် ၉၅၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၂၉၇ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁ သန်းခန့် စုစုပေါင်းတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၃၉၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၃၀ တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ပန်စုံရွာအနီး၌ Alphard ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၂၆ တုံး၊ (၁ ဒသမ ၂၄၉၂ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇၄၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်း သရေကျ

**ရန်ကုန်  မေ ၁**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ ပထမနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှား နိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အဖွင့်ပွဲတွင် သရေ ကျခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး ဂိုးမရှိသရေကျခဲ့သည်။ မြန်မာအသင်းသည် အုပ်စုတွင်း အင်အားအတောင့်တင်းဆုံး ဗီယက်နမ်အသင်းနှင့် စတင်ယှဉ်ပြိုင်ရပြီး သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားပုံကောင်းမွန်ခဲ့သော်လည်း အခွင့်အရေးများအသုံးမချနိုင်၍ နိုင်ပွဲ ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ အုပ်စု(က) အခြားပွဲတွင် စင်ကာပူနှင့် မလေးရှား အသင်း သုံးဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၅ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# မြန်မာ့ရုပ်မြင်သံကြား

၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ဧရာဝတီတိုင်းဒေသကြီး) (ပုသိမ်)
- ၈း၅၀ - စိုက်ပျိုးရေးရာအဖြေရှာ **စူးစမ်းလေ့လာ တောင်သူများဆီမှာ** (နွယ်ရစ်ကျေးရွာ)
- ၉း၁၀ - ရှန်းကန်လှုပ်ရှားဘဝများ **ပင်ယံထက်ကဘဝဝမ်းစာ**
- ၉း၃၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၀း၃၅ - **အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံမှသည် အနာဂတ် စာကြည့်တိုက်ပညာရပ်များဆီ**
- ၁၁း၃၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၄)
- ၁၃း၁၀ - ငြိမ်းချမ်းရေး ဂီတပွဲတော် ထုတ်လွှင့်မှု အစီအစဉ် (Level-I) (ဘားအံမြို့) (ပထမပိုင်း)

**ညပိုင်း**

- ၁၆း၃၅ - **စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး...ကျောင်းတွင်း လျှင်ဇာတ်တိုက် လေ့ကျင့်ပေး**
- ၁၇း၀၅ - အနုပညာခန်းရိပ်သာ **အလင်္ကာကျော်စွာ ဟသ်ာတ မြင့်ငွေနှင့် တွေ့ဆုံခြင်း**
- ၁၇း၂၀ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ**(၅၀) (ဒါရိုက်တာ-အောင်သြဘာ)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ရှမ်းပြည်နယ်)(တောင်ကြီး)
- **နာဂစ်လွန် ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထု ဖြစ်ပေါ်လာစေရေးဆီသို့**

# လိဒ်စ်အသင်းနှင့် ခြေစမ်းရန် မြန်မာ့လက်ရွေးစင်နှင့် MNL All Star အသင်းအား ဖွဲ့စည်း

**ရန်ကုန်  မေ ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL All Star အသင်းကို ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး လေ့ကျင့်မှု စတင်ပြုလုပ်နေပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်း၊ MNL All Star အသင်းကို နည်းပြချုပ်အဖြစ် ဦးငွေထွန်းတို့က ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းကို ယင်းခြေစမ်းပွဲအတွက်သာ ဖွဲ့စည်းခြင်းဖြစ်ပြီး ယင်းပွဲမတိုင်မီ ခန့်အပ်မည့် လက်ရွေးစင်အသင်းနည်းပြချုပ်သစ်မှာ ကိုင်တွယ်မည်မဟုတ်ဘဲ အသင်းအနေအထားကိုသာ လေ့လာမည်ဖြစ်သည်။ MNL All Star အသင်းတွင် နိုင်ငံခြားသားကစားသမားခြောက်ဦး ရွေးချယ်ထားပြီး မြန်မာ့လက်ရွေးစင်အသင်းတွင် မျက်နှာသစ်ကစားသမားအချို့ ပါဝင်လာသည်။ နာမည်ကြီးကလပ် ရန်ကုန်အသင်းသည် မေ ၉ ရက်နှင့် ၁၆ ရက်တွင် AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်ပွဲ ကစားရန်ရှိသောကြောင့် နှစ်သင်းစလုံးတွင် ရန်ကုန် ကစားသမားများ ပါဝင်လာခြင်း မရှိ ကြောင်း သိရသည်။ MNL All Star အသင်းတွင် **အုပ်ချုပ်သူ**-ဆီဗာဂျီ (ဟံသာဝတီ)၊ **နည်းပြချုပ်** - ဦးငွေထွန်း (ဟံသာဝတီ)၊ **လက်ထောက်နည်းပြ**-ဦးအောင်ဇော်မျိုး (မကွေး)၊ **ဂိုးနည်းပြ**-ဦးအောင်သက် (ရှမ်း)၊ **ဂိုး**-ပြည့်ဖြိုးအောင် (Southern)၊ နိုင်ဇေယျာထွန်း(ဇွဲကပင်)၊ **နောက်တန်း** - နန္ဒကျော်၊ ကျော်ဇင်လွင် (မကွေး)၊ ဝီလျံ၊ ဝင်းမင်းထွဋ်(ရှမ်း)၊ နေမျိုးအောင်၊ သက်နိုင်(ရတနာပုံ)၊ သက်လွင်ဦး (ဇွဲကပင်)၊ **အလယ်တန်း** - မောင်မောင်ဝင်း(GFA)၊ ဖြိုးမောင်မောင်ဆွေ၊ ကင်မ်၊ သန်းထက်အောင် (ဇွဲကပင်)၊ ရဲကိုဦး၊ စည်သူအောင် (ရတနာပုံ)၊ အာကာပို၊ လှအေးထွေး (ရခိုင်)၊ လီဟန်ကွတ်(ရှမ်း)၊ **ရှေ့တန်း**-အောင်မြင့်ထွန်း(မကွေး)၊ ခရစ္စတိုဖာ (ရှမ်း)၊ ဂျိုးဇက် (ဟံသာဝတီ) တို့ ပါဝင်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင်မူ **နည်းပြချုပ်**-ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**များအဖြစ် - ဦးအောင်ကျော်မိုး (ရတနာပုံ)၊ ဦးဇော်လင်းထွန်း(စစ်ကိုင်း)၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ **ဂိုး**-ကျော်ဇင်ဖြိုး(မကွေး)၊ ဘုန်းသစ္စာမင်း(ရှမ်း)၊ **နောက်တန်း**-သိန်းသန်းဝင်း၊ မျိုးကိုထွန်း၊ ဇော်ရဲထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ ဇော်မင်းထွန်း(ရန်ကုန်)၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး၊ နေလင်းထွန်း (ရှမ်းယူနိုက်တက်)၊ မောင်မောင်စိုး (မကွေး)၊ ရန်ကျော်ထွေး (ဇွဲကပင်)၊ ဝေယံဦး(မြဝတီ)၊ **ရှေ့တန်း**-ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ် (ရှမ်းယူနိုက်တက်)၊ ဝင်းနိုင်စိုး(ရတနာပုံ)တို့ ပါဝင်နေသည်။

ခြေစမ်းပွဲအဖြစ် မေ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ MNL All Star အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်တွင် ကစားမည့် ခြေစမ်းပွဲအတွက် ကြိုတင်လက်မှတ်များကို မေ ၃ ရက်မှစ၍ သုဝဏ္ဏ၊ အောင်ဆန်းနှင့် ပဒုမ္မာကွင်း၊ ရောဝတီဘဏ်ခွဲများတွင် စတင်ရောင်းချမည်ဖြစ်ပြီး လှည်းတန်းစင်တာတွင် မေ ၆ ရက်မှစ၍ ရောင်းချမည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းများအဖြစ် အထူးတန်း-၄၀၀၀ ကျပ်၊ အရှေ့ဘက် ပွဲကြည့်စင်-၃၀၀၀ ကျပ်၊ တောင်၊ မြောက် ပွဲကြည့်စင်-၂၀၀၀ကျပ် သတ်မှတ်ထားသည်။ မန္တလေးမြို့တွင်ကစားမည့် ခြေစမ်းပွဲအတွက်မူ မေ ၅ ရက်မှစ၍ မြန်မာဘောလုံး အကယ်ဒမီနှင့် ရောဝတီဘဏ်ခွဲများတွင် ရောင်းချမည်ဖြစ်ပြီး အထူးတန်း ၃၀၀၀ ကျပ်၊ ရိုးရိုးတန်း ၂၀၀၀ ကျပ် သတ်မှတ်ထားသည်။

**သတင်း-ညီမြတ်သော်တာ**




မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ခံထားရသည့် ဦးစိုးမြတ်မင်း

# MNL ပွဲကျန်ဖြစ်သည့် GFA နှင့် ရှမ်းယူနိုက်တက် ယနေ့ကစားမည်

**ရန်ကုန်  မေ ၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) မှ ရွှေ့ဆိုင်းထားသော GFA အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ပွဲကို မေ ၂ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ပြန်လည်ကျင်းပမည်ဖြစ်သည်။ ယင်းပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါနေပြီး အနိုင်ရရန် လိုအပ်နေသည်။

ရှမ်းယူနိုက်တက်အသင်းသည် ထိပ်ဆုံးမှ ရန်ကုန်အသင်းကို အမီလိုက်ရန် ယင်းပွဲကို အနိုင်ရရန် လိုအပ်နေပြီး အနိုင်ရမှသာ သုံးမှတ်အကွာဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် မြဝတီအသင်းအား ဂိုးပြတ်အနိုင်ရသည့်ပွဲမတိုင်မီ မက်ဆီဒိုးနီးယားနိုင်ငံ မာဂျန် ကို နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့ပြီး ယနေ့ပွဲတွင် စတင်ကိုင်တွယ်ဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် အမှတ်ပေးနှင့် ရှုံးထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သော်လည်း ယခုရာသီတွင် ထင်သလောက်ရလဒ်မကောင်းခဲ့သောကြောင့် နည်းပြအပြောင်းအလဲဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၁၀ ပွဲကစား ရမှတ် ၂၀ ရထားပြီး ၁၁ ပွဲကစား ၂၆ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့သည့် ရန်ကုန်အသင်းနှင့် တစ်ပွဲလျော့ ခြောက်မှတ်ကွာဟနေသည်။ GFA အသင်းသည် ရှစ်မှတ်ဖြင့် တန်းဆင်းဇုန်ထဲရောက်နေပြီး တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်နိုင်ရန် လက်ကျန်ပွဲများတွင် အမှတ်ရသလောက်ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ နောက်ဆုံးကစားခဲ့သည့် MNL ပွဲစဉ် (၁၁)တွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီကို သုံးဂိုးပြတ်အနိုင်ရခဲ့ပြီး GFA အသင်းက ဇွဲကပင်အသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းပွဲကို မူလက မတ် ၂ ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း ရှမ်းယူနိုက်တက်အသင်း၏ AFC Cup ပွဲစဉ်များနှင့် နီးကပ်နေမှုကြောင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ပထမအကျော့ပွဲစဉ်များမှာ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း ရွှေ့ဆိုင်းထားသည့် GFA နှင့် ရှမ်းယူနိုက်တက်ပွဲကို မေ ၂ ရက်၊ ရခိုင်နှင့် မကွေးပွဲကို မေ ၁၃ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈ခု ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့်ငွေလုံးငွေရင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၂-၅-၂၀၁၈ရက် ၉နာရီ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၁၄-၅-၂၀၁၈ရက် ၁၆း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ** - ၁၅-၅-၂၀၁၈ရက် ၁၀နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၅၃-၆၂၀၃၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ပွေးတောင်ရပ်၊ ဦးပိုင်အမှတ်(၇၄)၊ မြေယာနံပါတ်(၇၄)၊ ဧရိယာ(၀ဒသမ၅၄၁)ဧကရှိမြေကွက်ကို ဦးသိဏ်းချစ် ၁၂/ပဘတ(နိုင်)၀၁၄၄၁၃က မြို့မြေဂရန်သစ်လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ကြည် LL.B တရားလွှတ်တော်ရှေ့နေ အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့ ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ပိုးလောင်းကျေးရွာအုပ်စု၊ ပိုးလောင်းကျေးရွာနေ ဦးညွန့်စိန်-ဒေါ်ကျင်ငွေးတို့၏သား မောင်ရဲဝင့်အောင် ၁၄/ငပတ(နိုင်)၁၉၉၄၇၂သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်သွားပြီး ၎င်း၏ဆန္ဒအတိုင်း ပြုလုပ်ဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေခံသားအဖြစ်မှ စွန့်လွှတ်ပြီးပါကြောင်း။ ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမျှ လုံးဝ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဖခင်ဦးညွန့်စိန်-မိခင်ဒေါ်ကျင်ငွေး ငပုတောမြို့နယ်၊ ပိုးလောင်းကျေးရွာ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ချင်းပြည်နယ်၊ ရေဇွာမြို့၊ ဝမ်ဖုအသေးစားရေအား လျှပ်စစ်စီမံကိန်း သံကူကွန်ကရစ်ရေသွယ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်း
(ခ) ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဇိုခွားရွာတွင် ၄၀၀ဗို့လိုင်း(၂.၅)မိုင် တိုးချဲ့တည်ဆောက်ခြင်း
(ဂ) ချင်းပြည်နယ်အတွင်း ဓာတ်အားလိုင်းနှင့်ခွဲရုံများ တည်ဆောက်ခြင်း၊ လျှပ်စစ်ပစ္စည်းများ ဝယ်ယူခြင်းနှင့် ဒီဇယ်စက်များ ဝယ်ယူခြင်း

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၅-၂၀၁၈ရက်(ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်** - ၁-၆-၂၀၁၈ရက် ၁၆း၀၀နာရီ
**လိပ်စာ၊ ဖုန်း** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၉၄၄

## အသိပေးအကြောင်းကြားခြင်း

ပြည်နဝဒေး(တိုးချဲ့)စက်မှုဇုန်ရှိ 66/11 KV 5 MVA ကိုယ်ပိုင်ဓာတ်အားခွဲရုံအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အလုံးစုံအပ်နှံသွားမည်ဖြစ်ကြောင်း ပြည်စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းရှင်များအားလုံးကို အသိပေးအကြောင်းကြားအပ်ပါသည်။ အဆိုပါ ဓာတ်အားခွဲရုံ အပ်နှံရေးကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကြံပြုကန့်ကွက်စာအား ပြည်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီထံလိပ်မူ၍ ၁၀-၅-၂၀၁၈ ရက်နောက်ဆုံးထားပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ **စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ ပြည်မြို့**

## ပြည်စက်မှုဇုန်မြေကွက်ပိုင်ရှင်များသိရှိနိုင်ရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ခေတ္တရာ(ဂန္ဓမာ)စက်မှုဇုန်နှင့်နဝဒေးစက်မှုဇုန်(၁/၂)တို့တွင် မြေကွက်ရယူထားသည့် မြေကွက်ပိုင်ရှင်အနေဖြင့် ပြည်စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့ရယူထားသည့် မြေကွက်များတွင် မြေပေးမိန့်ပါ သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာ၍ စက်မှုလုပ်ငန်းသုံးစက်ရုံ၊ အလုပ်ရုံ ဆောက်လုပ်လည်ပတ်ခြင်းများကို အမြန်အကောင်အထည် ဖော် ဆောင်ရွက်လည်ပတ်ကြရန် အသိပေးနှိုးဆော်ကြေညာအပ်ပါသည်။ **ပြည်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၊ ပြည်မြို့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆လအတွက်)နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် နေပြည်တော်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေပြည်တော်ဝင်လမ်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းဆုံအနီးတွင် ကန်ပတ်လမ်းသာယာလှပစေရန်နှင့် လုံခြုံရေး မီးတိုင်များ ထွန်းညှိဆောင်ရွက်ရန် 6Meter 50Watt LED လမ်းမီးတိုင် (၃၆)တိုင်အား Double Arm ဖြင့် တည်ဆောက်ခြင်း
(ခ) ရွှေကြာပင်ကျောက်မျက်ရေပေးရေးမှ စည်ပင်ဧည့်ရိပ်သာ(၂)သို့ ရေပေးရေး 8" ØPVC ပေ(၇၃၀၀) ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ပုဗ္ဗသီရိမြို့၊ တပင်ရွှေထီးရပ်ကွက်ရှိ ရွှေပြောင်းအိမ်ရာများအတွက် ရေပေးဝေရေး 4" ØPVC(၂၇၈၃) ပေနှင့် 2" ØPVC (၂၄၈၃)ပေ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၅-၂၀၁၈ရက် ၁၆-၅-၂၀၁၈ရက်အထိ
**တင်ဒါတင်သွင်းရမည့်ရက်** - ၁၆-၅-၂၀၁၈ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအထိ
**တင်ဒါတင်သွင်းရမည့်နေရာ** - နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဖုန်း-၀၆၇-၄၀၃၂၁၃၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**တင်ဒါကော်မတီ**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အထက(၁)၊ နဝမတန်းမှ အဖ ဦးဖိုးထွေး ၅/ခဥန(နိုင်)၀၂၁၉၈၃၏သား မောင်ဒေါင်းဒေါင်းထက်ဦးအား ယနေ့မှစ၍ မောင်မြတ်မင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မြတ်မင်းသန့်**

## ပွဲတော်အုပ် ဆန်ဆိုင်



ရွှေဘိုပေါ် ဆန်းဈေး-၆၅၀၀၀ကျပ်
ပုသိမ်ပေါ် ဆန်းဈေး-၅၅၀၀၀ကျပ်
ဒီယာရှယ် -၃၁၀၀၀ကျပ်
လက်လီအရောက်ပို့ပေးပါ၏
☎:01512443, 0973017656, 095055574

## အောင်ပြည့်စုံ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်-၉ဒီ၊ ဆံတော်အနောက်ကွက်၊ ဦးပိုင်အမှတ်-၂၀၈၊ ဧရိယာ ၀ဒသမ၀၄၀ဧကရှိ မြေသည်ဦးသိန်းအောင်၊ ဒေါ်ခင်ထွေး အမည်ဖြင့် မြေငှားဂရန် ရရှိခဲ့ပါသည်။ အဆိုပါ မြေကွက်အား ဒေါ်စန်းစန်းနုအောင် အမည်ဖြင့် သက်တမ်းတိုးအမည်ပြောင်း ဆက်လက်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပြည်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်စန်းစန်းနုအောင် ၇/ပမန(နိုင်)၀၂၆၁၆၃ အနောက်စောင်းတန်းလမ်း၊ ပြည်မြို့**

# ဒိုမီနီကန်သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို တည်ထောင်

**ပေကျင်း မေ ၁**

ဒိုမီနီကန်သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို တည်ထောင်ခဲ့ကြောင်း မေ ၁ ရက်က ကြေညာခဲ့သည်။ ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးထူထောင်လိုက်ခြင်းသည် မြေထဲပင်လယ်နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်း သံတမန်ဆက်ဆံရေးထူထောင်သည့် နိုင်ငံအရေအတွက် ၁၉ နိုင်ငံသာရှိသော တရုတ် (တိုင်ပေ) ကဲ့သို့သော ကျွန်းစုသာသာမျှရှိသည့် တရုတ် (တိုင်ပေ) ကို လမ်းခွဲလိုက်သလိုဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဆက်လက်ဖော်ပြထားသည်။

အိမ်နီးချင်းနိုင်ငံကြီးတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဇာတ်ခုံပေါ်တွင် စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အားသာမှုများရှိနေချိန်တွင် တရုတ် (တိုင်ပေ) သည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှ သီးခြားဆန်လာကြောင်း၊ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး အလွန်အမင်း စိတ်မကောင်းဖြစ်မိကြောင်း တရုတ် (တိုင်ပေ) က ပြောခဲ့သည်။

ဒိုမီနီကန်သမ္မတနိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်လိုက်ခြင်းသည် နိုင်ငံအတွက် အလွန်တရာကောင်းမွန်သည့် အနာဂတ်ကို ပုံဖော်ထုဆစ်လိုက်ခြင်းပင်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဒိုမီနီကန်သမ္မတနိုင်ငံက ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံတစ်ခုတည်းသာရှိကြောင်း၊ တရုတ် (တိုင်ပေ) သည် တရုတ်နိုင်ငံ၏ အချုပ်အခြာအတွင်း၌ပင် ရှိကြောင်း၊ ခွဲထုတ်ထား၍ မရကြောင်း ပြောခဲ့သည်။

တရုတ် (တိုင်ပေ) သည် ၎င်းကိုယ်တိုင် ကိုယ်ပိုင်ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံတစ်ခုအနေဖြင့် လက်ခံထားသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သီးသန့်လွတ်လပ်ရေးပေးသည်ဟု တစ်ခါမှ မကြေညာခဲ့ကြောင်း သိရသည်။

ပေကျင်းကလည်း မေ ၁ရက်က ဒိုမီနီကန်သမ္မတနိုင်ငံနှင့် သံအမတ်ကြီးအဆင့်ရှိပုဂ္ဂိုလ်များ အလျင်အမြန်ထားရှိရေး ဖလှယ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**





# အာဖဂန်၌ ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် သတင်းထောက် ၁၀ ဦးသေဆုံး

**ကဘူးလ် မေ ၁**

အာဖဂန်နိုင်ငံအတွင်း ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် သတင်းထောက် ၁၀ ဦးသေဆုံးခဲ့ပြီးနောက် ယင်းဖြစ်ရပ်အပေါ် ပြစ်တင်ရှုတ်ချမှုများ မေ ၁ ရက်က ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါဖြစ်ရပ်သည် မီဒီယာအပေါ် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ကုလသမဂ္ဂက ဖော်ပြခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကဘူးလ်၌ ဖြစ်ပွားသော အသေခံဗုံးပေါက်ကွဲမှုနှစ်ခုအတွင်း လူ ၂၅ ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါ သေဆုံးသူများထဲတွင် အေအက်ဖ်ပီ ဓာတ်ပုံသတင်းထောက် ရှာမာရီယာနှင့် အခြားသတင်းထောက် ရှစ်ဦးသေဆုံးခဲ့သလို ဘီဘီစီသတင်းထောက်တစ်ဦးလည်း ခို့စ်ပြည်နယ်၌ ဖြစ်ပွားသော တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း သိရသည်။

ကဘူးလ်၌ ဖြစ်ပွားသော အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် ဗုံးဖောက်ခွဲတိုက်ခိုက်သူသည် ၎င်းကိုယ်တိုင် သတင်းထောက်တစ်ဦးအဖြစ် ရုပ်ဖျက်ထားပြီး လူအုပ်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ အဆိုပါ ဖြစ်ရပ်ကို နယ်စည်းမခြားသတင်းထောက်များအဖွဲ့က တာလီဘန်များ လဲပြိုပြီးကတည်းက ယခုဖြစ်ပွားသောဖြစ်ရပ်သည် ရက်စက်သောလုပ်ရပ်ဖြစ်ကြောင်း ပြောခဲ့သည်။

သေဆုံးခဲ့သည့် သတင်းထောက်များတွင် လွတ်လပ်သော ဥရောပရေဒီယိုမှ သတင်းထောက်များ၊ အာဖဂန်ရုပ်သံများမှ သတင်းထောက်များလည်း ပါဝင်ကြောင်း သိရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများအပေါ် ခံပြင်းနာကြည်းကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကို အိုင်အက်စ်အကြမ်းဖက်သမားတို့က ပြုလုပ်သည်ဟု ယူဆကြပြီး အသေခံ ဗုံးခွဲတိုက်ခိုက်မှုများအတွင်း ဒဏ်ရာရရှိသူ ၄၉ ဦးရှိကြောင်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ကုန်သွယ်ရေးမိတ်ဖက် သုံးနိုင်ငံအား သံမဏိတင်ပို့ကုန်များတွင် အခွန်ကောက်ခံမှုကို ရက် ၃၀ ရွှေ့ဆိုင်း

**ဝါရှင်တန် မေ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဥရောပသမဂ္ဂ၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများအား သံမဏိနှင့် အလူမီနီယမ်တင်ပို့ကုန်များတွင် အခွန်စည်းကြပ်သည့် ဆုံးဖြတ်ချက်ကို ရက်ပေါင်း ၃၀ ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ထရန့်အစိုးရအဖွဲ့သည် ယင်းဆုံးဖြတ်ချက်ကို ဇွန်လ ၁ ရက်မတိုင်မီအထိ ရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးဆိုင်ရာ ပိုလျှံနေမှုများကို လျှော့ချသွားရန် တောင်းဆိုမှုနှင့်ပတ်သက်၍ ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံ သုံးနိုင်ငံတို့နှင့် စကားပြောဆိုဆွေးနွေးမှု ရလဒ်များအပေါ် မူတည်လျက် အခွန်စည်းကြပ်မှုအသစ်များကို ထပ်မံချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရအဖွဲ့သည် အမျိုးသားလုံခြုံရေးဆိုင်ရာ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အခွန်စည်းကြပ်မှုများကို မတ်လအတွင်းက ချမှတ်ခဲ့သည်။ အခွန်စည်းကြပ်မှုဆိုင်ရာ ယာယီကင်းလွတ်ခွင့်များကို ကုန်သွယ်ရေးမိတ်ဖက် သုံးနိုင်ငံအပြင် ဘရာဇီး၊ သြစတြေးလျ၊ အာဂျင်တီးနားနှင့် တောင်ကိုရီးယား စသည့်နိုင်ငံများကိုလည်း တစ်ချိန်တည်းတွင် ပေးအပ်ခဲ့သည်။

ထို့နောက်တွင် အမေရိကန်ပြည်ထောင်စုသည် တောင်ကိုရီးယားနိုင်ငံကိုလည်း သံမဏိတင်ပို့ကုန်များအပေါ်တွင် အခွန်စည်းကြပ်မှုကို အမြဲတမ်းကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။

**ဆင်ဟွာ**



# အမေရိကန်နှင့် မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကျင်းပရန် တည်နေရာကို ထရန့်နှင့် မွန်ဂျယ်အင်းတို့ ဆွေးနွေး




**ဆိုးလ် မေ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့သည် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲကို နယ်စပ်ရှိ ပန်မန်ဂျွန်အပစ်အခတ်ရပ်စဲရေးကျေးရွာတွင် ကျင်းပသွားရန် အစီအစဉ်တစ်ရပ်ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတရုံးမှ အကြီးတန်းအာဏာပိုင်တစ်ဦးက ထရန့်နှင့် မွန်တို့သည် စနေနေ့က ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခဲ့မှုအတွင်း ထိပ်သီးအစည်းအဝေးကျင်းပမည့် တည်နေရာနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံအပါအဝင် တောင်ကိုရီးယားဘက်အခြမ်းရှိ ပန်မန်ဂျွန်ကျေးရွာကို ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ဖွယ်ရှိသည့် တည်နေရာအဖြစ် ထည့်သွင်းစဉ်းစားထားကြောင်း ထရန့်က တနင်္လာနေ့တွင် စောင်းပါးရိပ်ခြည်ပြောကြားခဲ့သည်။

တောင်ကိုရီးယားအာဏာပိုင်က ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသည့် သင်္ကေတဖြစ်သည့် ပန်မန်ဂျွန်၌ ထိပ်သီးအစည်းအဝေးကျင်းပဖြစ်ခဲ့လျှင် ထိုကျင်းပမှုသည် ငြိမ်းချမ်းရေးအတွက် မှတ်တိုင်သစ်တစ်ခုကို ထူထောင်နိုင်မည့် အဓိပ္ပာယ်ပြည့်ဝသည့် ခြေလှမ်းတစ်ခုဖြစ်လာလိမ့်မည်ဟု ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့သည် ပြီးခဲ့သည့် သောကြာနေ့က ပန်မန်ဂျွန်ကျေးရွာ၌ ပထမဆုံးအကြိမ်တောင်-မြောက်ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ပြီး သဘောတူညီချက်များ ရရှိခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## တရုတ်နိုင်ငံခြားရေးဝန်ကြီး မြောက်ကိုရီးယားနိုင်ငံသို့ သွားမည်

**ပေကျင်း မေ ၁**

တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် ယခုရက်သတ္တပတ်တွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဧပြီ ၃၀ ရက်က ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ မြောက်ကိုရီးယားသို့ သွားရောက်မည့်ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်မည့်သဘောဖြစ်ကြောင်း သိရပြီး ယခုခရီးစဉ်အား ကိုရီးယားနှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီရွှန်ဟို၏ ဖိတ်ကြားချက်ဖြင့် လာမည့် ဗုဒ္ဓဟူး သို့မဟုတ် ကြာသပတေးနေ့တွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြား ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ တွေ့ဆုံဆွေးနွေးမှုလုပ်ပြီးနောက် နှစ်နိုင်ငံ ခေါင်းဆောင်များအနေဖြင့် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဧပြီလအစောပိုင်းကလည်း တွေ့ဆုံခဲ့သေးကြောင်း သိရသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ တွေ့ဆုံခြင်းသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေဖြင့် ၂၀၁၁ ခုနှစ်တွင် သူ့ဖခင် ကင်ဂျုံအီထံမှ နိုင်ငံတော်အာဏာကို လွှဲပြောင်းလက်ခံရယူပြီးနောက် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဆက်လက်ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

---

## ဗြိတိန်ပြည်ထဲရေးဝန်ကြီး အန်ဘာရုဒ် ရာထူးမှနုတ်ထွက်

**လန်ဒန် မေ ၁**

ဗြိတိန်ပြည်ထဲရေးဝန်ကြီး အန်ဘာရုဒ်သည် ဧပြီ ၂၉ ရက်က ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ အန်ဘာရုဒ်က ၎င်းသည် ရွှေ့ပြောင်းအခြေချသူများကို ပြည်နှင်ဒဏ်ပေးရေးဆိုင်ရာ သတ်မှတ်ချက်နှင့်ပတ်သက်ပြီး ပြည်ထဲရေးရာ ရွေးချယ်မှုကော်မတီ (Home Affairs Select Committee) ဥပဒေပြုသူများကို မရည်ရွယ်ဘဲ လှည့်ဖြားမိသလိုဖြစ်ခဲ့ကြောင်း ဝန်ခံခဲ့သည်။

ထိုသို့ဖြစ်ခဲ့သောကြောင့် ဝင့်ရက်ရှ် (Windrush) ရွှေ့ပြောင်းအခြေချသူမျိုးဆက်အရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုအနေဖြင့် အစိုးရအပေါ် မကျေနပ်ချက်များ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

မြေထဲပင်လယ်မှလာသော အသက်ကြီး ဓနသဟာယနိုင်ငံသားများကို ဆက်ဆံသည့်ကိစ္စနှင့်ပတ်သက်ပြီး ဗြိတိန်ပြည်ထဲရေးဝန်ကြီး အန်ဘာရုဒ်အနေဖြင့် ဝေဖန်ထိုးနှက်မှုများကို ပြင်းပြင်းထန်ထန် ခံနေရကြောင်း ဥပဒေပြုသူများက ပြောခဲ့သည်။ သို့သော်လည်း အဆိုပါကိစ္စကို မည်သို့ မည်ပုံ ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည့် ရည်ရွယ်ချက်များ ချမှတ်ပေးပြီးမှသာ ၎င်းအနေဖြင့် နုတ်ထွက်စာတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

---

# အာရှပညာရေးအရွေ့

**တင်လင်းအောင်**




အာရှအဆင့်မြင့်ပညာရေး အခင်းအကျင်းမှာ အဓိကပြောင်းလဲမှုအရွေ့တွေဖြစ်နေတဲ့အချိန်မှာ တက္ကသိုလ်တွေအနေနဲ့လည်း သူတို့ရဲ့ပညာရေးစနစ်တွေကို ဖြစ်ပေါ်တိုးတက်လာတဲ့ အခွင့်အလမ်းသစ်တွေနဲ့ ဆီလျော်အောင် တီထွင်ကြံဆ လုပ်ကိုင်ခဲ့ပါတယ်။

**သိသာထင်ရှားစွာ ပြောင်းလဲလာတဲ့ အာရှပညာရေး**

လွန်ခဲ့တဲ့ ဆယ်စုနှစ်အတော်များများက အာရှပညာရေးမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေနဲ့ အရွေ့တွေ ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အဓိက ပြောင်းလဲမှုတွေကတော့ အာရှမှာရှိတဲ့ အဆင့်မြင့်ပညာရေးကဏ္ဍကို ပုံစံအသစ်ပြန်ဖော်ခဲ့ခြင်းပဲဖြစ်ပါတယ်။ အဲဒီလို ပုံစံအသစ်ပြန်ဖော်တဲ့အခါမှာ ကျောင်းသားအလုံးနဲ့ အရင်းနဲ့ အလယ်တန်းလွန်ပညာရေးကို တက်ရောက်ခဲ့ကြပါတယ်။ အဲဒီပညာရေးဟာ ဘာကိုအဓိက အာရုံစိုက်လဲ၊ ရည်မှန်းချက်ထားလဲဆိုတော့ ဦးဆောင်တက္ကသိုလ်တွေရဲ့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံကို အဓိကအာရုံစိုက်တာဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ သုတေသနပုံစံတွေ၊ တီထွင်ဆန်းသစ်မှုပုံစံတွေနဲ့ အသင်းအဖွဲ့တွေရဲ့ ပုံစံတွေကိုပါ ပြောင်းလဲကျင့်သုံးခဲ့ပါသေးတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့လို နိုင်ငံတွေဟာ အဆင့်မြင့်အလယ်တန်းလွန်ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းတွေကို ကျမသွားစေဘဲ နှစ်ပေါင်းအတော်ကြာအောင် ထိန်းသိမ်းခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆယ်စုနှစ်လွန်သမိုင်းဟာ အခုအခါမှာတော့ မျှော်လင့်မထားနိုင်လောက်အောင် ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ အဲဒီလိုအလွန်လျင်မြန်စွာ မျှော်လင့်မထားနိုင်လောက်အောင် ဖွံ့ဖြိုးလာသလို အိန္ဒိယနိုင်ငံမှာလည်း ဖွံ့ဖြိုးလာခဲ့ပါတယ်။

ဖွံ့ဖြိုးမှုနှုန်းကတော့ အသိအမှတ်ပြုရလောက်အောင်ပါပဲ။ တရုတ်နိုင်ငံမှာ လာမယ့် ၂၀၂၀ ပြည့်နှစ်လောက်မှာ အဆင့်မြင့်အလယ်တန်းလွန် ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းဟာ ၃၇ သန်းကျော် ရှိလာမှာဖြစ်ပြီး အိန္ဒိယနိုင်ငံမှာလည်း ၂၇ သန်းကျော်ရှိလာမှာဖြစ်ပါတယ်။ ဒါဟာ အပြုသဘောဆောင်တိုးတက်မှုပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေသော ပညာရေးပုံစံဟာ ကျောင်းသားတွေကို အသိဉာဏ်ဆိုင်ရာတွေ ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်သလို နောက်ထပ် အသက်မွေးမှုပညာတွေကိုလည်း ရွေးချယ်နိုင်မှာပဲ ဖြစ်ပါတယ်။

**စိန်ခေါ်မှုတွေ ရှိဆဲ**

သို့သော်လည်း သိသာတဲ့ စိန်ခေါ်မှုတွေကတော့ ရှိနေဆဲဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ အသက် ၂၅ နှစ်မှ ၂၉ နှစ်ကြား ဘွဲ့ရအလုပ်လက်မဲ့နှုန်းဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ၈ ဒသမ ၂ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ကမ္ဘာ့အဆင့်နဲ့တော့ များလှတယ်တော့ မဟုတ်ပေမယ့် အရှေ့တောင်အာရှမှာတော့ နည်းနည်းတော့ များတယ်လို့ ဆိုရမလိုပါပဲ။

နောက်တစ်ခုကတော့ အလုပ်ရှင်နဲ့ ဘွဲ့ရတွေကြား လိုအပ်ချက်ကွာဟမှုတွေပဲ ဖြစ်ပါတယ်။ တက္ကသိုလ်ပြီးသွားတဲ့ ဘွဲ့ရတစ်ယောက်ရဲ့အရည်အချင်းနဲ့ ကျွမ်းကျင်မှုတွေဟာ စက်ရုံတွေ၊ အလုပ်ရှင်တွေလိုအပ်တဲ့ အရည်အချင်းတွေနဲ့ အံမချော်နေတုန်းပဲ ဖြစ်ပါတယ်။ ထို့အတူ သင်ကြားခြင်းနဲ့ သင်ယူခြင်းရဲ့အရည်အသွေးတွေကိုလည်း ဆန်းစစ်မေးခွန်းထုတ်ဖို့အချိန်ဟာလည်း ရောက်ရှိလာခဲ့ပါတယ်။ အဲဒီလိုမေးခွန်းထုတ်တာတွေဟာ အခုဆိုရင် အိန္ဒိယနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာခဲ့ပါတယ်။

**ဘွဲ့ရတွေများသော်လည်း အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်နေဆဲ**

တရုတ်နိုင်ငံမှာ အဆင့်မြင့်ပညာရေး လျင်လျင်မြန်မြန် ဖွံ့ဖြိုးလာခြင်းဟာ လိုအပ်ချက်နဲ့ ရရှိမှုတွေကြား ကွာဟမှုတွေကို ဖြစ်လာစေပြီးတော့ ဘွဲ့ရတွေများတဲ့ မြို့ကြီးတွေမှာ အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်မှုတွေရှိလာချိန်မှာပဲ သိပ်ကြီးကျယ်မခမ်းနားတဲ့ မြို့လေးတွေနဲ့ မြို့ငယ်လေးတွေမှာ လိုအပ်ချက်တွေနဲ့ ပြည့်စုံနေတဲ့ ဘွဲ့ရတွေဟာလည်း လုံလုံလောက်လောက် မရှိသေးတာကို တွေ့ရပါတယ်။

လတ်တလောမှာ တရုတ်အစိုးရဟာ ကောလိပ်အမြောက်အမြားကို အိမ်တွင်းသက်မွေးမှုပညာသင်ကျောင်းတွေအဖြစ် ပြောင်းလဲမှုတွေ လုပ်ဆောင်နေပါပြီ။ ဒါဟာ ဘာကိုရည်ရွယ်ပြီး လုပ်ဆောင်သလဲဆိုရင် တကယ့်ဈေးကွက်မှာ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ကိုက်ညီအောင် ဦးတည်ချက်ထား လုပ်ဆောင်သလို အလုပ်လက်မဲ့နှုန်းတွေ မမြင့်တက်စေဖို့ လုပ်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။ သို့သော်လည်း အဲလိုလုပ်လိုက်ခြင်းဖြင့် အလုပ်ရှိဘွဲ့ရတွေရဲ့ လစာဟာ လျော့နည်းသွားနိုင်ခြေရှိပါတယ်။

စင်ကာပူကဲ့သို့သော နိုင်ငံငယ်လေးတစ်ခုမှာ တကယ့်အရေးကြီးတဲ့ မေးခွန်းက ဘာလဲဆိုတော့ ဘွဲ့ရတွေကို လိုအပ်တဲ့ အရည်အသွေးတွေ ပြည့်နေအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

**သင်ကြားရေးပုံစံ အပြောင်းအလဲ**

အဓိကပြောင်းလဲမှု နောက်တစ်ခုကတော့ ဦးဆောင်တက္ကသိုလ်တွေရဲ့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံအပေါ် စိတ်ဝင်စားမှုတွေ မြင့်တက်လာတာနဲ့အတူ အရည်အသွေးမီတဲ့၊ အရည်အချင်းရှိတဲ့ သင်ကြားခြင်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ဟိုးအရင်တုန်းက တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲလေ့လာသင်ယူတဲ့ ပညာရေးပုံစံကနေပြီးတော့ အကြောင်းအရာမျိုးစုံကို လေ့လာတဲ့ ပြောင်းလဲလာမှုတွေအဖြစ် ပေါ်ပေါက်လာခဲ့တာပဲ ဖြစ်ပါတယ်။

သင်ခန်းစာတွေအပေါ် အလွတ်ကျက်ခြင်းကို အခြေခံတဲ့ ရိုးရာသင်ကြားခြင်းနည်းလမ်းတွေကနေ ပိုပြီး အပြန်အလှန် တုံ့ပြန်အကျိုးပြုမှုစနစ်တွေနဲ့ သင်ကြားတဲ့ ပုံစံတွေကို တိုးတက်ပြောင်းလဲလာပြီဖြစ်သလို တကယ့်ပညာရေးနယ်ပယ်မှာ ထွက်ပေါ်လာမယ့် ရလဒ်တွေကလည်း တကယ့် တီထွင်ဖန်တီးနိုင်မှုတွေ၊ နှိုင်းနှိုင်းချိန်ချိန် ကျိုးကြောင်းမျှတစွာ တွေးခေါ်ဆင်ခြင်စဉ်းစားနိုင်စွမ်းတွေ ပေါ်ထွက်လာရေးပဲ ဖြစ်ပါတယ်။

ပြောင်းလဲလာတဲ့ ပညာရေးနဲ့အတူ ကမ္ဘာကြီးနဲ့ အာရှအကြောင်း ကောင်းကောင်းနားလည်နိုင်စွမ်းရှိတဲ့ တကယ်အရည်အချင်းရှိတဲ့ ခေါင်းဆောင်တွေ မွေးထုတ်နိုင်ရေးဟာ တက္ကသိုလ်တွေအတွက် အဓိကရည်မှန်းချက်ဖြစ်သလို အရေးလည်း ကြီးလှပါတယ်။

**သုတေသနတွေမှာ ပိုမိုသုံးစွဲလာ**

အာရှ အဆင့်မြင့်ပညာရေးမှာ တတိယပြောင်းလဲမှု တစ်ခုကတော့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေကို မြင့်မားလာခြင်းပဲ ဖြစ်ပါတယ်။ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေကို ကြည့်မယ်ဆိုရင် တောင်ကိုရီးယားရဲ့ ဂျီဒီပီဟာ အစ္စရေးထက် များနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ပညာရေးအသုံးစရိတ်ကတော့ အာရှကို ကျော်လွှား သွားနိုင်ပါတယ်။

သုတေသနတွေ အားကောင်းကောင်းနဲ့ ဖွံ့ဖြိုးလာတာနဲ့အညီ သုတေသနဘာသာပြန်ဆိုချက်တွေနဲ့ တီထွင်ဆန်းသစ်ခြင်းတွေဟာ အာရှရဲ့ တက္ကသိုလ်တွေကြား ရေပန်းစားလာပါတော့တယ်။ အရေးကြီးဆုံးတစ်ခုကတော့ တက္ကသိုလ်တွေနဲ့ စက်ရုံ၊ အလုပ်ရုံတွေကြား နက်နဲတဲ့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ် ပေါင်းစပ်လုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီလို လုပ်ငန်းစဉ်တွေမှာ သဟဇာတဖြစ်မှုတွေ သိပ် မတွေ့ရသေးပါဘူး။

ပညာရှင်တွေက ပညာရပ်တွေကို လူအများဖြန့်ဝေပေးဖို့ စာအုပ်စာပေ ထုတ်ဝေရေးတွေအပေါ် အာရုံညွှတ်နေပေမယ့် စက်ရုံ၊ အလုပ်ရုံတွေကတော့ ရလဒ်နဲ့ အကျိုးအမြတ်ကိုပဲ ကြည့်လေ့ရှိပါတယ်။ ပညာရေးနယ်ပယ်မှာ ကျင်လည်တဲ့သူတွေဟာ လွတ်လပ်စွာ ရှာဖွေမှုတွေကို မြတ်နိုးပြီး ကာလရှည်ကြာ လေ့လာမှုတွေအပေါ်မှာ စိတ်ကို နှစ်မြှုပ်ထားလေ့ရှိပါတယ်။ သို့သော်လည်းပဲ စက်ရုံ၊ အလုပ်ရုံတွေကတော့ အချိန်ကာလသတ်မှတ်ချက်တစ်ခု၊ လုပ်ငန်းအစီအစဉ်နဲ့ ပစ္စည်းအများဆုံးတင်ပို့နိုင်ရေးကိုပဲ အဓိကထားအာရုံစိုက်ကြပါတယ်။

**ပညာရေးဆိုင်ရာ ပြောင်းလဲမှုအပေါ် ချဉ်းကပ်လာ**

ဒီနေရာမှာ ဘယ်လိုပဲဖြစ်ဖြစ် ပညာရေးဆိုင်ရာ အခင်းအကျင်းတွေ ပြောင်းလဲဖြစ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် စက်ရုံ၊ အလုပ်ရုံတွေကလည်း ပွင့်လင်းတဲ့ တီထွင်ဆန်းသစ်နည်းပညာတွေနဲ့ နည်းဗျူဟာတွေအပေါ် ချဉ်းကပ်ဖို့ လုပ်ဆောင်လာကြတာကို တွေ့ရပါတယ်။

အခုလို နည်းပညာခေတ်ကြီးမှာ နည်းပညာတွေဟာ တစ်ဦးတစ်ယောက်ချင်းစီရဲ့အရည်အသွေးတွေ၊ ကျွမ်းကျင်မှုတွေကို မြှင့်တင်ပေးပြီး တစ်ဦးတစ်ယောက်ချင်းစီကို တခြားအရာတွေ အများကြီး လုပ်ဆောင်နိုင်အောင် ကူညီပေးပါတယ်။ ခေတ်သစ်စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးပုံစံတွေဟာ အသစ်အသစ်သော ပြောင်းလဲလာမှုအကြောင်းတရားတွေအပေါ် တည်မှီနေပါတယ်။ မည်သို့ပင်ဆိုစေ လျင်မြန်စွာဖွံ့ဖြိုးလာတဲ့ အာရှဟာ တက္ကသိုလ်တွေအတွက် ပညာရေးတွေ တိုးတက်အောင်၊ သုတေသနတွေ တိုးတက်အောင်၊ စွန့်ဦးတီထွင် အစီအစဉ်တွေ တိုးတက်အောင် စတဲ့ကောင်းမွန်တဲ့ အခြေအနေတွေကို ဖန်တီးပေးနေတဲ့ အနေအထားတွေကို တဖြည်းဖြည်း ပြောင်းလဲလာနေပြီ ဖြစ်ပါကြောင်း။ ။

**ကိုးကား- ချန်နယ်နယူးအေးရှ**

> **"ပြောင်းလဲလာတဲ့ ပညာရေးနဲ့အတူ ကမ္ဘာကြီးနဲ့ အာရှအကြောင်း ကောင်းကောင်းနားလည်နိုင်စွမ်းရှိတဲ့ တကယ်အရည်အချင်းရှိတဲ့ ခေါင်းဆောင်တွေ မွေးထုတ်နိုင်ရေးဟာ တက္ကသိုလ်တွေအတွက် အဓိကရည်မှန်းချက်ဖြစ်"**

# ကျွန်တော်တို့လည်း တာဝန်ရှိပါသည် ကိုယ်စီတူမျှ ထမ်းကြတာဝန်

**မြတ်မိုးသွယ်**

“ဒေသတွင်းနေထိုင်သည့် ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများနှင့် ပြည့်ဝနေရန်လိုအပ်သည့်အပြင် နိစ္စဓူဝနေထိုင် အသက်မွေးမှုတွင်လည်း သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရယူဆောင်ရွက်သွားရန် လွန်စွာအရေးကြီးပါသည်”

မိုး...မိုး တောင်ကညို...ရွာမလို့ ရွာမလို ... ရွာမလိုလိုနဲ့ ... ရွှေမိုးညို့ကာမှိုင်း ... အုံ့ကာဆိုင်းခဲ့ရင်

အဆွေးခေတ်ခံရှိသူတို့အဖို့ ဒီသီချင်းကို ကြားရချိန်မှာ ဘယ်ဆီမျှော်မှန်း လွမ်းရမလို ဖြစ်တတ်ကြပါသည်။ အလွမ်းအဆွေးခေတ်ခံရှိသူများအား လွမ်းစေတမ်းစေနိုင်သကဲ့သို့ပင် မိုးသံလေသံကြားရလျှင်ဖြင့် နေစရာမရှိသလို ခံစားရသူများလည်း ရှိတတ်ပါသည်။

‘လေတွေမိုးတွေကျလာရင် ကျွန်မကတော့ ဘုရားပဲပြေး ရှိခိုးတော့တာပဲ ဆရာမရယ်’ ဟု ရင်ဖွင့်စကားဆိုလာသူကတော့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သင်္ကန်းကြီးကျေးရွာမှ တောင်သူအမျိုးသမီးကြီးတစ်ဦးပင် ဖြစ်ပါသည်။

### အကြိမ်ကြိမ်မေးမြန်းခြင်းကိုလည်းခံခဲ့ရ

စာရေးသူ၏ မဟာဘွဲ့အတွက် သုတေသနစာတမ်းတစ်ခုကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှာ သွားရောက်ဆောင်ရွက်ခဲ့စဉ် ကျေးရွာရှိ ရွာသူရွာသားများနှင့် စကားစမြည်ပြောကြရင်း ၎င်းတို့၏ရင်တွင်းမှ ခံစားချက်အချို့ကို သိမြင်ခွင့်ရရှိခဲ့ပါသည်။ စာရေးသူအနေဖြင့် သုတေသနစာတမ်းအတွက် လပွတ္တာမြို့နယ်ကို ရွေးချယ်ခဲ့စဉ်က “ဘာကြောင့် ဤဒေသကိုရွေးချယ်ရသလဲ” ဆိုတဲ့ မေးခွန်းကို ကိုယ်တိုင် အကြိမ်ကြိမ်မေးဖူးခဲ့သလို အခြားသူများ၏ အကြိမ်ကြိမ်မေးမြန်းခြင်းကိုလည်း ခံခဲ့ရပါသည်။

အဆိုပါဒေသကို ရွေးချယ်ရသည့် အဓိကအကြောင်းရင်းမှာ လပွတ္တာမြို့နယ်သည် နာဂစ်မုန်တိုင်းတိုက်ခတ်ချိန်၌ လူ့အသက်ဆုံးရှုံးမှုများပြားခဲ့ခြင်း၊ နစ်နာဆုံးရှုံးမှု ကြီးကြီးမားမား ကြုံတွေ့ခဲ့ရခြင်းတို့ကြောင့် ဖြစ်သည့်အပြင် ဒေသ၏ တည်နေရာအနေအထားအရပင်လျှင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်သောကြောင့် ဖြစ်ပါသည်။ စာရေးသူတို့ကျောင်းတွင် စာရေးသူကဲ့သို့ အခြားသော စာတမ်းပြုစုနေကြသူများသည် အချက်အလက် အလွယ်တကူရရှိနိုင်သည့် ပြည်ပနိုင်ငံများတွင် စာတမ်းပြုစုကြချိန်၌ စာရေးသူက မိမိနိုင်ငံအကြောင်းကိုသာ စာတမ်းပြုစုလိုစိတ်ပြင်းပြခဲ့ပါသည်။ အကြောင်းမှာ မိမိနိုင်ငံတွင်ပြုလုပ်သည့် သုတေသနတွေ့ရှိချက်များသည် မိမိနိုင်ငံအတွက်၊ မိမိဒေသအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေလိုသော စိတ်ဆန္ဒအရင်းခံကြောင့်ပင် ဖြစ်ပါသည်။

### ၂၄ နာရီပတ်လုံးလျှပ်စစ်မီးရရှိနိုင်

လပွတ္တာဒေသသို့ ၂၀၁၅ခုနှစ် ဇွန်လအတွင်း ပြန်လည်ရောက်ရှိခဲ့ချိန်၌ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ရှိ လပွတ္တာဒေသနှင့် များစွာကွာခြားနေခဲ့သည်ကို သတိပြုခဲ့မိပါသည်။ ယင်းသို့ ကွာခြားသည့်အချက်များမှာ အခြေခံအဆောက်အအုံ၊ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်မှု စသည်တို့သည် အဓိကအချက်များဖြစ်ပါသည်။ ယခင်က တစ်နေ့လျှင် နှစ်နာရီခန့်သာ လျှပ်စစ်မီးရရှိခဲ့သည့် လပွတ္တာမြို့သည် ယခုဆိုလျှင် ၂၄ နာရီပတ်လုံး လျှပ်စစ်မီးရရှိနိုင်ပြီ ဖြစ်ပါသည်။ ထိုနည်းတူစွာ ဆက်သွယ်ရေးဆိုလျှင်လည်း ယခင်က ကမ်းရိုးတန်းသုံးဆက်သွယ်ရေး ဖုန်းကိုသာ အားထားခဲ့ရပြီး ယခုဆိုလျှင် GSM ဖုန်းလိုင်းကို တယ်လီဖုန်းအော်ပရေတာ သုံးမျိုးမှတစ်ဆင့် အသုံးပြုဆက်သွယ်နိုင်ပြီဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင်လည်း ယခင်က ကားလမ်းမပေါက်သည့် အစွန်အဖျားကျေးရွာများအထိ ဆိုင်ကယ်၊ မော်တော်ကား၊ ထွေလာဂျီတို့ဖြင့် လျင်လျင်မြန်မြန် ချိတ်ဆက်သွားလာနိုင်ပြီဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးဆိုလျှင်လည်း ယခင့်ယခင်နှစ်များနှင့် မတူညီစွာ စာသင်ကျောင်း၊ ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းများကို တိုးချဲ့ဆောက်လုပ်ပေးရုံမျှမက ၎င်းတို့အတွက် ဝန်ထမ်းအင်အားကိုပါ တိုးမြှင့်ခန့်ထားပေးထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ဒေသအတွင်းတွင်လည်း မုန်တိုင်းဒဏ်ခံ အဆောက်အအုံများနှင့်အတူ မုန်တိုင်းဒဏ်ခံဆေးရုံနှင့် စာသင်ကျောင်းများကိုပါ တည်ဆောက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

ယင်းကဲ့သို့သော အခြေအနေများကို အချိန်ကာလတိုတိုအတွင်း ယခုကဲ့သို့ ဖန်တီးပေါ်ပေါက်စေခဲ့သည့် အကြောင်းရင်း တစ်ခုလည်းရှိပါသည်။ အဆိုပါ အကြောင်းရင်းမှာ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များတွင် မြန်မာနိုင်ငံသို့ ဝင်ရောက် တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းပင် ဖြစ်ပါသည်။ နာဂစ်ဟူသည့် အမည်ကို ပါကစ္စတန်နိုင်ငံမှ အမည်ပေးမှည့်ခေါ်ခဲ့ခြင်းဖြစ်ပြီး နွေဦးတွင်ပွင့်သည့် လှပသော အဝါရောင်ပန်းဟု အဓိပ္ပာယ်ရပါသည်။ အမည်အားဖြင့် လှပခဲ့သော်လည်း လက်တွေ့တွင်မူ ၂၀၀၈ခုနှစ်၏ မိုးဦးကာလကို လွန်စွာမှ အကျည်းတန်ရုပ်ဆိုးစေသည့် ဖြစ်ရပ်တစ်ခုနှင့် မိတ်ဆက်ပေးခဲ့ပါသည်။ ဤတွင် မုန်တိုင်းနှင့်ဆက်စပ်၍ မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် မုန်တိုင်းများအနက် မိုးဦးကာလနှင့် မိုးနှောင်းကာလအတွင်း ဝင်ရောက်သည့် မုန်တိုင်းများသည် အဖျက်စွမ်းအား ပိုမိုမြင့်မားကြောင်းကို သမိုင်းကြောင်း ဖြစ်ရပ်များအရ သိရှိရပါသည်။ နာဂစ်သည်လည်း မြန်မာနိုင်ငံ သမိုင်းကြောင်းတစ်လျှောက်တွင်သာမက ကမ္ဘာ့သမိုင်းတွင်ပါ အဆိုးရွားဆုံးသော သဘာဝဘေးတစ်ခုအဖြစ် မှတ်တမ်းတင်ခံခဲ့ရပါသည်။

တစ်နာရီလျှင် ၁၀၀-၁၅၀ မိုင်အတွင်း တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် လူပေါင်း ၁၄၀၀၀၀ခန့် သေဆုံးပျောက်ဆုံးခဲ့ရပြီး လူပေါင်း ၂ ဒသမ ၄ သန်းခန့် ထိခိုက်ခံစားခဲ့ကြရပါသည်။ စီးပွားရေး တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံခန့်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ် နိုင်ငံ့ဂျီဒီပီ၏ ၂၁ ရာခိုင်နှုန်း ခန့်ရှိခဲ့ပါသည်။ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၃၇ မြို့နယ်ဘေးသင့်ခဲ့ရပြီး ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ငါးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် နှစ်မြို့နယ်တို့တွင် အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ကြရပါသည်။

### သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆိုးဆိုးရွားရွားထိခိုက်ဆုံးရှုံးခဲ့သည့် မြို့နယ် ငါးမြို့နယ်တွင် ပင်လယ်ရေမျက်နှာပြင်အထက် သုံးပေခန့်တွင်တည်ရှိသည့် လပွတ္တာမြို့နယ်လည်း ပါဝင်ခဲ့ပါသည်။ နာဂစ်မုန်တိုင်းအတွင်း လပွတ္တာမြို့နယ်တွင် လူပေါင်း ၈၀၀၀၀ ကျော် သေဆုံးပျောက်ဆုံးခဲ့ပြီး လူပေါင်း နှစ်သိန်းနီးပါး ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ကြရပါသည်။ နာဂစ်ကြောင့် စီးပွားရေးအရ တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုများသာမက အခြားသော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများစွာလည်း ဖြစ်ပွားခဲ့ပါသည်။ နာဂစ်မုန်တိုင်း အရေးပေါ်ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပ အဖွဲ့အစည်းပေါင်း ၆၀ကျော်နှင့် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ မြောက်မြားစွာတို့သည် လပွတ္တာမြို့နယ်တွင် လုပ်ငန်းများဆောင်ရွက်ခဲ့ကြပါသည်။ တစ်ဖက်တွင် ဒေသ၏ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပအကူအညီများစွာ ရရှိခဲ့သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဒေသခံပြည်သူများအတွင်း အကူအညီအပေါ်မှီခိုအားကိုးလွန်းမှုများ၊ လူမှုရေးစိတ်ဓာတ်ပျက်ပြားမှုများ၊ ကျေးရွာပြည်သူများအကြား စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ထို့အပြင် ဘေးအန္တရာယ်ကို ထိတ်လန့်ကြောက်ရွံ့မှု၊ စီးပွားရေး၊ လူမှုရေးထိခိုက်ဆုံးရှုံးမှုနှင့် ဘေးဖြစ်ပြီးချိန်၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခက်အခဲများကြောင့် နေရပ်စွန့်ခွာရမှုများ၊ အခြားလူကုန်ကူးမှုအပါအဝင် လူမှုရေးပြဿနာများစွာလည်း တွေ့ကြုံခဲ့ရပါသည်။ သဘာဝပတ်ဝန်းကျင်အပိုင်းကို ကြည့်မည်ဆိုလျှင်လည်း မုန်တိုင်း၏ ဒီရေလှိုင်းဒဏ်၊ လေပြင်းကြမ်းကြမ်းဒဏ်တို့ကြောင့် ဒေသတွင်းရှိ သဘာဝသစ်တောစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့် ထိခိုက်ပျက်စီးခဲ့ရပါသည်။ ထို့အပြင် စိုက်ပျိုးမြေများ၊ ဆားကွင်းများနှင့် ငါး၊ ပုစွန်မွေးကန်များအတွင်း မုန်တိုင်းဒီရေများဝင်ရောက်ခဲ့ခြင်းကြောင့် လယ်ယာသားငါးလုပ်ငန်းများတွင်လည်း ဆုံးရှုံးမှုကြီးမားခဲ့ပါသည်။

### ပေးဆပ်လိုက်ရသည့်အရင်းအနှီး

ယင်းကဲ့သို့သော ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည့် ဒေသအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအပါအဝင် အဖွဲ့အစည်းပေါင်းစုံက စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့ကြတဲ့အတွက် ယခုအခါတွင်မူ အဆိုပါဒေသ၌ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တွေ့မြင်ခံစားနိုင်ကြပြီ ဖြစ်ပါသည်။ သို့ရာတွင် ယင်းကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပေးဆပ်လိုက်ရသည့် အရင်းအနှီးမှာ ကြီးမားများပြားလွန်းလှပေသည်။ တန်ဖိုးဖြတ်မရနိုင်သည့် လူ့အသက်များ၊ ထိခိုက်ခံစားရမှုများကို ရင်းနှီး၍ ရရှိလာသည့် အဆိုပါ အသီးအပွင့်များကို ထပ်မံမဆုံးရှုံးရစေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များစွာ ရှိနေပါသေးသည်။

မူဝါဒချမှတ်မှုအပိုင်းတွင်လည်း ရံခါများစွာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ရာ၌ စီးပွားရေးအရ ပြန်လည်ရရှိမည့် အကျိုးအမြတ်ကို မျှော်တွေး၍ ဆုံးဖြတ်ချက်ချမှတ်လုပ်ဆောင်သည်များရှိပေသည်။ သို့ရာတွင် ဧရာဝတီကဲ့သို့သော ဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည်သာ ပင်မစီးပွားရေးထွက်ကုန် ဖြစ်သည့်အတွက် ဒေသ၏ အစွန်အဖျားမြို့နယ်၊ ကျေးရွာအများစုမှာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေဆဲဖြစ်ပါသည်။ ယခင်က လပွတ္တာအပါအဝင် မြို့နယ်အများစုသည် ရေလမ်းခရီးကိုသာ အားကိုးအားထားပြုခဲ့ရပြီး နာဂစ်မုန်တိုင်း ပြန်လည်ထူထောင်ရေး ဆောင်ရွက်သည့်အချိန်မှသာ ကားလမ်းများ တွင်ကျယ်လာခဲ့ခြင်းဖြစ်ပေသည်။ သို့ဖြစ်ရာ ဒေသတစ်ခု၏ စီးပွားရေးအလားအလာကောင်းများကိုသာ ရှေးရှု၍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းထက် အဆိုပါဒေသ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးစေရေးအတွက်ပါ ရည်ရွယ်၍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးရန် လွန်စွာအရေးကြီးပေသည်။

ထိုနည်းတူစွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဟု ဆိုရာ၌လည်း ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအပြင် အဆိုပါဒေသအတွက် ရေရှည်တည်တံ့နိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပေါ်ပေါက်စေနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန် လိုအပ်လှပေသည်။ ဒေသခံပြည်သူတို့အတွက် လုံခြုံစိတ်ချရသည့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခြင်းမရှိပါက နှောင်တစ်ကြိမ် ဘေးဖြစ်လာချိန်တွင် မလျော့သော ဆုံးရှုံးနစ်နာမှုမျိုးနှင့် ထပ်မံကြုံတွေ့ရပေဦးမည် ဖြစ်ပါသည်။ ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ မြေယာစီမံခန့်ခွဲမှုများ၊ ငွေရေးကြေးရေးအစီအစဉ်များကို စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါသည်။ စိုက်ပျိုးမြေများနှင့် မွေးမြူရေးလုပ်ငန်းများအား ဒီရေလှိုင်းဒဏ်၊ ရေလွှမ်းမိုးမှုဒဏ်တို့မှ အကာအကွယ်ပေးနိုင်မည့် အစီအမံများဆောင်ရွက်ပေးရန် အရေးကြီးပါသည်။

### သတင်းအချက်အလက်များကိုရယူဆောင်ရွက်

ပြည်သူလူထုအပိုင်းတွင်လည်း မိမိတို့၏ အတိတ်က ဖြစ်ရပ်ဆိုးကို သင်ခန်းစာရယူပြီး မိမိဒေသကို ဘေးဒဏ်ရင်ဆိုင်တုံ့ပြန် နိုင်စွမ်းရှိအောင် ဝိုင်းဝန်းတည်ဆောက် ထိန်းသိမ်းကြရန် လိုအပ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် ဒုတိယမြောက် လူဦးရေအထူထပ်ဆုံးဒေသဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သည့် သဘာဝအရင်းအမြစ်များအပေါ်တွင် မှီခိုအားထားနေရသည့် အတွက် အဆိုပါ သဘာဝအရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူအသုံးပြုခြင်းသည် သဘာဝဘေးအန္တရာယ်များကို လက်ကမ်းကြိုဆိုနေခြင်းသာ ဖြစ်ပေသည်။ မြစ်ဝကျွန်းပေါ် ဒေသဖြစ်သည့်အတွက် ရေနှင့်ဆက်စပ်သည့် ဘေးအန္တရာယ် မျိုးစုံ ကျရောက်နိုင်ခြေ မြင့်မားလျက်ရှိသဖြင့် ဘေးဒဏ်ရင်ဆိုင်နိုင်စွမ်းကို ပိုမိုတွန်းအားပေး ဆောင်ရွက်နိုင်မှသာ တော်ရုံကျမည် ဖြစ်ပါသည်။ ဒေသတွင်းနေထိုင်သည့် ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများနှင့် ပြည့်ဝနေရန်လိုအပ်သည့်အပြင် နိစ္စဓူဝ နေထိုင် အသက်မွေးမှုတွင်လည်း သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရယူဆောင်ရွက်သွားရန် လွန်စွာအရေးကြီးပါသည်။ ပျိုးကြဲချိန်တွင် မိုးရက်ရှည်ရွာသွန်း နိုင်မှု၊ ရေကြီးနိုင်မှု သို့မဟုတ် မိုးခေါင်ရေရှားနိုင်မှု၊ သီးနှံများ စိုက်ပျိုးချိန်တွင် ထူးခြားရာသီဥတုဖြစ်စဉ်များကြောင့် ပိုးမွှားအန္တရာယ်ကျရောက်နိုင်မှု၊ ထိုနည်းတူစွာ သီးနှံရိတ်သိမ်းချိန်တွင် မိုးသက်လေပြင်းကျရောက်နိုင်မှု သို့မဟုတ် ရေလွှမ်းမိုးနိုင်မှုအစရှိသည့် သတင်းအချက်အလက်များကို ရယူဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အချိန်ကြာမြင့်စွာ ဆိုးကျိုးဖြစ်ပေါ်စေ နိုင်သည့် မိုးခေါင်ရေရှားဘေး၊ ရေလွှမ်းမိုးမှုဘေး အစရှိသည်တို့နှင့် စပ်လျဉ်းသည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာသတင်းများ၊ ဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် ကြိုတင်သတိပေးချက်များကိုလည်း မျက်ခြည်မပြတ် နားထောင်၍ သတိပြုလိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါသည်။

### ကြိုတင်ပြင်ဆင်ကာကွယ်ပေးခြင်း

စင်စစ်အားဖြင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ဘေးလျော့ပါးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းတို့သည် အချည်းနှီးဖြစ်သည်ဟူ၍ မရှိနိုင်ပါ။ ဘေးဖြစ်ပြီးမှ ဆောင်ရွက်ရသည့် ပြန်လည်ထူထောင်ခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအထိ ရည်ရွယ်၍ လုပ်ဆောင်နိုင်ပါက အကျိုးရှိသော်လည်း တစ်ဖက်က ကြည့်မည်ဆိုပါက ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုများ (ဘေးကြောင့် လူ့အသက်ဆုံးရှုံးမှု၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများ) ပါဝင်နေသည်ဖြစ်ရာ မဖြစ်ခင်က ကြိုတင်ပြင်ဆင်ကာကွယ်ပေးခြင်းသည်သာ အဘက်ဘက်မှ ကောင်းမွန်သည့် ဖြေရှင်းဆောင်ရွက်မှုဖြစ်ပေသည်။ ထိုကဲ့သို့သော ကြိုတင်ပြင်ဆင်ကာကွယ်မှုများကိုလည်း အိမ်ထောင်စုအဆင့်၊ ရပ်ရွာအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ အဆင့်တိုင်းက တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခု တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရင်း နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ယခုဆောင်းပါးအား မှတ်တမ်းတင်ရေးသားလိုက်ရပါသည်။ ။



# အညာဒေသ၌ ထန်းပင်များကို အကြောင်းအမျိုးမျိုးဖြင့် ခုတ်လှဲမှုများပြားလာ

**ညောင်ဦး မေ ၁**

မြန်မာနိုင်ငံ၏ အညာဒေသဟု ခေါ်သော မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရှေးဘိုးဘွားဘီဘင်လက်ထက်က စိုက်ပျိုးထားခဲ့သော ထန်းပင်များ ရေမြေရာသီဥတု အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးမှု များပြားလာပြီး ယခုအခါ စိုက်သူနည်းပါးကြောင်း ဒေသခံများက ပြောသည်။



**ပူပြင်းသောနေရာများတွင် တွေ့ရှိရ**

ထန်းပင်သည် မြန်မာနိုင်ငံ မိုးခေါင်ရေရှားရပ်ဝန်းဖြစ်သော ဒေသများတွင် အများအပြား ဖြစ်ထွန်းအောင်မြင်သည်။ မိုးရေချိန်လက်မ ၂၀ မှ ၄၀ အတွင်း ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုကို နှစ်သက်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ မြေလတ်ပိုင်းဒေသနှင့် ပူပြင်းခြောက်သွေ့သော နေရာများတွင် တွေ့ရှိရသည်။ ထန်းပင်၏ အမြင့်ပေမှာ ၆၀ မှ ၈၀ အထိရှိသည်။ ထန်းပင်သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၅၀ မှ ၂၀၀ အထိရှိသည်။ ခုစိုက်ပြီး နှစ်နှစ်၊ သုံးနှစ်အတွင်း အကျိုးခံစားရသော အပင်မျိုးမဟုတ်ပေ။ ယခု သုံးစွဲနေရသော အပင်များသည် လွန်ခဲ့သော နှစ် ၃၀ - ၄၀ ခန့်က စိုက်ခဲ့သော အပင်များဖြစ်သည်။ ထို့ကြောင့် အခုစိုက်၍ အကျိုးမခံစားရသည့်အတွက် စိုက်သူများမရှိသလောက် ရှားပါးလာသည်။ ထန်းသားအိမ် ဆောက်လုပ်ရာတွင် ထန်းပင် သုံးပင်မှ ငါးပင်၊ ခြောက်ပင်အထိ ခုတ်လှဲရသည်။ မိသားစုများ တိုးပွားလာသည်နှင့်အမျှ အိမ်ဆောက်ရန် ထန်းပင်ခုတ်လှဲမှုကြောင့် ထန်းပင်များ နည်းပါးလာပြီဖြစ်သည်။

**ထန်းသားအသုံးပြုမှုများလာ**

သစ်သားရှားပါးလာချိန်တွင် အိမ်ဆောက်ရန် ထန်းပင်ရင့်ရင့် သက်တမ်းလွန်ထန်းပင်များကို အသုံးပြုသူများလာကြသည်။

"ကျွန်တော်တို့နယ်မှာ အုတ်ဖုတ်တဲ့အတွက် တချို့ထန်းပင်အနုတွေကိုတော့ အုတ်ထင်းအဖြစ် အသုံးပြုကြတယ်၊ ထန်းလှီးတဲ့သူလည်း နည်းသွားတယ်၊ ထန်းပင်အမြင့်တွေကိုတော့ ထန်းလွန်ခေါ်တာပေါ့၊ ထန်းလွန်တွေကို ဒေသခံတွေကပဲ အိမ်ဆောက်ဖို့ ကိုယ့်ဒေသကလူကို ပြန်ရောင်းကြတယ်၊ ထန်းတစ်ပင်ကို ငွေကျပ် ၂၀၀၀၀ နဲ့ ပိုင်ရှင်က ရောင်းတယ်။ သစ်မာသားအစား ထန်းသားအသုံးပြုလာတာများလာတယ်"ဟု ဒေသခံများက ပြောသည်။

"ဒီအရပ် ဒီဒေသမှာ ခုချိန်ထိ တခြားနယ်က လာဝယ်တာမတွေ့ဖူးသေးပါဘူး၊ ညောင်ဦးမြို့နယ်မှာ ထန်းပင်ကို အိမ်ဆောက်ဖို့ခွဲတာ၊ လှဲတာပဲဆိုပြီးတော့ ဘာမှတော့ မထိန်းသိမ်းသေးဘူး၊ အခု လှဲတာခုတ်တာကတော့ ယာခင်းထဲမှာ ရှုပ်နေလို့ ခုတ်လှဲတာလောက်ပဲရှိတယ်၊ အလွန်အကျွံခုတ်လှဲလာမယ်၊ တခြားဒေသတွေကိုရောင်းမယ်၊ တခြားကဈေးကောင်းပေးလို့ အရောင်းအဝယ် လုပ်လာမယ်ဆိုရင်တော့ ကျွန်တော်တို့က တားမှာပါ"ဟု သစ်တောတာဝန်အရာရှိ တာဝန်ထမ်းဆောင်သူ တောခေါင်းတစ်ဦးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

# သန့်ရှင်းသပ်ရပ်ပြီး စိတ်ချမ်းမြေ့စွာ ရောင်းဝယ်နိုင်စေရန် ပေါက်ချောင်းဈေးအား အဆင့်မြှင့်တင်ခြင်းဆောင်ရွက်

**မိတ္ထီလာ မေ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးဌာနမှ သန့်ရှင်းသပ်ရပ်စွာ စနစ်တကျ ရောင်းချနိုင်ရန်နှင့် ဈေးဝယ်ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ပေါက်ချောင်းဈေးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာရေးကော်မတီအဖွဲ့မှ သိရသည်။

မိတ္ထီလာမြို့၌ စည်ပင်သာယာရေးဈေး(ဗဟို)ဈေးကြီးအပြင် ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ ရန်မျိုးအောင်ဈေး၊ အောင်ဆန်းရပ်ကွက်အတွင်းရှိ မြို့သစ်ဈေး၊ အောင်ဇေယျာရပ်ကွက်အတွင်းရှိ ပုလဲဈေး၊ ဝန်ဇင်းရပ်ကွက်အတွင်းရှိ ဝန်ဇင်းဈေး၊ ပြည်သာယာ မြောက်ရပ်ကွက်အတွင်းရှိ ပြည်သာယာဈေးနှင့် ပေါက်ချောင်းရပ်ကွက်အတွင်းရှိ ပေါက်ချောင်းဈေးများရှိရာ ပေါက်ချောင်းရပ်ကွက်အတွင်းရှိ ပေါက်ချောင်းဈေးသည် ဈေးအတွင်းရောင်းချလျက်ရှိသည့် အသားငါးဆိုင်များ၊ ကုန်စိမ်းဆိုင်များ၊ ကုန်ခြောက်ဆိုင်များနှင့် စားသောက်ဆိုင်များမှာ ရောထွေးလျက်ရှိခြင်းကြောင့် ဈေးသည်များနှင့် ဈေးဝယ် ပြည်သူများ သွားလာဝယ်ယူရောင်းချရာတွင် အဆင်မပြေမှုများရှိကြောင်း သိရသည်။



အဆိုပါ အသားငါးဆိုင်များ၊ ကုန်စိမ်းဆိုင်များ၊ ကုန်ခြောက်ဆိုင်များနှင့် စားသောက်ဆိုင်များမှာ သန့်ရှင်းသပ်ရပ်ပြီး စနစ်တကျရောင်းချနိုင်စေရန်နှင့် ဈေးဝယ်ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးမှ တာဝန်ယူ၍ မိုးလုံလေလုံ ပုံကျဈေးဆိုင်ခန်းများ တည်ဆောက်ခြင်းနှင့်အတူ ဈေးသည်များ ၊ ဈေးဝယ်များ သွားလာရအဆင်ပြေစေရေး အကျယ် ခြောက်ပေရှိ ပလက်ဖောင်းခင်းခြင်းလုပ်ငန်း၊ ဈေးပတ်လည်၌ ရေဆိုးရေညစ်များထွက်ရှိနိုင်စေရေး၊ ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဧပြီလနောက်ဆုံးပတ်က စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နှစ်လအတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်သည်။

ယခုလက်ရှိ ပေါက်ချောင်းဈေးအတွင်း ဈေးသည် ၃၀၂ ဦးခန့် ရောင်းချလျက်ရှိရာ ယင်းပုံကျ မိုးလုံလေလုံဈေးဆိုင်ခန်းများ တည်ဆောက်ပြီးစီးပါက ဈေးသည်များ ရောင်းချလျက်ရှိသည့် ဆိုင်နေရာများကို စနစ်တကျ ဖြစ်ရန် မဲစနစ်ဖြင့် နေရာချထား ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အမြို့မြို့အနယ်နယ်၌ ကဆုန်ညောင်ရေသွန်းလောင်းလှူပွဲကျင်းပ

**နေပြည်တော်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာ ဓမ္မာရုံ၌ ဖွင့်လှစ်ထားရှိသော မွန်မြတ်နှလုံးသား ဓမ္မစကူးလ်၏ ဒုတိယအကြိမ်မြောက် စုပေါင်း ကဆုန်ညောင်ရေသွန်းလောင်းပွဲကို ကဆုန်လပြည့်နေ့က ပြုလုပ်ခဲ့သည်။ အဆိုပါ ဓမ္မာရုံအတွင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းရာတွင် မွန်မြတ်နှလုံးသား ဓမ္မစကူးလ်တွင် တက်ရောက်သင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၆၀ နှင့်အတူ ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ အလှူရှင်များနှင့် ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့ဝင်များက စုပေါင်းပါဝင် လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

**ညောင်လေးပင်**

ညောင်လေးပင်မြို့ Y.M.B.A (ခေါ်) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးမှ ဦးဆောင်၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်လေးပင်မြို့၏ အထင်ကရကဆုန်ညောင်ရေသွန်းလောင်းပွဲနှင့် (၉၉) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဧပြီ ၂၉ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကဆုန်ညောင်ရေသွန်းလောင်းခြင်းကို ဝိုင်အမ်ဘီအသင်းကြီးက ဦးဆောင်၍ မြို့ပေါ်ရပ်ကွက်များရှိ ဝတ်ရွတ်အသင်း ၁၃ သင်းနှင့် ဒေသခံပြည်သူများ၊ ကြယ်စင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မနက် ၇ နာရီတွင် ညောင်လေးပင်မြို့ မြို့မ (၁) ရပ်ကွက် ဘုရားကြီးလမ်းရှိ မဟာတိလောက သယမ္ဘူဘုရားကြီးဝင်းအတွင်းရှိ ဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

**မိုင်းယောင်း**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ နှစ် နှစ်ထောင်ကျော်ရှိ ရှေးဟောင်းသမိုင်းဝင် ဗောဓိရွှေညောင်ပင်နှင့် ရပ်ကွက်၊ ကျေးရွာရှိ ညောင်ပင်များတို့တွင် ဓလေ့ရိုးရာအစဉ်အလာများနှင့်အညီ ရိုးရာမပျက် ညောင်ရေသွန်းလောင်းခဲ့ကြပြီး ဘုရားကျောင်းကန်စေတီပုထိုးများ၌ စိတ်အေးချမ်းစွာ တရားဘာဝနာအားထုတ်သူများ၊ ဥပုသ်သီလဆောက်တည်သူများ၊ ကုသိုလ်ပြု သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# သုံးခွမြို့နယ် အနောက်တံခွန်တိုင်ကျေးရွာ၌ ရေဆင်း ကူးတို့ဆိပ်တံတားနှစ်စင်း တည်ဆောက်

**သုံးခွ မေ ၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် အနောက်တံခွန်တိုင်ကျေးရွာ၌ ပြည်သူများ ရေလမ်းကြောင်းခရီးသွားလာရာတွင် လည်းကောင်း၊ ကူးတို့သမ္ဗန်များ၊ မော်တော်စက်တပ်ရေယာဉ်များ ဆိုက်ကပ်သွားလာရာတွင် လွယ်ကူအဆင်ပြေစေရန် အရှည် ပေ ၆၀ ၊ အကျယ် ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေဆင်း ကူးတို့ဆိပ်တံတားနှစ်စင်းကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဇော်လင်းနိုင်နှင့်အဖွဲ့က ဧပြီ၂၉ ရက်တွင် ကွင်းဆင်းလေ့လာကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# စွန့်ပစ်အမှိုက် စနစ်တကျရှိစေရေး ချောင်းဦးမြို့နယ်အတွင်း စုပေါင်းအမှိုက်ကောက်

**ချောင်းဦး မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကြက်သွန်ဈေးကျေးရွာ၌ ကျေးလက်နေပြည်သူများ စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှုကို စနစ်တကျ လုပ်ဆောင်ပြီး ကျေးရွာများ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများနှင့်အတူ စုပေါင်းအမှိုက်ကောက်ခြင်းကို ဧပြီ ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

"ကိုယ်တိုင်စွန့်ပစ်တဲ့ အမှိုက်တွေက စနစ်တကျမရှိရင် မိမိပတ်ဝန်းကျင်၊ ကျေးရွာတွေရဲ့အလှကို ပျက်စီးစေတယ်ဆိုတဲ့ အသိနဲ့ စနစ်တကျ စွန့်ပစ်တဲ့ အလေ့အကျင့်ကောင်းတွေ ဖြစ်လာစေဖို့ အခုလို လုပ်ဆောင်ပေးတာပါ"ဟု ချောင်းဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိုးဝင်းက ပြောသည်။

ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာအုပ်စု ကြက်သွန်ဈေးကျေးရွာ၏ စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်း အသိပညာပေးခြင်းကိုပြုလုပ်ခဲ့ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေး ဟောပြောခဲ့သည်။

**စနစ်တကျ စွန့်ပစ်**

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံများက ကျေးရွာအတွင်းရှိ လမ်းများနှင့် ကျေးရွာပတ်ဝန်းကျင်တို့တွင် အမှိုက်များကို ကောက်ယူပြီး စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ခပ်ချေချေ စီးရီးထွက်ရှိလာသည့် ခင်သဇင်

**ကိုလင်း**

၂၀၁၂ ခုနှစ်တွင် စိုင်းစိုင်းခမ်းလှိုင်၏ 'အိုအိုဟော့တယ်' တွင် ပါဝင်သီဆိုသရုပ်ဆောင်ခဲ့ပြီး အနုပညာလောကသို့ ဝင်ရောက်လာခဲ့သည့် ခင်သဇင်က ပရိသတ်များအတွက် ပထမဆုံးတစ်ကိုယ်တော်စီးရီး 'ခပ်ချေချေ' ကို မေလတွင် စတင်ဖြန့်ချိပေးမည်ဖြစ်ကြောင်း သိရသည်။



"အနုပညာအလုပ်တွေကို လုပ်ဖြစ်နေတာတော့ကြာပါပြီ၊ ကိုစိုင်းရဲ့လက်တွဲခေါ်မှုကနေ စတင်ခဲ့တာပါ၊ အခုလည်း ကျွန်မရဲ့ လူမှုရေးအခက်အခဲတွေလည်း ပြေလည်သွားတဲ့အတွက် ပြန်ပြီး စလုပ်ဖြစ်ခဲ့တယ်၊ အနုပညာလောကကို ၂၀၁၂ခုနှစ်မှာစတင်ဝင်ရောက်ခဲ့ပါတယ်၊ ၂၀၁၆မှာတော့ ကြော်ငြာလေးတွေ လက်ခံရိုက်ကူးဖြစ်ခဲ့သေးတယ်၊ နောက်ပိုင်းမှာ ပြည်ပကိုလည်း ထွက်ခွာပြီး ကျောင်းလည်းတက်ဖြစ်တော့ အနုပညာနဲ့အဆက်အသွယ်ပြတ်သွားခဲ့တယ်၊ အခုတော့ အနုပညာအလုပ်တွေစပြီး ကြိုးစားလုပ်ဆောင်နေပါတယ်" ဟု ခင်သဇင်က ပြောသည်။

'ခပ်ချေချေ' တေးစီးရီးကို ဖန်တီးဖြစ်ခဲ့ပုံနှင့် ပတ်သက်ပြီး "အမှန်အတိုင်းပြောရရင်ညီမက သီချင်းဆိုရတာအလွန်ဝါသနာကြီးတယ်၊ ပြီးတော့ ဂီတဆိုတာ ကမ္ဘာပေါ်မှာရှိသမျှလူသားတွေ အားလုံးကြိုက်ကြတာပဲလေ၊ ဒါပေမယ့်အဆိုတော်တစ်ယောက်ဖြစ်ဖို့ဆိုတာ အင်မတန်မလွယ်ဘူးဆိုတာ ညီမသေချာသိလိုက်ရတယ်၊ နေ့စဉ်လိုလိုသီချင်းတွေကို လေ့လာသီဆိုမှု၊ ဂီတဆိုမှ ဂီတအဲ့လိုမျိုးစိတ်ထားပြီး ရှူးရှူးမူးမူးလုပ်နိုင်ရမယ်၊ ညီမအနေနဲ့တော့ အဆိုတော်တစ်ယောက်အဖြစ်လို့ မခံယူဘဲ အနုပညာကို မြတ်နိုးတဲ့ သရုပ်ဆောင်တစ်ယောက်အဖြစ် ကိုယ်ပိုင်သံစဉ်လေးတွေ အစကတည်းက ဖန်တီးချင်ခဲ့သူတစ်ယောက်ပါ၊ သီချင်းချိုချိုလေးတွေကိုကြိုက်တဲ့ ညီမအတွက် ဒီအထဲက သီချင်းလေးတွေကို သေချာထိန်းပြီး သီဆိုထားပါတယ်" ဟု ပြောသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်းရှစ်ပုဒ်ပါဝင်ပြီး ကိုယ်ပိုင်သံစဉ်တေးသီချင်းသစ်များ ပါဝင်ကာ တေးသီချင်းများကို တေးရေး ဝေကြီး၊ မှုံကြီး၊ ဖိုးကာ၊ စောဖြိုးဝေကျော်၊ ကျော်ဇင်လတ်တို့ ရေးသားထားကြပြီး အချစ်သီချင်းများပါဝင်ကြောင်း သိရသည်။




## လေးဖြူ အငဲနှင့် မျိုးဆက်သစ်များ၏သတ္တုသံပါသော သီချင်းများဖျော်ဖြေပွဲကျင်းပမည်

တေးရေးသော်ဒီဝေ စီစဉ်သည့် "သတ္တုသံပါသောသီချင်းများ" ဟု အမည်ပေးထားသည့် တေးဂီတဖျော်ဖြေပွဲကို မေ ၅ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ဖျော်ဖြေပွဲနှင့်ပတ်သက်၍ တေးရေးသော်ဒီဝေက "ကျွန်တော် ဒီပွဲလုပ်ဖြစ်တာက Yangon Bar က ကိုဝေဖြိုးက အမှတ်တရပွဲလေး စီစဉ်ချင်တယ်ဆိုတာရယ်၊ ပြည်တော်ဦးတေးသံသွင်းကလည်း လေးဖြူနဲ့ အငဲ အနည်းဆုံးတစ်ပုဒ်စီဆိုပေးမယ်ဆိုရင် စီးရီးလေးလုပ်ပေးချင်တယ် ဆိုတာတွေရယ်ကြောင့် လုပ်ဖြစ်တာပေါ့နော်၊ Yangon Bar ကလည်း show ပွဲလုပ်ဖို့နေရာက အဆင်မပြေဘူးလေ၊ မျိုးဆက်သစ်ဂီတသားသမီးတွေလည်းပါမယ်၊ ကိုအငဲရဲ့သမီး၊ ကိုချစ်စမ်းမောင်ရဲ့သမီးနဲ့ ခင်စုစုနိုင်တော့ပါမယ်၊ အားလုံးပေါင်း ၁၅ ဦးလောက်တော့ ရွေးချယ်ထားတယ်၊ ကိုလေးဖြူက သူ့သီချင်းတွေတော့ မဆိုတော့ဘူးတဲ့၊ ကိုဟယ်ရီလင်း သီချင်းနှစ်ပုဒ်နဲ့ ကျွန်တော့်သီချင်း အလင်းရောင်လည်းဆိုမယ်ပြောပါတယ်၊ Heavy Metal လို့ မသုံးချင်တာကြောင့် သတ္တုသံပါသောသီချင်းများလို့ သုံးရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

သော်ဒီဝေသည် သီချင်းအပုဒ်ရေ ၁၃၀ ကျော်ခန့် ရေးသားခဲ့ရာ ယင်းအနက်မှ အပုဒ် ၃၀ ကို ပြန်ဆိုကြမည်ဖြစ်သည်။ အဆိုပါရှိုးပွဲအား ပြည်တော်ဦး တေးထုတ်လုပ်ရေးမှ အခွေအဖြစ် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။အဆိုပါဖျော်ဖြေပွဲတွင် အဆိုတော် လေးဖြူ၊ အငဲ၊ ဖိုးကျော်တို့အပြင် လူငယ်တေးသံရှင်များဖြစ်ကြသည့် ဂျီလတ်၊ သအို၊ ငဲငယ်လေး၊ လမင်းခ၊ ခင်စုစုနိုင်၊ လိမ္မော်သီး၊Jewel၊ သားငယ်၊ ကိုးနိုင်းနှင့် ကျော်ဇင်ထိုက်တို့ သီဆိုမည့် တေးရေးသော်ဒီဝေရေးသားထားသည့် အောင်မြင်ပြီး လူသိများ ကျော်ကြားခဲ့သော သီချင်းအပုဒ် ၃၀ ကျော်သီဆိုဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း၊ လက်မှတ်များကို ငွေကျပ်ခုနစ်သောင်း၊ ခြောက်သောင်း၊ ငါးသောင်း၊ လေးသောင်း၊ သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်းခွဲ သတ်မှတ်ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

**ကိုလင်း**

## အလှမယ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခန့်အပ်

ပြည်တွင်း၌ အရည်အချင်းရှိ လူငယ်မောင်မယ်များကို စုစည်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထပ်မံပြီး အရည်အချင်းပြည့်ဝသော လူငယ်များ ထွက်ပေါ်လာစေရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ်မှ စတင်ကာ Mr & Miss Culture World Myanmar အမည်ဖြင့် ပြိုင်ပွဲများဆက်တိုက်ကျင်းပ ပြုလုပ်ခဲ့ရာ အရည်အချင်းပြည့်ဝသော လူငယ်များ ရွေးချယ်နိုင်ခဲ့ကြောင်း သိရသည်။ ထိုလူငယ် မောင်မယ်များကိုလည်း အာဆီယံနိုင်ငံအသီးသီးတွင် ကျင်းပပြုလုပ်သော Mr & Miss ပြိုင်ပွဲများသို့လည်း စေလွှတ်ခဲ့ကာ ထူးချွန်ထက်မြက်ပြီး ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အနေနဲ့ အခုလို အရည်အချင်းအပြည့်အဝရှိတဲ့ လူငယ်မောင်မယ်တွေကို ဘာကြောင့် မွေးထုတ်ရသလဲဆိုရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့အကြောင်းအရာတွေ အထူးသဖြင့် သဘာဝကပေးတဲ့ အလှတရားတွေ၊ အဖိုးတန်ရတနာတွင်းထွက်ပစ္စည်းတွေ၊ သမိုင်းကြောင်းတွေ၊ ဘာသာတရား ကိုင်းရှိုင်းပုံတွေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ပြည်ပနိုင်ငံကလူတွေ သေသေချာချာ လေ့လာသိမြင် စေဖို့ဆိုတဲ့အချက်နဲ့ စေလွှတ်ယှဉ်ပြိုင်ခဲ့တာပါ၊ အခုဆိုအဲဒီလိုစေလွှတ်လိုက်တဲ့ လူငယ်တွေက ကိုယ့်တိုင်းပြည်အတွက်၊ ဂုဏ်ယူရတဲ့ ဆုတံဆိပ်တွေ ဆွတ်ခူးပေးနိုင်ခဲ့တာတွေအများကြီးရှိပါတယ်၊ ကျွန်တော်တို့ အနေနဲ့လည်း မွေးထုတ်ပေးနိုင်ခဲ့ပါတယ်၊ ဒါကြောင့်မို့ ဒီလိုလူငယ်တွေကို ကိုယ့်တိုင်းဒေသ ကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ အသိဉာဏ်ဗဟုသုတအပြည့်အဝရှိတဲ့သူတွေကို ထပ်မံမွေးထုတ်နိုင်ဖို့အတွက် ကျွန်တော်တို့ Mr & Miss Culture World Myanmar ကနေ လက်ဆင့်ကမ်းပေးအပ်တဲ့ အမွေပါ" ဟု ယင်းပွဲကိုအဓိကတာဝန်ယူထားသူတစ်ဦးက ပြောသည်။

အဆိုပါရွေးချယ်ခန့်အပ်သူများတွင် ၂၀၁၅ ခုနှစ်က မလေးရှားနိုင်ငံတွင် Mr & Miss Culture Asia အမည်ဖြင့် ကျင်းပခဲ့သော ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မနှင်းဝတ်ရည်ဝင်းကို စေလွှတ်ခဲ့ရာ Best Skin award ဆုကိုလည်းကောင်း၊ ကျော်ဇင်ထွန်းက ၂၀၁၆ ခုနှစ်တွင် Best Formal Wear award , Best Catwalk award နှင့်အတူ Mr. Culture Asia World 2016 ၏ $2^{nd}$ runner up အဖြစ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဆွတ်ခူးနိုင်ခဲ့သောကြောင့် ပြည်တွင်း၌ ပြိုင်ပွဲများ ဆက်တိုက်ပြုလုပ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ ကိုယ်စားလှယ်များကို စိစစ်ရွေးချယ်ခဲ့ရာ မောင်ကောင်းထက်ဝေ (ရန်ကုန်)၊ မောင်အောင်မျိုးသူရ (ထားဝယ်)၊ မခက်ဝေမိုး (မန္တလေး)၊ မယွန်းရတီဦး(ပဲခူး)၊ မောင်သတိုးအောင် (နေပြည်တော်)၊ မောင်ပိုင်ရှား(မြိတ်)၊ မနော်သင်မြတ်ဟန်(နေပြည်တော်)၊ မဆုပိုမိုထက် (ပခုက္ကူ)၊ မတိမ်လွှာမြင့်မိုရ်( မော်လမြိုင်)၊ မောင်စိုင်းတောင်လော (သီပေါ) တို့အား Mr & Miss Culture World မှ Charity Ambassador Myanmar အဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။




ယင်းပြိုင်ပွဲကြီး၏ ခေါင်းစဉ်အောက်တွင် ရှိသော ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ Men Of The World 2018 ဆုကို မောင်ကောင်းထက်ဝေက လည်းကောင်း၊ Miss Jewel Of The World 2018 ကို မိုးကုတ်မြို့မှ မပန်းသွေးက လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**ကိုလင်း**




# အဆိုရှင်သုံးဦး ပရိသတ်နှင့် တွေ့ဆုံ

မေ ၁ ရက် ည ၇ နာရီတွင် Thuwunnabhumi Event Park ၌ Trio mini Solo Concerts ရှိုးပွဲကြီး ကျင်းပခဲ့သည်။ နာမည်ကျော်တေးသံရှင် ဇော်ပိုင်၊ ထွန်းအိန္ဒြာဗိုနှင့် ဝေလတို့က ပါဝင်သီဆိုဖျော်ဖြေမည် ဖြစ်ကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို ဧပြီ ၂၅ ရက်က ရန်ကုန်မြို့ ဗိုလ်မြတ်ထွန်းလမ်းရှိ Jazz in time bar ၌ ပြုလုပ်ခဲ့သည်။

"နားမထောင်ရတာကြာပြီဖြစ်တဲ့ သီချင်းအေးအေးလေးတွေရဲ့အဆိုရှင် အဆိုတော်ဇော်ပိုင်နဲ့ အချစ်သီချင်း၊ အလွမ်းသီချင်းလေးတွေနဲ့ ပရိသတ်ရင်ထဲစွဲနေတဲ့အသံပိုင်ရှင် အဆိုတော် ထွန်းအိန္ဒြာဗိုတို့ရဲ့ဖျော်ဖြေမှုအပြင် အေးအေးလေးတွေ၊ ဆွေးဆွေးလေးတွေအပြင် မြူးမြူးလေးတွေပါသီဆိုနိုင်တဲ့ တေးသံရှင် ဝေလ သူတို့သုံးယောက်ရဲ့Mini Solo Concerts တွေကို ပရိသတ်တွေအားပါးတရ ကြည့်ရှုခဲ့ကြတယ်" ဟု ပွဲစီစဉ်သူ ကိုအီကြာကွေးက ပြောကြားသည်။

ရွှေစင် Event Creation ၏ စီစဉ်မှုဖြင့် အဆိုတော်ဇော်ပိုင်က Hi bird music band ဖြင့်လည်းကောင်း၊ အဆိုတော်ထွန်းအိန္ဒြာဗိုက Plus three music band ဖြင့်လည်းကောင်း၊ အဆိုတော်ဝေလက Runner music band ဖြင့်လည်းကောင်း အဆိုတော်သုံးယောက် တီးဝိုင်းသုံးဝိုင်းဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ကိုလင်း**

# မြဝတီနယ်စပ်ဒေသ၏ စိုက်ပျိုးထွက်ကုန်များ လျင်မြန်စွာ ဈေးကွက်တင်နိုင်ရေး တွေ့ဆုံဆွေးနွေး



**မြဝတီ မေ ၁**

မြဝတီခရိုင်နှင့် ပြည်နယ်အတွင်းမှ စိုက်ပျိုးရေးထွက်ကုန်များကို မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၌ လျင်မြန်ချောမွေ့စွာ ဈေးကွက်တင်ပို့နိုင်ရေးအတွက် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မဲခေါင်သိပွံတို့ပူးပေါင်း၍ အစေ့ထုတ်ပြောင်း အကျိုးတူပူးပေါင်းစိုက်ပျိုးခြင်းနှင့် ဇီဝသဘာဝမြေဩဇာသုံးစွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို မြဝတီမြို့နယ် မင်းလက်ပံကျေးရွာတွင် ဧပြီ နောက်ဆုံးပတ်အတွင်းက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးက မြဝတီခရိုင်တွင် နှစ်စဉ် အစေ့ထုတ်ပြောင်း ဧကေါ်သောင်းကျော် စိုက်ပျိုးလျက်ရှိရာ အစေ့ထုတ်ပြောင်း တန်ချိန်တစ်သိန်းခန့် ထွက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအများစုမှာ ထိုင်းနိုင်ငံမှလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး မဲဆောက်ဈေးကွက်ကိုသာ အမှီပြု၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာမှ ယခုနှစ်မှစ၍ ထွက်ရှိသော အစေ့ထုတ်ပြောင်းများကို ထိုင်းနိုင်ငံဈေးကွက်အပြင် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေးနှင့် စတင်စိုက်ပျိုးသည်မှ တင်ပို့ရောင်းချသည်အထိ လိုအပ်သော နည်းပညာများ၊ ဈေးကွက်ဆိုင်ရာဗဟုသုတများ ရရှိစေရေးအတွက် ယခုဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင်မြင်လာအောင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ ဈေးကွက်နှင့်အလှမ်းဝေးသော တောင်သူများအတွက် ကုမ္ပဏီများအနေဖြင့် ဈေးနှုန်းအာမခံချက်ပေးပြီး လိုအပ်သောသွင်းအားစုများ ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီများက ပိုမိုရင်းနှီးမြှုပ်နှံလာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ ရေရှည်အကျိုးအမြတ် ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြဒွေးကြွယ်လင်းကုမ္ပဏီဥက္ကဋ္ဌ ဦးစောသန်းမြက ကရင်ပြည်နယ်ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်းထားမှုအခြေအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အကျိုးတူကန်ထရိုက်စနစ်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌဦးခိုင်မင်းက ပြည်နယ်အသင်းနှင့်ချိတ်ဆက်၍ လိုအပ်သော အကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အကျိုးတူကန်ထရိုက်စနစ် အောင်မြင်ရေးအတွက် ဈေးကွက်ရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထွက်ရှိသော အစေ့ထုတ်ပြောင်းများကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ တိရစ္ဆာန် အစာထုတ်စက်ရုံ တည်ထောင်နိုင်ရေးနှင့် အဆိုပါထွက်ရှိသည့် တိရစ္ဆာန်အစာများကို ဒေသအတွင်း ပြန်လည်ရောင်းချနိုင်ရန်အတွက် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ထီးဝါးပလောကျေးရွာရှိ ကရင် ငြိမ်းချမ်းရေးကော်မတီ (KNU/KNLA-PC) နယ်မြေ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် GMSAEDC တို့ MOU ရေးထိုးပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ထော်မဲ့ပါစစ်ဗျူဟာ-ထီးဝါပလော စိုက်ပျိုးမွေးမြူရေးသင်တန်းဆောင်နှင့် နားနေဆောင်များ တည်ဆောက်ထားရှိမှုကို ကြည့်ရှုခဲ့ကာ လာမည့် စိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့် မိုးစပါးမျိုးစေ့များ ထောက်ပံ့နိုင်မည့်အစီအစဉ်များ၊ လုပ်ငန်းတိုးချဲ့မည့် အစီအစဉ်များ၊ မိုးကာလတွင် မြေနိမ့်ကော်ဖီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပံ့ပိုးပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးသည် မြဝတီခရိုင်ရုံး၌ မြဝတီနယ်စပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် စိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့ရောင်းချသော ကိုယ်စားလှယ်များအား တွေ့ဆုံ၍ လယ်ယာကဏ္ဍဆိုင်ရာ ထုတ်ကုန်သွင်းကုန်များ အဆင်ပြေချောမွေ့စေရေး၊ လုပ်ငန်းရှင်များမှတင်ပြသည့် မျိုးစေ့တင်သွင်းရန် ထောက်ခံချက်ကို နေပြည်တော်သို့ တင်ပြရယူခြင်းထက် ကရင်ပြည်နယ်ဘားအံ(သို့မဟုတ်) မြဝတီမြို့နယ်တွင် ပေးနိုင်ရေး၊ မြေပဲ၊ ငရုတ်သီးတို့တွင် မှိုပါဝင်မှု စစ်ဆေးသည့်အခါ ရက်ကြန့်ကြာမှုမရှိအောင် အမြန်စစ်ဆေးပေးနိုင်ရေး၊ နယ်စပ်ဒေသ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချမှု အဆင်ပြေချောမွေ့စေရန် ပြည်နယ်အစိုးရ၊ ကုန်သည်ကြီးများအသင်းနှင့် ဌာနများက ပူးပေါင်းကူညီဆောင်ရွက်မည့် အစီအစဉ်များ စသည်တို့ကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သုဝဏ္ဏဝတီမြို့ ရှင်ဥပဂုတ္တကန်တော်ကြီး မြေထိန်းနံရံ စတင်တည်ဆောက်လျက်ရှိ

**သုဝဏ္ဏဝတီ မေ ၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက်ရှိ ရှင်ဥပဂုတ္တကန်တော်ကြီး သန့်ရှင်းသာယာလှပစေရန်နှင့် ကန်ပတ်လည်တွင် အများပြည်သူ နားနေအပန်းဖြေနိုင်ရန်အတွက် မြေထိန်းကျောက်စီနံရံများကို ကန်ပတ်လည်၌ တည်ဆောက်သွားမည်ဖြစ်ကာ ဧပြီ နောက်ဆုံးပတ်အတွင်းက စတင်၍ ရေမျက်နှာစာတွင် အလျား ပေ ၄၈၀၊ အမြင့် ၁၇ ပေရှိ မြေထိန်းနံရံကို တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။



ရှင်ဥပဂုတ္တ ကန်တော်ကြီးကို ပြီးခဲ့သည့်နှစ်က ကန်သာယာတူးဖော်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်၍ စနစ်တကျပြန်လည်တူးဖော်ခဲ့ပြီး သောက်သုံးရေ ရှားပါးမှု မဖြစ်စေရန်လည်းကောင်း၊ နွေရာသီ မီးဘေးလုံခြုံရေးအတွက် ရေရရှိစေရန်လည်းကောင်း၊ မြို့အင်္ဂါရပ်နှင့်အညီ သဘာဝအလှကို အေးချမ်းစွာ မြင်တွေ့စေနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ကာ ကန်တော်ကြီးကို တူးဖော်၍ ကန်ပတ်လမ်းကို တည်ဆောက်ပြင်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။ ကန်တော်၏ ဧရိယာမှာ ၁၇ ဧကကျယ်ဝန်းပြီး ကန်ပတ်လည်သည် အရှည်ပေ တစ်ထောင်ခန့်ရှိကြောင်း၊ ကန်တော်အလယ်တွင် ရှင်ဥပဂုတ္တကျောင်းဆောင်ကို တည်ထားကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်း ၉၀ ကျော်ပြီဖြစ်ကြောင်း ကန်အလယ်ရှိ နဂါးရုံဘုရား ဂေါပကဥက္ကဋ္ဌ ဦးတင်မြင့်က ပြောသည်။

ကန်တူးဖော်မှုများ၊ မြေထိန်း ကျောက်စီနံရံ တည်ဆောက်မှုများကို ဒေါ်ချစ်ချစ်သိမ့် မိသားစု(ကျိုက်ကော်)၏ တစ်ဦးတည်း လှူဒါန်းမှုဖြင့် ကန်သာယာတူးဖော်ရေးအဖွဲ့က ဆောင်ရွက်နေခြင်းဖြစ်ကာ တည်ဆောက်ရေးလုပ်ငန်းကို စီမံကိန်းအနေဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန်သာယာတူးဖော်ရေးအဖွဲ့မှ အတွင်းရေးမှူး ဦးဝင်းဆန်း၏ ပြောကြားချက်အရ သိရသည်။ **ခွန်(ဝင်းပ)**

# ဇန်းမောက်မြို့နယ်တွင် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းဖွင့်

**ဇန်းမောက် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် အင်းပေါက်ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအရ ဆောင်ရွက်သည့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဖွင့်ပွဲကို ဧပြီ ၂၈ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဇန်းမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်၊ မြို့နယ် နည်းပညာအကြံပေးအရာရှိ ဦးမျိုးကျော်လွင်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြတို့က ရေရရှိရေးလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဦးစီးမှူးက အမှာစကားပြောကြားကာ မြို့နယ် နည်းပညာအကြံပေးအရာရှိ ဦးမျိုးကျော်လွင်က စီမံကိန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို လူထုဗဟိုပြုစီမံကိန်းမှ ပံ့ပိုးငွေကျပ် ၆၄ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ပြီး ရေထွက်ပင်ရင်းမှ အရှည်ပေ ၃၇၅၀ ရေပိုက်သွယ်တန်း၍ အလျား ၁၅ ပေ၊ အနံ ၁၀ ပေနှင့် အမြင့် သုံးပေရှိ ရေပေးဝေရေးရေကန် တည်ဆောက်ထားခြင်းဖြစ်ကာ လက်ရှိအချိန်တွင် ကျေးရွာအတွင်းသို့ ရေများ ဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# မယ်စဲ့မြို့နယ်၌ ကျေးရွာခန်းမဆောင်သစ်ဖွင့်လှစ်

**မယ်စဲ့ မေ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းရန်ပုံငွေဖြင့် ကယားပြည်နယ် မယ်စဲ့မြို့နယ် ဝမ်ကန်ကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကျေးရွာခန်းမဆောင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဧပြီ ၃၀ ရက်က ကျင်းပခဲ့သည်။

ခန်းမဆောင်ဖွင့်ပွဲတွင် ကယားပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်ကအမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမိုးအောင်က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းတို့က ကျေးရွာခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကျေးရွာခန်းမဆောင်သည် အလျား ပေ ၄၀၊ အကျယ် ပေ ၃၀၊ အမြင့် ၁၃ ပေရှိပြီး စီမံကိန်းမှ ထောက်ပံ့ငွေ ကျပ် ၁၅၇ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## အနုပညာသတင်း

# သမီးလေးအကြောင်း ကြွားလုံးထုတ်နေတဲ့ ဗစ်တိုးရီးယားဘက်ခမ်း




ဒေးဗစ်ဘက်ခမ်းနဲ့ အဆိုတော် ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားတို့ရဲ့သမီးလေး ဟက်ပါဘက်ခမ်းဟာ လက်တလောမှာ အမေဖြစ်သူရဲ့ ချီးမွမ်းခြင်းကို ခံနေရပါတယ်။ ဘာလို့လဲဆိုတော့ ဒီသီတင်းပတ်အတွင်းမှာပဲ ၆ နှစ်အရွယ်သမီးလေးဟာ သူ့ရဲ့မိတ်ကပ်စွမ်းရည် ကိုပြသခဲ့လို့ပါပဲ။ ဟက်ပါဟာ သူ့မိခင်ဖြစ်သူ ဗစ်တိုးရီးယားရဲ့ မျက်နှာကို မိတ်ကပ်နဲ့ ကြောင်ပုံစံ ခြယ်သပေးခဲ့ပါတယ်။ မိခင်ဖြစ်သူကတော့ သူ့သမီးဟာ ဖန်တီးနိုင်တဲ့ စွမ်းရည်ရှိတယ်ဆိုပြီး အင်စတာဂရမ်ပေါ်မှာ သူ့သမီးအကြောင်း ကြွားလုံးထုတ်ထားပါတယ်။ သမီးဖြစ်သူက သူ့ကိုကြောင်ပုံ မိတ်ကပ်လိမ်းပေးနေတဲ့ပုံကို အင်စတာဂရမ်ပေါ်တင်ခဲ့ပြီး အနာဂတ်ရဲ့ မိတ်ကပ်ပညာရှင်လေးလားလို့ သူ့သမီးအကြောင်းကို ဗစ်တိုးရီးယားက ကြွားထားပါတယ်။ ဟက်ပါကတော့ သူ့မိခင်ရဲ့ မျက်နှာကို ကြောင်ပုံစံဖြစ်အောင် အသေအချာကို ခြယ်သပေးနေတာပါပဲ။

ဗစ်တိုးရီးယားဟာ သူနဲ့သူ့သမီးတို့ရဲ့နေ့စဉ်လှုပ်ရှားမှုလေးတွေကို အင်စတာဂရမ်ပေါ် တင်လေ့ရှိပြီး သူ့ရဲ့ ပရိသတ်တွေကလည်း သူတင်တဲ့ ဗီဒီယိုဖိုင်တွေ၊ ပုံတွေကိုနှစ်သက်ကြပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်တုန်းကလည်း ဗစ်တိုးရီးယားက မီးဖိုချောင်စားပွဲပေါ်မှာ သူ့သမီးစာဖတ်နေတဲ့ ဗီဒီယိုကိုလည်း အင်စတာဂရမ်ပေါ် တင်ခဲ့သေးတယ်။ အဲဒီဗီဒီယိုကို ကြည့်ပြီး ပရိသတ်တွေက ဟက်ပါရဲ့ယဉ်ကျေးသိမ်မွေ့တဲ့လေယူလေသိမ်းကို နှစ်ခြိုက်နေကြပါတယ်။ ဟက်ပါက သူ့ရဲ့မှတ်စုစာအုပ်ထဲကနေ ဖတ်ပြတဲ့ စာသားကတော့ ကျွန်မကအသက် ၇ နှစ်ပြည့်လုပါပြီ။ စာအုပ်တွေကိုချစ်တယ်။ အဖေ၊ အမေ၊ ခရုဇ်၊ ရိုမီရိုနဲ့ ဘရွတ်ကလင်းတို့ကိုချစ်တယ်လို့ ဖတ်ပြခဲ့တာပဲဖြစ်ပါတယ်။ ပရိသတ်တွေကတော့ ဟက်ပါရဲ့ အသံလေးဟာ ချစ်စရာကောင်းလွန်းတယ်လို့ ဝေဖန်နေကြပါတယ်။

**ဟယ်လို**

# ဝင်ငွေအကောင်းဆုံးဆိုတဲ့ အရင်စံချိန်တွေကို ချိုးလိမ့်မယ်လို့ခန့်မှန်းထားတဲ့ Avengers; Infinity War

အမေရိကန်စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားဖြစ်တဲ့ Avengers; Infinity War ဇာတ်ကားဟာ ပထမဦးဆုံးရုံတင်တဲ့ သီတင်းပတ်မှာပဲ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၆၃၀ ရရှိခဲ့တဲ့အတွက် အရင်စံချိန်တွေကို ချိုးလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ဒီဇာတ်ကားကို တရုတ်ပြည်မှာ ပြသခြင်းမပြုရသေးပေမယ့် ဝင်ငွေကောင်းလွန်းတဲ့အတွက် အခုလိုခန့်မှန်းကြတာလည်းဖြစ်ပါတယ်။ Avengers; Infinity War ဇာတ်ကားဟာ ၂၀၁၇ ခုနှစ်တုန်းက ပထမဦးဆုံးအဖွင့်သီတင်းပတ်မှာပဲ ဝင်ငွေအများဆုံးရရှိခဲ့တဲ့ ဇာတ်ကားဖြစ်တဲ့ "The Fate of the Furious" ဇာတ်ကားထက်ပိုပြီး ဝင်ငွေရရှိသွားပါပြီ။ ၂၀၁၇ ခုနှစ်တုန်းက ရုံတင်ခဲ့တဲ့ "The Fate of the Furious" ဆိုတဲ့ ဇာတ်ကားဟာ ပထမဦးဆုံးရုံတင်တဲ့ သီတင်းပတ်မှာပဲ ဒေါ်လာ ၅၄၂ သန်း ဝင်ငွေရရှိခဲ့ပါတယ်။

Avengers; Infinity War ဇာတ်ကားကတော့ အမေရိကန်မှာ ပြသတာ တစ်ခုတည်းနဲ့ပင် သန်း ၂၅၀ ဝင်ငွေရရှိခဲ့တာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ရိုက်ကူးစဉ်က ကုန်ကျစရိတ်ကတော့ ဒေါ်လာသန်း ၃၀၀ နဲ့ သန်း ၄၀၀ ကြားမှာရှိပါတယ်။ မာဗယ်စတူဒီယိုက ရိုက်ကူးတာဖြစ်ပြီး ဝေါ့ဒစ္စနေးက ဖြန့်ချိပါတယ်။ ပါဝင်ကြတဲ့ သရုပ်ဆောင်တွေကတော့ ရောဘတ်ဒေါင်းနင်းဂျူနီယာ၊ စကားလက်ဂျို ဟန်ဆန်၊ ဘန်နီဒက်ချ်ကမ်ဘာဘာ့ချ် အစရှိတဲ့ သရုပ်ဆောင်များအပြင် အခြားသော နာမည်ကျော် သရုပ်ဆောင်များစွာ ပါဝင်ထားပါတယ်။ ပထမဦးဆုံး The Avengers ဇာတ်ကားကို ၂၀၁၂ ခုနှစ်က ရုံတင်ခဲ့တာဖြစ်ပြီး အဲဒီတုန်းကလည်း အဖွင့်သီတင်းပတ်မှာပဲ ဒေါ်လာ ၂၀၇ ဒသမ ၄ သန်း ဝင်ငွေရရှိခဲ့ပါတယ်။ ဇာတ်သိမ်းပိုင်းကိုတော့ ၂၀၁၉ မေလမှာ ရုံတင်ဖို့ရှိတယ်လို့လည်း သိရပါတယ်။

**ဘီဘီစီ**




မြူး

# (၂၃)ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ မန္တလေးမြို့၌ကျင်းပ




**မန္တလေး မေ ၁**
စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်နှင့် စက်ဘီးစီးခြင်းဖြင့် ပြည်သူများ ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ မန္တလေးမြို့၌ လူထုစုပေါင်းစက်ဘီးစီးပွဲကို လစဉ် နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ (၂၃)ကြိမ်မြောက် စက်ဘီးစီးပွဲကို ဧပြီ ၂၉ ရက်က ကျင်းပခဲ့သည်။

မန္တလေးမြို့ ကျုံးတောင်ဘက် (၂၆) လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ကျင်းပသည့် စက်ဘီးစီးပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအားကာညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိစက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ စက်ဘီးစီး အားကစားဝါသနာရှင် ပြည်သူများ စုစုပေါင်း လူဦးရေ ၃၀၀ ကျော်က စုရပ်နေရာမှ (၂၆) လမ်းအတိုင်း လမ်း(၈၀) သို့၊ လမ်း(၈၀)မှ (၃၇)လမ်းအထိ၊ ထိုမှ (၇၃) လမ်းအတိုင်း (၃၅) လမ်းအထိ၊ ထိုမှ (၆၆)လမ်းနှင့် (၂၆)လမ်းအတိုင်း စီးနင်း၍ တာလွှတ်သည့် စုရပ်နေရာအထိ စုပေါင်းစက်ဘီးစီးနင်းခဲ့ကြသည်။

အဆိုပါ ပြည်သူလူထု စုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ် လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ စိတ်ပါဝင်စားသူ မည်သူမဆို မည်သည့်စက်ဘီး အမျိုးအစားနှင့်မဆို ပါဝင်ဆင်နွှဲစီးနင်းနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကယားပြည်နယ်အစွန်အဖျား ကျေးရွာများသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သွားရောက်



**လွိုင်ကော် မေ ၁**
ကယားပြည်နယ်အတွင်းမှ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ပြည်နယ်အစွန်အဖျား ကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ မီးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့သည် ဒေသခံပြည်သူများမှ ဖိတ်ခေါ်ချက်အရဖြစ်စေ၊ မရောက်ရှိသေးသည့် ကျေးရွာများသို့ဖြစ်စေ အရောက်သွားပြီး မြေပြင်အခြေအနေနှင့် ပြည်သူများ၏တင်ပြချက်အပေါ် အခြေခံကာ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၏ ဘဏ္ဍာငွေတွင် ထည့်သွင်းလျာထားနိုင်ရန်နှင့် လက်ငင်းအကောင်အထည်ဖော်ရန် လိုအပ်ပါက ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖော်ဆောင်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၉ ရက်က ဖရူဆိုမြို့နယ်အတွင်းမှ ပြည်နယ်အစွန်အဖျား ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဟိုယာဒေသ မော်သီဒိုကျေးရွာရှိ ကယားပြည်နယ်၏ အထင်ကရ ခရီးသွားလုပ်ငန်းတစ်ခုဖြစ်လာမည့် ထီးပရူနူဂူသွားလမ်းတွင် ကျောက်ချောလမ်း ပေ ၁၈၀၀ ခင်းခြင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ရေလွှဲမြောင်းများ ထည့်သွင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။ ထို့အတူ ခေါဘာကျေးရွာသွားမြေသားလမ်း ၃ မိုင် ၅ ဖာလုံဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ရာဇပရားကျေးရွာတွင် ကွန်ကရစ်တံတားတည်ဆောက်ထားမှုအခြေအနေ၊ ရာဇပရား ကျေးလက်ကျန်းမာရေးဌာနခွဲတွင် မီတာတပ်ဆင်နိုင်ရေးနှင့် ရာဇပရားကျေးရွာ သစ်သားတံတားနေရာတွင် Box Culvert ဆောင်ရွက်နိုင်ရေးတို့အတွက်လည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယူစွတ်ပရားကျေးရွာ၊ ခရိုးခူကျေးရွာများသို့ ဆက်လက်သွားရောက်ပြီး ပြည်သူများနှင့်တွေ့ဆုံခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစွန်အဖျား ကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ လစ်ဟာမှုမရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း လိုလားချက်များ၊ တင်ပြရန်ရှိသည်များကို တင်ပြသွားရန်နှင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်မှန်းဖော်ဆောင်လျက်ရှိကြောင်း ပြောကြားကာ ကျေးလက်နေပြည်သူများက လိုအပ်ချက်များကို တင်ပြကြပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအပေါ် မူတည်ကာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပေါင်းတည်မြို့ ကုသိုလ်ဖြစ်မျက်စိဆေးရုံ၌ အခမဲ့မျက်စိခွဲစိတ်မှု ဒုတိယအကြိမ်ဆောင်ရွက်ပေး

**ပေါင်းတည် မေ ၁**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ရှိ ကုသိုလ်ဖြစ်မျက်စိဆေးရုံ၌ အခမဲ့မျက်စိခွဲစိတ်ကုသမှုများကို ဒုတိယအကြိမ်မြောက် ဆောင်ရွက်နိုင်ရန်အတွက် မျက်စိဝေဒနာရှင်များအား ကျန်းမာရေး ကြိုတင်စစ်ဆေးခြင်းနှင့် မျက်စိစမ်းသပ်ပေးခြင်းတို့ကို ဈေး (၁) ရပ်ကွက် အရှေ့လမ်းရှိ ဇေယျာမိုးဆေးကုခန်း၌ ဧပြီ ၂၈ ရက် နံနက်မှစ၍ ဆောင်ရွက်ပေးခဲ့ပြီး ထိုနေ့ညနေပိုင်းက ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။



အဆိုပါဆေးကုခန်းတွင် မျက်စိကြိုတင်စစ်ဆေးပေးရာသို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအသီးသီးမှ မျက်စိဝေဒနာရှင် ၁၃၀ ကျော် လာရောက်ပြသခဲ့ပြီး မျက်စိ အထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုသန်းနှင့် ကုသိုလ်ဖြစ်ဆေးကုခန်းမှ လုပ်အားဒါနအလှူရှင်များက မျက်စိရောဂါအမျိုးမျိုးနှင့် မျက်စိခွဲစိတ်ရန်လိုအပ်မည့် လူနာရှိမရှိ စစ်ဆေးခဲ့ရာတွင် ခွဲစိတ်ရမည့်လူနာ ၂၄ ဦးတွေ့ရှိကြောင်း၊ ခွဲစိတ်မှုများကို ညနေပိုင်းတွင် ဆောင်ရွက်ပေးခဲ့ရာ လူနာ ၁၁ ဦးအား ခွဲစိတ်ကုသပေးနိုင်ပြီး ကျန်လူနာ ၁၃ ဦးအား တတိယအကြိမ်တွင်မှ ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း အလုပ်အမှုဆောင်တစ်ဦးက ပြောကြားသည်။ မျက်စိခွဲစိတ်ကုသမည့် လူနာတစ်ဦးအတွက် ကုန်ကျမှုစရိတ်မှာ ကျပ် ၇၅၀၀၀ ခန့် ရှိကြောင်း၊ အလှူခံဌာနဖွင့်လှစ်ထား၍ လူမှုရေးအသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလအလှူရှင်များ ရှိသော်လည်း လစဉ်ခွဲစိတ်နိုင်ရန် စေတနာရှင်အလှူရှင်များ လိုအပ်မှုရှိနေကြောင်း၊ မျက်စိခွဲစိတ်သည့်နေ့များတွင် လူနာနှင့် လိုက်ပါလာသည့် လူနာရှင်များနှင့်ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ကြသည့် လုပ်အားပေးများအား အာဟာရဒါနအဖြစ် စေတနာရှင်များက ကျွေးမွေးလှူဒါန်းမှုများလည်းရှိကြောင်း၊ တတိယအကြိမ်မြောက် ခွဲစိတ်ကုသမှုကို မေ ၂၆ ရက် တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခွဲစိတ်ကုသရေးလုပ်ငန်းများတွင် ကုသိုလ်ဖြစ်ဆေးခန်းမှအမှုဆောင်များ၊ လုပ်အားဒါနကုသိုလ်ရှင်အဖွဲ့ဝင်များ၊ ဒေသခံဆရာဝန်ကြီးများ၊ မြို့မိမြို့ဖများကလည်း ပူးပေါင်းပါဝင်၍ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခဲ့ကာ ခွဲစိတ်ပြီးသည့် လူနာများအား ခွဲစိတ်ဆရာဝန်ကြီးက ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် အခြေအနေ ပြန်လည်ကြည့်ရှုပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်-မင်းသားကြီး**

## သတင်းတိုများ

### နတ်တလင်းမြို့နယ်၌ ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြို့ကလေးကျေးရွာနှင့် ရွာသာကုန်းကျေးရွာကြား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကို ဧပြီ ၂၉ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇေဝဏ္ဏလှိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လမ်းဖောက်လုပ်နိုင်သည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ဒေသခံများအနေဖြင့် လမ်းမပျက်စီးအောင် ဝိုင်းဝန်းထိမ်းသိမ်းစောင့်ရှောက်ကာ ပိုမိုကောင်းမွန်အောင် တစ်နှစ်ချင်းပြုပြင်သွားကြရန်လိုကြောင်း အမှာစကားပြောကြားသည်။ အဆိုပါလမ်းသည် အရှည် ခြောက်ဖာလုံ၊ အကျယ် ခြောက်ပေရှိပြီး ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ် ၁၀ သိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေ ကျပ် ၁၀ သိန်းနှင့် ဒေသနေပြည်သူများထည့်ဝင်ငွေ ကျပ် ၁၃ သိန်းကျော် စုပေါင်း၍ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

### ပြည်မြို့ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ထာဝရဆွမ်းပဒေသာပင် လှူဒါန်း

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လမ်းမတော်လမ်းနေ ဦးမောင်မောင်(မျိုးသုခအထူးကုဆေးရုံ)၊ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်လှမြိုင်(စိန်ရတနာဆေးတိုက်)တို့၏ ၃၅ နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ဆွမ်းပဒေသာပင်နှင့် နဝကမ္မအလှူတော်ငွေပေးအပ်ပွဲကို ဧပြီ ၂၈ ရက်က ကျင်းပရာ အလှူရှင်များက ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေ ကျပ်ငါးသိန်းနှင့် ပဓာနနာယက ဆရာတော်အတွက် နဝကမ္မအလှူငွေ ကျပ်ခုနစ်သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

**မောင်ရွှေဝင်း (ပြည်)**

### မိုးမောက်မြို့နယ်၌ ဒသမအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာရှိ လွယ်မုံမိန်းတောင်ဘုရားစေတီတော်၌ နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ကျင်းပလျက်ရှိသော ဒသမအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို ဧပြီ ၂၉ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်တွင် မြို့သစ်၊ မင်းကျမ်းကျေးရွာနှင့် အနီးရှိ ရှမ်းတိုင်းရင်းသားကျေးရွာများမှအလှူရှင်များက ထမင်းထုပ်များ၊ ခေါက်ဆွဲ၊ မုန့်အမျိုးမျိုး၊ အချိုရည်များ စသည်တို့ကို ဈေးပွဲတော်သို့လာကြသော မိုးမောက်မြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့မှ ပြည်သူများအား လှူဒါန်းကျွေးမွေးကြပြီး အလှူရှင်များက ပင့်သံဃာတော်အပါး ၁၂၀ နှင့် ကိုယ်ရင် အပါး ၄၀ တို့အား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ရေတာရှည်၌ မိုးရွာသဖြင့် စပါးရိတ်ရန် အခက်အခဲများရှိနေ

**ရေတာရှည် မေ ၁**
ယခုရက်ပိုင်းတွင် နေ့စဉ်လိုလို မိုးသက်လေပြင်းများတိုက်ခတ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ နွေစပါးများရိတ်သိမ်းလျက်ရှိသော တောင်သူများအနေဖြင့် အခက်အခဲများစွာဖြင့် လုပ်ကိုင်နေကြရကြောင်း သိရသည်။

နွေစပါးရိတ်သိမ်းရသည့်အကွက်များအတွင်း ရေများကျန်ရှိနေသည့်အပြင် မိုးရွာသွန်းမှုကြောင့် မြေသားကျွံကာ ရိတ်သိမ်းခြွေလှေ့စက်များနစ်ခြင်း၊ စပါးအနှံများကျန်ရှိခြင်းတို့ကို ကြုံတွေ့ကြရကြောင်း တောင်သူအချို့က ပြောသည်။ "စိုက်တာက ထိုင်းကောက်ဆိုတော့ ရက် ၉၀ သက်တမ်းပဲရှိတယ်၊ အခု စပါးပေါ်ချိန်မှာ ရေက ပြောင်အောင်မထုတ်ရသေးဘူး၊ မိုးကဆက်ရွာတော့ စက်နဲ့ရိတ်တဲ့အခါမှာ အလေအလွင့်တွေများကုန်တယ်"ဟု ကုန်းကြီးကျေးရွာအုပ်စု ပြိစုတ်ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။ လမ်းမပေါက်သေးသည့် လယ်ယာများတွင်လည်း ရိတ်သိမ်းပြီးစပါးများကို လုပ်သားများငှားရမ်း သယ်ယူကြရသည့်အတွက် ကုန်ကျစရိတ် ပိုမိုများပြားလျက်ရှိကြောင်း အဆိုပါတောင်သူကပင် ဆက်လက်ပြောကြားသည်။

"စပါးဖြစ်တော့လည်း ဒီအတိုင်း အုပ်ထားလို့မှမရတာ၊ နေပွင့်တာနဲ့ လူငှားပြီး အခြောက်လှန်း၊ လှန်းလို့မှမပြီးသေးဘူး၊ မိုးကတက်လာတော့ အမြန်ပြန်ရုပ်၊ နောက်တစ်ခါပြန်လှန်း၊ တောင်သူအလုပ်က စိတ်ပင်ပန်းလူပင်ပန်း ဖြစ်ရတယ်၊ ဒါတောင် စပါးဈေးလေးကောင်းနေလို့ တော်သေးတယ်"ဟု သပြေတန်းကျေးရွာနေ ဒေသခံတောင်သူ ဦးညီအောင်က ပြောသည်။ လက်ရှိပေါ်နေသည့် ထိုင်းကောက်စပါးများကို စက်ကျ အစိုဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ် ၅၆၀၀၀၀ ဖြင့် ပွဲစားများက ဝယ်ယူလျက်ရှိပြီး ရောင်းဝယ်ကြသည့်အခါ ပွဲစားများယူလာသည့် တင်းတောင်းကို သေချာချင်တွယ်ပြီးမှ ရောင်းချကြရသည်ဟု ၎င်းက ဆက်ပြောသည်။

နွေစပါးရာသီတွင် စပါးရိတ်သိမ်းသည့်အခါ ရိတ်ခြွေစက်များကို အလွယ်တကူငှားရမ်းအသုံးပြုနိုင်ကြသော်လည်း ကျွမ်းကျင်မှုရှိသည့် စက်မောင်းများနှင့်ရိတ်သိမ်းရမှသာ စပါးအလေ့အလွင့်နည်းပါးနိုင်ပြီး စက်မောင်းများက ကျွမ်းကျင်မှုမရှိပါက လေ့လွင့်မှုများတတ်ခြင်းကြောင့် တောင်သူများအနေဖြင့် သတိပြုကာ လုပ်ကိုင်နေကြရကြောင်းလည်း ဒေသခံတောင်သူများထံမှ သိရသည်။

**ကိုလွင်(ဆွာ)**





# ကျိုက်ထီးရိုးတောင်တော် ပြန်လည်အပ်နှံပွဲ အခမ်းအနားကျင်းပ

**ကျိုက်ထို မေ ၁**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှစ၍ ခုနစ်လတိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နေ့ရော ညပါ လာရောက်ဖူးမြော်ခဲ့ကြသည်။

ယင်းသို့ လာရောက်ဖူးမြော်ခဲ့သည့် ဘုရားဖူးပြည်သူများ ဘေးရန်ကင်း၍ စိတ်ချမ်းမြေ့မှုရှိစေရန်အတွက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် တောင်တော်ဖွင့်ပွဲကို ရိုးရာဓလေ့အရ တောပိုင်တောင်ပိုင်များထံမှ ခွင့်ပြုချက်တောင်းခံ၍ ကျင်းပခဲ့ခြင်းဖြစ်ရာ ယခု ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့သည်မှာ ခုနစ်လပြည့်မြောက်ပြီး ပြီးစီးခဲ့သည့်အတွက် ကျိုက်ထီးရိုးတောင်တန်းအား တောပိုင်တောင်ပိုင်များထံ ပြန်လည်အပ်နှံသည့် အခမ်းအနားကို ဧပြီ ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျိုက်ထီးရိုးဂေါပက အဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြပြီး ဘုရားရှင်အား ရှိခိုးပူဇော်ကြသည်။ ထို့နောက် တောပိုင်တောင်ပိုင်များနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရိုးရာဓလေ့အတိုင်း ဆောင်ရွက်ကာ ကျိုက်ထီးရိုးတောင်တန်းကို သက်ဆိုင်သည့်ပုဂ္ဂိုလ်များထံ ပြန်လည်အပ်နှံပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# ကျုံပျော်မြို့တွင် ညောင်ရေသွန်းပွဲတော်ကို နေရာအနှံ့၌ စည်ကားစွာကျင်းပ

**ကျုံပျော် မေ ၁**
မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်ကို ကျုံပျော်မြို့နယ်၏ ဗောဓိညောင်ပင်တည်ရှိရာ နေရာအနှံ့အပြား၌ ဧပြီ ၂၉ ရက် ညနေပိုင်းက စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ညောင်ရေသွန်းပွဲတွင် ကျုံပျော်မြို့မြတ်ချမ်းသာဘုရားရှိ ဗောဓိညောင်ပင်၊ ဝေဠုဝန်ကျောင်းတိုက် ဗောဓိညောင်ပင်၊ ညောင်ပင်သာလမ်း၊ ဖန်ခါးကုန်းကျောင်းနှင့် ရပ်ကွက်များအတွင်းရှိ ဗောဓိညောင်ပင်များကို ရဟန်းသံဃာများ၊ သီလရှင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းဝင်များနှင့် မြို့နေပြည်သူများက လာရောက်ညောင်ရေသွန်းလောင်းကြပြီး ဆီမီး၊ အမွှေးတိုင်များဖြင့် ပူဇော်ခဲ့ကြကာ ပရဟိတလူမှုရေးအသင်းအဖွဲ့များကလည်း ညောင်ရေသွန်းလောင်းပွဲ လာရောက်ကြသူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်း မှတ်တမ်းများပေးအပ်

**ရေကြည် မေ ၁**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ရေတော်မိုးတော်စိုက်ဧက ၆၁၃၂၄ ဧက၌ မြေနမူနာယူခြင်းနှင့် မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စိုက်ဧကများအနက် ပထမဦးစားပေးအနေဖြင့် ကျေးရွာအုပ်စု ၁၇ စု၌ မြေ ဧက ၅၀ လျှင် တစ်ကွက်နှုန်းဖြင့် မြေနမူနာအကွက် ၃၆၀ မှ မြေများရယူ၍ မြေဆီလွှာအာဟာရဓာတ် ဓာတ်ခွဲစမ်းသပ်ခြင်းကို မတ်လနှင့်ဧပြီလဆန်းပိုင်းက ဆောင်ရွက်ခဲ့ရာ အကွက်ပေါင်း ၂၆၉ ကွက်ကို ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သဖြင့် စစ်ဆေးခြင်းမှတ်တမ်းများကို ဒေသခံတောင်သူများထံ ဧပြီ ၂၆ ရက်က ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေကြည်မြို့နယ် ဆပ်ကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည့် စစ်ဆေးချက်များ ပေးအပ်ပွဲတွင် ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်ဝမ်းနှင့် ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသာအေးတို့က မြေဆီလွှာအာဟာရဓာတ်ပါဝင်မှုအလိုက် ဖြည့်စွက်ပြုပြင်ဆောင်ရွက်သင့်သည့် စိုက်ပျိုးရေးနည်းလမ်းများကို ဆွေးနွေးဟောပြောပေးခဲ့ပြီး ဆက်လက်၍ မြို့နယ်အတွင်းရှိ ကိုင်းချောင်ကျေးရွာအုပ်စုနှင့် ဆပ်ကွင်းကျေးရွာအုပ်စုတို့မှ တောင်သူ ၇၂၆ ဦးတို့ကိုယ်စား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက မြေဆီလွှာမှတ်တမ်းများကို လက်ခံရယူခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများအား မြေဆီလွှာစစ်ဆေးချက် မှတ်တမ်းများအပြင် စိုက်ပျိုးရေးပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ပုသိမ်မြို့နယ်၌ သမဝါယမချေးငွေများပေးအပ်

**ပုသိမ် မေ ၁**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တိုက်ကြီးကုန်းကျေးရွာရှိ မြန်မာအောင်နှင့် ကွင်းပေါက်ကြီး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှ အသင်းသားပိုင် လယ်ယာမြေများကို အဆင့်မြှင့်တင်ရန် ပံ့ပိုးချေးငွေပေးအပ်ပွဲကို သမဝါယမအသင်းသားတစ်ဦးဖြစ်သည့် တောင်သူဦးစန်းမောင်၏ လယ်မြေ၌ ဧပြီ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက တောင်သူလယ်သမားများအနေဖြင့် မြေယာများကို အဆင့်မြှင့်တင်ကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ရန် အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းခိုင်ဇော်က အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေကို ရှင်းလင်းပြောကြားကာ သမဝါယမအသင်းနှစ်သင်းမှ အသင်းသားနှစ်ဦး၏ လယ်ဧက ၅၀ မြေယာပြုပြင်ရန်အတွက် ပံ့ပိုးချေးငွေ ကျပ်သိန်း ၁၅၀ ကို ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာ-တရုတ် ပူးပေါင်းမီဒီယာအဖွဲ့ဝင်များ မန္တလေးမြို့ရှိ စီးပွားရေးဆိုင်ရာ အသင်းများသို့ သွားရောက်လေ့လာ

**မန္တလေး မေ ၁**
အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းနှင့် တရုတ်နိုင်ငံ တက်ဟုန်းမီဒီယာအုပ်စုတို့ ပူးပေါင်းအဖွဲ့သည် တရုတ်နိုင်ငံကဆောင်ရွက်နေသည့် One Belt One Road အစီအစဉ်၏ အစိတ်အပိုင်းဖြစ်သည့် မြန်မာ-တရုတ်စီးပွားရေးစင်္ကြံလမ်းပေါ်ရှိ မြို့များသို့ သွားရောက်လေ့လာလျက်ရှိရာ မန္တလေးမြို့ရှိ စီးပွားရေးဆိုင်ရာအသင်းများသို့ ဧပြီ ၃၀ ရက်က သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

တက်ဟုန်းပြည်နယ်ခွဲ သတင်းမီဒီယာအုပ်စု ဒုတိယဥက္ကဋ္ဌ Mr.Pai Lu Qiang ဦးဆောင်သော တရုတ်သတင်းမီဒီယာအဖွဲ့နှင့် မြန်မာ့အလင်း၊ မြန်မာတိုင်းမ်၊ စံတော်ချိန်သတင်းစာတို့မှ သတင်းစာဆရာများပါဝင်သော မြန်မာသတင်းစာဆရာအဖွဲ့တို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ စီးပွားရေးဆိုင်ရာအသင်းများဖြစ်သော အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ပွဲစား ကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းများသို့ သွားရောက်ကာ လက်ရှိစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် အခြေအနေများ၊ နောင်ဖြစ်ပေါ်လာမည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်း အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ကြသည်။

အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းကို ၂၀၁၂ ခုနှစ် မေလက ဖွဲ့စည်းထူထောင်ခဲ့ကာ မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ၄၅၀ ခန့်ရှိသည့်အနက် ၁၀၀ ခန့်သည် မန္တလေးမှ မူဆယ်သို့ ကုန်စည်များ နေ့စဉ်ပို့ဆောင်ပေးနေကြောင်း၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်း ပေါ်ပေါက်လာပါက ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နီနီအောင်က ပြောသည်။



မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းကလည်း အသင်းကို ၁၉၉၁ ခုနှစ် ဇွန်လတွင်ဖွဲ့စည်းထူထောင်ခဲ့ကြောင်း၊ ညီနောင်အသင်းပေါင်း ၃၆ သင်းရှိကြောင်း၊ အသင်းများနှင့်အစိုးရကြား ချိတ်ဆက်ညှိနှိုင်းပေးရသော အဖွဲ့အစည်းဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် တရုတ်နိုင်ငံကဆောင်ရွက်နေသော One Belt One Road ကို ကြိုဆိုကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများစွာ ပေါ်ထွန်းလာမည်ဟု ယုံကြည်ကြောင်း ပြောသည်။

မန္တလေးမြို့ရှိ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းတွင် ကုန်သည်ပေါင်း ၁၀၀ ကျော်ရှိကြောင်း၊ ၎င်းတို့၏ အခက်အခဲများကို အသင်းကြီးက ပေါင်းကူးတံတားသဖွယ် ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် ရုံးခွဲများကို လားရှိုး ၊ ဗန်းမော်၊ မြစ်ကြီးနား၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

ပူးပေါင်းမီဒီယာအဖွဲ့သည် မြန်မာနိုင်ငံအထက်ပိုင်း၏ အကြီးဆုံးပဲနှမ်းကုန်စည်ဒိုင်ကြီးဖြစ်သည့် ပွဲစား ကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းကြီးသို့လည်း သွားရောက်လေ့လာခဲ့ကြပြီး ၎င်းအသင်းကြီးမှာ သက်တမ်း ၈၄ နှစ်ရှိပြီဖြစ်ကြောင်း၊ မန္တလေးမြို့တွင် အကြီးဆုံး ကထိန်ပွဲကြီးကိုလည်း အသင်းကစီစဉ်၍ နှစ်စဉ်ကျင်းပလေ့ရှိကြောင်း၊ နေ့စဉ် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ အမျိုးပေါင်း ၉၀ ကျော်ကိုလည်း ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း၊ ကုန်စည်ရောင်းဝယ်မှုနေရာပေါင်း ၇၀၀ ကျော်ရှိကြောင်း၊ တန်ချိန်အားဖြင့် ၁၅၀၀ နှင့် ၂၀၀၀ ကြား နေ့စဉ်ရောင်းချလျက်ရှိကြောင်း၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းနေမှုကို ကြိုဆိုကြောင်း အသင်းဥက္ကဋ္ဌ ဦးသက်တင်က ပြောသည်။ **မြင့်မောင်စိုး**

# ကင်ဆာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ သံတွဲမြို့၌ကျင်းပ

**သံတွဲ မေ ၁**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ကင်ဆာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဧပြီ ၃၀ ရက်က သံတွဲမြို့ရှိ ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သံတွဲခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်ဝင်းက ကင်ဆာရောဂါ အသိပညာပေးဟောပြောပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို



ရှင်းလင်းဆွေးနွေးပြီး ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါမောက္ခဒေါ်ရင်ရင်ထွန်းက ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းအကြောင်းကို မိတ်ဆက်ကာ ရင်သားကင်ဆာအကြောင်း သိကောင်းစရာများနှင့် စစ်ဆေးကာကွယ်ကုသမှုခံယူရေးကိုလည်းကောင်း၊ ပါမောက္ခ ဒေါ်ရင်ရင်ဇော်က သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒေါက်တာဒေါ်မေကြည်က အူမကြီးကင်ဆာရောဂါအကြောင်းကိုလည်းကောင်း၊ ပါမောက္ခဒေါ်ဆွေဆွေဝင်းက ခံတွင်းကင်ဆာရောဂါဆိုင်ရာများကိုလည်းကောင်း၊ ဒေါက်တာမိုးအောင်ကျော်နိုင်က ဆေးလိပ်၊ အရက်၊ ကွမ်းနှင့် ကင်ဆာအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကိုလည်း သက်ဆိုင်ရာဆရာဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ၊ ရပ်ကွက်ကျေးရွာများမှ ကျန်းမာရေးမှူးများနှင့် ကျန်းမာရေးဆရာမများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုစုပေါင်း အင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းအနေဖြင့် ဧပြီ ၂၉ ရက်မှစ၍ သံတွဲခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါအကြောင်း ပညာပေးခြင်းနှင့် စစ်ဆေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သံတွဲခရိုင် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သန့်ဇင်(ခရိုင်ပြန်/ဆက်)**

# မိုင်းတုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံသစ်ဖွင့်

**မိုင်းတုံ မေ ၁**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်း၊ တံတား၊ သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် စာသင်ကျောင်းများ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မိုင်းတုံမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂၈ ရက်က အဆိုပါရုံးရှေ့၌ ကျင်းပခဲ့သည်။

ရုံးဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာမင်းနှင့် တာဝန်ရှိသူများက ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ရုံးအဆောက်အအုံသစ်သည် အလျား ၄၅ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ၁၂ ပေရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၃၁ ဒသမ ၂၈၅ သန်းဖြင့် ရွှေနန်းမဉ္ဇူကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ထွေး(ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်ရိုးရာ အကြိမ်(၆၀)မြောက် ပျားရည်ဆွမ်းလောင်းလှူပွဲ ကျင်းပ

**ကျွန်းစု မေ ၁**

မြန်မာတစ်နိုင်ငံလုံးတွင် ဒေသအလိုက် ကျင်းပလေ့ရှိသည့် ထူးခြားသောပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သော တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်မှ ပျားရည်ဆွမ်းလောင်းလှူပွဲ၏ အကြိမ်(၆၀)မြောက်ပွဲတော်ကို ဧပြီ ၂၉ ရက်(ကဆုန်လပြည့်နေ့)က ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာရှိ အောင်တော်မူသာသနာ့ရိပ်သာကျောင်းတိုက်၌ ကျင်းပခဲ့သည်။



ပျားရည်ဆွမ်းလောင်းလှူပွဲတွင် ရပ်နီး၊ ရပ်ဝေးမှ ပျားရည်ဆွမ်းလောင်းလှူမည့် အလှူရှင်များက အောင်တော်မူသာသနာ့ရိပ်သာကျောင်းတိုက် ကွင်းပြင်ရှိ မဏ္ဍပ်အတွင်း နေရာယူပြီး လောင်းလှူမည့် ပျားရည်များကို ဖလားများ၊ ချိုင့်များ၊ အလှူဆွမ်းအုပ်များတွင်ထည့်၍ စီတန်းစောင့်ဆိုင်းကြသည်။ ထို့နောက် ဂေါပကအဖွဲ့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရှေ့ဆုံးမှပင့်ဆောင်၍ ဆရာတော် သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များက စီတန်းလျက် အလှူခံမဏ္ဍပ်သို့ ကြွရောက်လာခဲ့ရာ ဒေသခံများနှင့် အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာသော ပျားရည်အလှူရှင်များက ဆွမ်းအုပ်၊ ချိုင့်၊ ခွက်များထဲသို့ ပျားရည်ဆွမ်းများကို ဇွန်းဖြင့် တစ်ဇွန်းချင်းသို့မဟုတ် မိမိတို့ တတ်စွမ်းသမျှ လောင်းလှူခဲ့ကြသည်။

ထို့နောက် ပျားရည်ဆွမ်းလောင်းလှူပွဲသို့ လာရောက်သော ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးနှင့် ဌာနဆိုင်ရာများ၊ ထိန်ချောင်းကျေးရွာနှင့်အနီးဝန်းကျင်မှ ဒေသခံများ၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အောင်တော်မူသာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ သီလခံယူဆောက်တည်ပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သစ္စာဝါဒီဓမ္မရိပ်သာ ကျောင်းတိုက်မှ အရှင်ဥတ္တရက "ဆရာတော်က ကျွန်းစုမြို့နယ်ကို လေ့လာရေးခရီးထွက်ရင်း ကြွလာတာဖြစ်တယ်၊ ဆရာတော်က ဒီအောင်တော်မူသာသနာ့ရိပ်သာကျောင်းတိုက်မှ ဆရာတော်နှင့် ရင်းနှီးတော့ ကျောင်းတိုက်ကိုအလည်လာရင်း ပျားရည်ဆွမ်းလောင်းလှူပွဲနှင့် ကြုံခဲ့တာဖြစ်တယ်၊ ပျားရည်ဆွမ်းလောင်းလှူပွဲဆိုတာ မြန်မာပြည်မှာ ဒီကျောင်းတိုက်တစ်ခုတည်းသာ ပြုလုပ်တာ တွေ့ဖူးတယ်"ဟု မိန့်ကြားသည်။

ထိုသို့ ပျားရည်ဆွမ်းလောင်းလှူနိုင်ရန်အတွက် ထိန်ချောင်းကျေးရွာသူ၊ ကျေးရွာသားများသည် ပျားရည်များရရှိရန် မိမိတို့ ခြံဝင်းအတွင်းရှိ သစ်ပင်များတွင် မိုးအကုန်မှစတင်ကာ ပျားရည်ဆွမ်းလောင်းလှူပွဲအမီ ပျားပုံးများဖြင့် ပျားများမွေးမြူထားကြောင်းနှင့် ရပ်ဝေးမှရောက်ရှိလာသော အလှူရှင်များ အလွယ်တကူ ပျားရည်ဝယ်ယူနိုင်ကြရန်အတွက်လည်း ပျားရည်များ ရောင်းချပေးကြကြောင်း သိရသည်။

အဆိုပါ ပျားရည်ဆွမ်းလောင်းလှူပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့သည်မှာ ယခုအခါနှစ်ပေါင်း ၆၀ အထိ ရှိခဲ့ပြီဖြစ်ပြီး ယခုနှစ် ပျားရည်ဆွမ်းလောင်းလှူပွဲတွင် ရဟန်းသံဃာတော် ၂၁၃ ပါး၊ သာမဏေ ၁၂ ပါး၊ သီလရှင် ၄၆ ပါး စုစုပေါင်း ၂၇၁ ပါးတို့အား ပျားရည်ဆွမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ကျောက်ဖြူမြို့နယ်တွင် ပြည်သူ ၃၀၀၀ ကျော်အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကျောက်ဖြူ မေ ၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို UEHRD ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့က ကျောက်ဖြူမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံ၌ ဧပြီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



UEHRD ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့က ကျောက်ဖြူမြို့ပေါ် ရပ်ကွက်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား သုံးရက်ကြာ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ဧပြီ ၂၇ ရက်တွင် အထွေထွေရောဂါနှင့် ခွဲစိတ်ကုသမှုခံယူသူ ၉၉၅ ဦး၊ ဧပြီ ၂၈ ရက်တွင် ကျောက်ဖြူဆေးရုံ၌ အထွေထွေရောဂါနှင့် ခွဲစိတ်သူ ၁၂၂၀ နှင့် ကျောက်တလုံး IDP ကမ့်တွင် အထွေထွေရောဂါ ၁၆၅ ဦး၊ ဧပြီ ၂၉ ရက်တွင် ကျောက်ဖြူဆေးရုံ၌ အထွေထွေရောဂါနှင့် ခွဲစိတ်သူ ၆၅၃ ဦး သုံးရက်အတွင်း စုစုပေါင်း လူနာ ၃၀၆၅ ဦးကို ကြည့်ရှုကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည့်အပြင် UEHRD ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့မှ ပါမောက္ခ ဒေါက်တာညွှန့်သိန်းကလည်း ကျောက်ဖြူဆေးရုံရှိ ကျန်းမာရေးဝန်ထမ်း ၂၀၀ အား အရေးပေါ်အသက်ကယ်ပညာ (Cardio Pulmonary Resusciton-CPR) သင်တန်းကို ကျောက်ဖြူဆေးရုံအစည်းအဝေးခန်းမ၌ သင်ကြားပို့ချပေးခဲ့ကြောင်း ခရိုင်ဆရာဝန်ကြီး ဒေါက်တာနေလင်းထံမှ သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်မှ ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ညောင်ဦး မေ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ သောက်သုံးရေရှားပါး၍ အခက်အခဲများနှင့် ကြုံတွေ့နေရသည့် မကျည်းတန်းကျေးရွာ၊ မျက်ခါးတောကျေးရွာနှင့် ရွာသစ်တောင်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ/သွေး)ပရဟိတအသင်းနှင့် ညောင်ဦးမြို့မြတ်ပါရမီ လူမှုကူညီရေးအသင်းတို့ ပူးပေါင်းအဖွဲ့က ရေဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်သုံးစီးဖြင့် ဧပြီ ၂၉ ရက်က ရေများ သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့က ရေများလှူဒါန်းရာတွင် မကျည်းတန်းကျေးရွာမှ ကျေးလက်နေပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ မျက်ခါးတောကျေးရွာမှ ကျေးလက်နေပြည်သူများအတွက် ရေဂါလန် ၁၅၀၀ နှင့် ရွာသစ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၁၅၀၀ တို့ကို ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ သောက်သုံးရေရှားပါးပြီး အခက်ကြုံနေချိန်တွင် ရေလာရောက်လှူဒါန်းပေးသည့်အတွက် ဒေသခံ ကျေးလက်နေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း၊ မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ(ရေ/သွေး) ပရဟိတအသင်း အနေဖြင့် ရေလိုအပ်သော ကျေးရွာများသို့ ရေများ ဆက်လက်ဖြန့်ဝေ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း အသင်းဝင်တစ်ဦးဖြစ်သူ ဦးဝင်းမင်းထွန်းက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# စစ်ကိုင်းမြို့ မဟာသိမ်တော်ကျောင်းတိုက်သို့ ပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်

**စစ်ကိုင်း မေ ၁**

စစ်ကိုင်းမြို့ဒါးဝယ်ဈေးရပ်ကွက် ငါးထပ်ကြီးဘုရားအနီး မဟာသိမ်တော်ကျောင်းတိုက်ရှိ ထိုင်း၊ မြန်မာ နံရံဆေးရေးပန်းချီလက်ရာများစွာရှိသော ရှေးဟောင်းမဟာသိမ်တော်ကြီးအား သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေးအတွက် ရေကာတာနှင့် အမိုးတည်ဆောက်နိုင်ရန်အတွက် ယိုးဒယားရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့မှ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၉ ရက်က ယင်းကျောင်းတိုက်၌ ကျင်းပခဲ့သည်။

"သိမ်တော်ကြီးပြုပြင်ဖို့အတွက် ကျွန်တော်တို့အဖွဲ့က စုပေါင်းလှူဒါန်းခဲ့ပါတယ်၊ ဒါ ပထမအကြိမ် လှူဒါန်းခြင်းပါ၊ ထပ်ပြီးလည်း လှူဒါန်းရဦးမှာပါ၊ ရေကာတာနဲ့ ပေ ၈၀ အကျယ် အမိုးပြုလုပ်ဖို့ ဘတ်ငွေသုံးသန်း လျာထားပါတယ်" ဟု အလှူရှင် ယိုးဒယားရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

မဟာသိမ်တော်ကြီးတည်နေရာသည် ရေဝင်မြေတွင်တည်ရှိသောကြောင့် နှစ်စဉ်ရေကြီးမှု ကြုံတွေ့ရသလို ရေခိုးရေငွေ့များရိုက်ကာ နံရံဆေးရေးပန်းချီများ ပျက်စီးလာခဲ့ပြီး ထိန်းသိမ်းရန်လိုအပ်လျက်ရှိသောကြောင့် ရေကာတာနှင့် အမိုးကို တည်ဆောက်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း၊ ယခု ပထမအကြိမ်အဖြစ် အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၊ ထိုင်းဘတ်ငွေ ၁၆၆၀၀၀ နှင့် မြန်မာငွေ ကျပ်သိန်း ၁၂၀ ကျော် လှူဒါန်းနိုင်ခဲ့ကြောင်း ယိုးဒယားရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များက ဆရာတော်၊သံဃာတော်များအား ဆွမ်းကြီးလောင်းလှူခြင်း၊ ရေကာတာနှင့်အမိုးပြုလုပ်ရန် အလှူငွေပေးအပ်ခြင်းများ ပြုလုပ်ပြီးနောက် ထိုင်းသံရုံးအရာရှိ၊ From Bangkok To Mandalay ရုပ်ရှင်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သော အကယ်ဒမီဝတ်မှုန်ရွှေရည်နှင့် ယိုးဒယားရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့များက ဝတ္ထုငွေများနှင့် ရှေးဟောင်းသိမ်တော်ကြီးကျောင်းအတွက် ရေသဖန်းပင်များလှူဒါန်းခဲ့သည်။ ထို့နောက် ယိုးဒယားရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေး အဖွဲ့များက စကားဝိုင်းဆွေးနွေးခြင်း၊ ဆရာ Myint Hsan Heart နှင့် ဆရာတမ္ပဝတီဦးဝင်းမောင်တို့က ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရန် နည်းလမ်းများအကြံပြုခြင်းတို့ ဆက်လက်ပြုလုပ်ခဲ့သည်။ **(ဝ၆၆)**

# လူမှုဖူလုံရေး မြတ်တော်ဝင် အထွေထွေရောဂါကုဆေးခန်းဖွင့်

**တောင်ကြီး မေ ၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ လူမှုဖူလုံရေးဆေးခန်းတစ်ခုဖြစ်သည့် မြတ်တော်ဝင်အထွေထွေရောဂါကုဆေးခန်းကို ဧပြီ ၃၀ ရက်က တောင်ကြီးမြို့မြတ်တော်ဝင်ဆေးရုံ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဆေးခန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လူမှုဖူလုံရေးဆိုသည်မှာ နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများအတွက် လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံ




တော်တို့က စုပေါင်း၍ ဝန်ဆောင်မှုပေးနေသော လူမှုကျန်းမာရေးအာမခံ စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးစီမံကိန်း တိုးတက်ပြောင်းလဲမှုသည် အလုပ်သမားများ၏ အကျိုးအတွက်သာမက အလုပ်ရှင်များအကျိုးကိုလည်း ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်တပ်တစ်အား ဖြည့်ဆည်းပေးနိုင်သည့်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၊ ပုဂ္ဂလိကဆေးရုံကြီးမှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ အားလုံး တက်ညီလက်ညီပူးပေါင်းပါဝင်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က လူမှုဖူလုံရေးစီမံကိန်းအကြောင်း၊ လူမှုဖူလုံရေး ဥပဒေကို ခေတ်ကာလအခြေအနေနှင့်ကိုက်ညီအောင် ရေးဆွဲဆောင်ရွက်ခဲ့မှု၊ ၂၀၁၂ ခုနှစ်တွင် လူမှုဖူလုံရေးဥပဒေသစ်ကိုပြဋ္ဌာန်း၍ ၂၀၁၄ ခုနှစ်မှစတင်ကာ ဥပဒေသစ်ကို အကောင်အထည်ဖော်နေသည့် အခြေအနေများ၊ တောင်ကြီးမြို့တွင် အာမခံအလုပ်သမားပေါင်း ၁၀၂၀၈ ဦး ရှိနေပြီဖြစ်ကြောင်းနှင့် အလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Family Mandalar Hospital Group ဥက္ကဋ္ဌ ဦးစိုးမြင့်က လူမှုဖူလုံရေး မြတ်တော်ဝင်အထွေထွေရောဂါကုဆေးခန်း ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အာမခံအလုပ်သမားများကိုယ်စား ကမ္ဘောဇဘီလပ်မြေစက်ရုံ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းထိန်က ကျေးဇူးတင်စကားပြောကြားကာ အမြဲတမ်းအတွင်းဝန်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက မြတ်တော်ဝင် အထွေထွေရောဂါကုဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၄) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ မေလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဃ - ၃၆၃၁၁၁

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ကင - ၅၅၀၇၈၆

ဓ - ၅၅၇၁၉၀

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ရ - ၂၉၀၅၂၂

ဠ - ၈၉၃၆၇၁

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဒ - ၂၅၇၄၂၁

ဗ - ၅၅၁၉၃၄

လ - ၅၇၄၄၇၆

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

ကဃ - ၁၆၆၁၉၇

ဃ - ၂၆၉၉၈၂

စ - ၂၉၁၉၈၈

ဂ - ၆၄၂၉၂၀

ည - ၇၆၃၉၄၁

## ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ကဓ - ၁၄၀၆၀၉

ဏ - ၁၈၉၉၄၇

ဃ - ၃၇၃၇၆၃

ရ - ၃၈၃၇၈၆

ကဓ - ၄၄၄၆၃၀

ကည - ၅၇၄၄၇၁

ကဈ - ၉၂၄၃၁၅

## ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

ကခ - ၂၅၀၂၇၀

န - ၂၅၉၇၃၀

ယ - ၆၁၆၈၁၁

ကဆ - ၆၈၆၅၁၅

စ - ၇၆၀၉၀၀

င - ၉၃၁၉၁၈

ဓ - ၉၆၇၈၀၆

ပ - ၉၆၉၂၆၈

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

င - ၂၃၇၃၀၈

ပ - ၅၅၉၀၅၁

ကစ - ၂၅၆၁၀၉

ကခ - ၅၇၄၁၄၇

ကဃ - ၂၇၈၃၁၉

ဝ - ၇၅၃၂၀၈

ဂ - ၃၀၇၈၇၁

ကဃ - ၈၂၆၁၉၉

ခ - ၃၆၀၆၆၆

## ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀)ဆုများ

မ - ၂၁၆၈၅၈

ကဈ - ၅၆၆၆၂၆

ဖ - ၂၇၉၃၉၈

ခ - ၇၈၁၂၅၁

ဓ - ၃၃၀၁၂၉

ကက - ၉၁၀၃၅၇

ဌ - ၃၄၉၅၃၃

ကဆ - ၉၂၃၄၆၀

က - ၅၅၈၈၉၂

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| မ | ၂၅၆၇၃၃ | ဏ | ၃၈၁၃၅၇ | ထ | ၅၇၆၆၉၀ | ဌ | ၇၅၈၂၀၆ |
| ကဇ | ၃၃၁၅၂၇ | ဆ | ၄၈၈၃၁၃ | လ | ၆၉၅၅၄၃ | ဗ | ၈၀၅၄၂၂ |
| ဝ | ၃၇၉၉၈၁ | ဝ | ၅၁၁၇၈၂ | ဎ | ၇၄၂၇၁၂ | ခ | ၉၆၄၀၃၀ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| လ | ၁၆၂၇၇ | င | ၆၁၂၂၇ |
| ဌ | ၃၂၀၄၉ | က | ၆၂၂၁၄ |
| ကဂ | ၃၉၄၈၅ | ဃ | ၈၄၉၉၄ |
| ည | ၄၇၀၃၃ | ဏ | ၈၉၀၆၄ |
| င | ၅၃၃၈၅ | ဝ | ၉၆၉၇၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ဍ | ၂၂၂၄ | ည | ၃၉၉၀ |
| ခ | ၂၅၉၄ | ကဃ | ၄၅၅၈ |
| ခ | ၂၇၇၄ | သ | ၅၇၇၆ |
| စ | ၃၃၁၆ | ဝ | ၇၈၄၇ |
| ဎ | ၃၇၆၆ | ကဇ | ၉၅၄၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ဃ | ၂၂၀ | က | ၄၆၈ |
| ပ | ၂၅၉ | ကဂ | ၅၇၄ |
| အ | ၂၆၀ | ကက | ၆၀၄ |
| ည | ၃၈၄ | ကဆ | ၆၄၉ |
| ပ | ၄၁၂ | ဂ | ၉၂၄ |
| ပ | ၄၃၄ | န | ၉၂၇ |
| ကဇ | ၄၄၃ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | |
|---|---|---|---|
| င | ၂၅ | စ | ၆၉ |
| အ | ၂၅ | ဝ | ၇၃ |
| ကင | ၄၄ | ခ | ၈၂ |
| ကက | ၅၉ | ဃ | ၉၀ |
| ကဃ | ၅၉ | ဟ | ၉၉ |
| ဌ | ၆၂ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ မေလ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၄) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၁၅၈)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၅) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကဌ) အက္ခရာထိ အက္ခရာအလုံး (၄၅)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူ လုပ်ငန်းရှင်အသစ်များအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် အုပ်ရေ (၁၀၀) လျှင် ကျပ် (၃၀၀၀၀) တန် **PO** ကို **Deposit** တင်ပြပြီး ကျသင့်ငွေကို ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် ဘဏ်ခွဲ(၅)တွင် ပေးသွင်းရပါမည်။ ထီစာအုပ်များကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ( ၉ . ၅ . ၂၀၁၈) ရက်နေ့မှ (၂၄ . ၅ . ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ . ၅ . ၂၀၁၈ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

## ရွှေမင်းဝံသာသနာ့ရိပ်သာမဟာစည်တော်စင်ဒါယိကာမကြီး

## ဒေါ်နွဲ့နွဲ့ရီ (၉၀)နှစ်

၂၅-၄-၂၀၁၈ရက်နေ့တွင် ကွယ်လွန်သွားသော ရန်ကုန်မြို့၊ အမှတ်(၁၃၀)၊ (၃)ထပ်၊ အနော်ရထာလမ်းနေ ကျေးဇူးရှင်မိခင်ကြီး ဒေါ်နွဲ့နွဲ့ရီ၏ နောက်ဆုံးခရီးတွင် တရားရေအေးဖြင့် နိဗ္ဗာန်ဘုံသို့ရောက်အောင် လိုက်ပါပို့ဆောင်ပေးပါသော ရွှေမင်းဝံသာသနာ့ရိပ်သာမှ ကျေးဇူးရှင် နာယကဆရာတော်ကြီး "အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တသောဘန" နှင့် ပင့်သံဃာတော်များ၊ တပည့်သံဃာတော်များ၊ သီလရှင်ဆရာကြီး/လေးများအားလည်းကောင်း၊ နေမကောင်းစဉ်ကာလအတွင်းမှ ကွယ်လွန်ချိန်အထိ ရွှေမင်းဝံသာသနာ့ရိပ်သာမှ မအေးအေးမိုးနှင့် ဓမ္မမိတ်ဆွေများ မေတ္တာတရားဖြင့် ဂရုစိုက်ကူညီပံ့ပိုးမှုများအားလည်းကောင်း၊ SSC ဆေးရုံကြီးမှ နှလုံးအထူးကုပါမောက္ခ Dr.ဦးဆန်းလွင်၊ မေ့ဆေးဆရာဝန်ကြီး Dr.ဦးစိုးညွန့်၊ ဒု-ဆေးရုံအုပ် Dr.ဒေါ်စိမ့်သျှင်စိုး၊ Dr.ဒေါ်မိုမို၊ ဒု-လက်ထောက်ဆေးရုံအုပ် Dr.ဒေါ်နီလာစိုးတို့အားလည်းကောင်း၊ (၆)ထပ်လူနာဆောင်မှ (MO)ဆရာဝန်များ၊ သူနာပြုဆရာမများ၊ တာဝန်ကျဝန်ထမ်းများအားလုံးတို့အားလည်းကောင်း လိုက်ပါပို့ဆောင်ပြီး လွမ်းသူ့ပန်းခြင်းပေးပို့သော ရွှေပုဇွန်မိသားစုနှင့် ရွှေမင်းဝံဓမ္မ မိတ်ဆွေများ၊ (၃၆)လမ်းအထက် ဓမ္မာရုံမှ ဓမ္မမိတ်ဆွေများ၊ ရပ်မိ/ရပ်ဖများ၊ ရပ်ဝေး/ရပ်နီးမှ E-mail ဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းမေးပေးပို့ကြသော ဆွေမျိုးမိတ်ဆွေများအားလုံးတို့အားလည်းကောင်း၊ ကွယ်လွန်ချိန်မှ သင်္ဂြိုဟ်ပြီးသည်အထိ ကိစ္စအဝဝတွင် လိုလေသေးမရှိ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်၊ ဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/7082 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇၀၊ ဟံသာရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ် ၁/၂၈၊ ဧရိယာ ၀ ဒသမ ၀၄၈ဧကေနှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဗိုလ်မှူးဝင်းမြင့်(ငြိမ်း)ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အား အပြီးအပိုင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ၂၉၃/၂၀၁၈ ရက်စွဲ ၇-၂-၂၀၁၈ တင်ပြ၍ ဦးတင်လှိုင် ၁၂/ကမတ(နိုင်)၀၄၄၁၉၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်အမှတ်(၁၄၆-ခ)၅၆×၅၇ လမ်းကြား၊ အောင်ဆန်းလမ်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်လင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၄၉/၂၀၁၇)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ကိုက်ကျီ ၁၃/ကခန(နိုင်)၀၃၀၄၃၄ မှ အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသောမိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဒေါ်လွင်လွင်မြင့်

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ပြည်လမ်းနေ ဒေါ်စန်းစန်းလွင် (MD)Century Royal Nagoya Co., Ltd. ၏မြေးတူမ၊ ဦးခင်မောင်မြင့်-ဒေါ်သန်းသန်းတို့၏သမီး၊ ဦးမြင့်ဇော်၊ ဒေါ်မော်မော်မြင့်၊ (ဦးမြင့်သိန်း)၊ ဦးဝင်းဇော်၊ ဒေါ်ဖြူဖြူခင်-ဦးသန့်ဇင်(Eternal Co., Ltd.)၊ ဒေါ်ဆွေဆွေရီ-ဦးတင်ဇော်ထွန်းလင်းတို့၏ အစ်မ၊ တူ၊ တူမခြောက်ယောက်တို့၏အဒေါ်သည် ဂျပန်နိုင်ငံတွင် ၂၉-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ဂျပန်စံတော်ချိန် ည ၇း၁၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်လွင်လွင်မြင့်

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးခင်မောင်မြင့်-ဒေါ်သန်းသန်းတို့၏သမီးကြီး၊ (ဦးသတိုးအောင်-ဒေါ်အီလင်းအောင်)၊ ဒေါ်မြကြည်ကြည်တို့၏ သမီးချွေးမ၊ ဂျပန်နိုင်ငံနေ ဦးနေအောင်၏ ချစ်လှစွာသောဇနီး၊ ကိုဟန်သင့်အောင်-မမြကေခိုင်၊ ကိုရဲလွင်အောင်-မမြသူဇာဝင်းခိုင်၊ ကိုစိုပြေအောင်တို့၏ ချစ်လှစွာသောမိခင်၊ သုခန့်အောင်၊ ဘုန်းမင်းခန့်တို့၏အဘွားသည် ၂၉-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ဂျပန်စံတော်ချိန် ည ၇း၁၉ နာရီတွင် Toho University Medical Centre Omori Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် ဂျပန်စံတော်ချိန် ညနေ ၃နာရီတွင် Rinkai Saijo တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/4297 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/7659 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

### ဖခင် အမည်မှန်

အင်္ဂပူမြို့နယ်၊ တလိုင်းကွင်းအုပ်စု၊ သဲကောကျေးရွာ၊ အမက(သဲကော)သတ္တမတန်းမှ မကြည်ကြည်ဝင်း၊ ဒုတိယတန်းမှ မမူမူအေး၊ ပထမတန်းမှ မောင်ဇော်ပိုင်ဖြိုးတို့၏ဖခင် အမည်မှန်မှာ ဦးထွန်းနိုင် ၁၄/အဂပ(နိုင်) ၁၆၄၂၃၉ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၄၂၈၇၆ Zong Shen 110 ယာဉ်အမည်ပေါက်သူ ဦးလှဆင့် ၉/စကတ(နိုင်)၀၁၈၄၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတက်ဖြိုး

### အသက် (၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေး-ဒေါ်အေးပပမိုး၊ ဦးတင်အောင်-ဒေါ်အေးအေးစန်း၊ (ဦးထင်အောင်-ဒေါ်အေးအေးဝင်း)၊ (ဒေါ်ညိုညိုဝင်း)တို့၏ဖခင်၊ မောင်ဝေယံဝင်းမိုး၊ မောင်ချမ်းမြေ့အောင်၊ မောင်ဝင်းမင်းငွေးတို့၏အဘိုး ဦးတက်ဖြိုးသည် ၂၆-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၉း၂၀ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀)**
**ရေကြည်မြို့**

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးလမုန်ထိန်နန် (မြစ်ကြီးနားမြို့)

### အသက်(၇၄)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဧရာရပ်ကွက်၊ အမှတ် ၅၉(A)နေ (ဦးလမုန်ဂမ်-ဒေါ်မရန်ထု)တို့၏သား၊ ဒေါ်လမုန်ခေါန်တောင်-(ဦးလခရဲန်တူးဂျိုင်)၊ (ဦးလမုန်ဘောက်နော်)-ဒေါ်မရန်နန်ဘန်တို့၏အစ်ကို၊ ဦးလမုန်အောင်နန်-ဒေါ်အင်ထုန်းဂျီးနန်၊ ဒေါ်လမုန်နူးခေါန်-ဦးလဖိုင်အောင်ရာတန်၊ ဒေါ်လမုန်ဘောက်ဆိုင်း-ဦးတန်ဘောင်လှခေါင်၊ ဒေါ်လမုန်ဂျာမန်-ဦးမီတုန်ဘောက်လာ၊ ဒေါ်လမုန်နန် ဘူအောင်-ဦးလဂွီဆိုင်မွန်တို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မြစ်ကြီးနားဝန်ပေါင်ခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဦးကျော်ဝင်းမောင် ၁၂/ရပသ(နိုင်)၀၀၁၈၈၈ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ တညင်းကုန်းဘူတာရုံလမ်း၊ အမှတ် ၅/၂၃ နေ ဦးသောင်းစိန် ၁၂/အစန(နိုင်)၀၇၂၅၉၉၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၆-၄-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဦးကျော်ဝင်းမောင်နှင့် အများသိစေရန်ကြေညာခြင်း ခေါင်းစဉ်ဖြင့် ကြေညာထားသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊တညင်းကုန်း ကွင်းအမှတ်(၄၀၄-A)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ ၁၆ ဧကအား စရန်ငွေပေးချေ ထားခြင်းကိစ္စနှင့်ပတ်သက်ပြီး လာရောက်ဖြေရှင်းပါရန် ကြေညာထားသော်လည်း ဦးကျော်ဝင်းမောင်နှင့် ၎င်း၏အခွင့်ရကိုယ်စားလှယ် မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ဖြေရှင်းပြောကြားခြင်းမရှိ၍ ယနေ့မှစ၍ကြော်ငြာစာပါ လယ်မြေနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပတ်သက် သက်ဆိုင်ခြင်းမရှိတော့ကြောင်း ဦးသောင်းစိန်၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် ဦးကျော်ဝင်းမောင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသောင်းစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိမွန်** | **ဦးစည်သူ** |
| **(LL.B, C.B.L, C.C.C)** | **(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၉၉၁၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၁၉၆၈)** |
| **အင်းစိန်မြို့နယ်၊စုပေါင်းရုံးဝင်း** | **အင်းစိန်မြို့နယ်၊ စုပေါင်းရုံးဝင်း** |
| **ဖုန်း-၀၉-၄၂၀၂၂၉၀၂၈** | **ဖုန်း-၀၉-၄၂၀၈၄၂၆၄၃** |

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဌမ်ဟိန်း
**တိုင်းပို့ဆောင်ရေး၊ မန်နေဂျာ(ငြိမ်း)၊ မြန်မာ့မီးရထား**
**အသက်(၉၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ ခြံအမှတ် (၆-င)နေ ပါမောက္ခဌာနမှူး ဒေါက်တာဦးတင်ဝင်း (ဆေး-၁၊ မျက်စိရောဂါပညာဌာန၊ ရန်ကုန်မျက်စိ အထူးကုဆေးရုံကြီး)၏ ကျေးဇူးရှင် မွေးသဖခင်ကြီးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဌမ်ဟိန်း
**တိုင်းပို့ဆောင်ရေး၊ မန်နေဂျာ(ငြိမ်း)၊ မြန်မာ့မီးရထား**
**အသက်(၉၈)နှစ်**

ပါမောက္ခဒေါက်တာ ဦးတင်ဝင်း (ပါမောက္ခ၊ ဌာနမှူး)၊ ဆေးတက္ကသိုလ်(၁)၊ မျက်စိရောဂါပညာဌာန၏ ကျေးဇူးရှင်မွေးသဖခင်ကြီးသည် ၂၈-၄-၂၀၁၈ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **မျက်စိပါရဂူများနှင့်ဘွဲ့လွန်ကျောင်းသားများ ဆေးဝန်ထမ်းတပ်ဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ခင်တင့်
**အသက်(၉၁)နှစ်**

ဒေါက်တာသန်းဝင်း MD Concordia International Co.,Ltd. ၊ ဒေါ်မီမီဝင်း Director Concordia International Co.,Ltd. တို့၏ မိခင်ဒေါက်တာဒေါ်ခင်တင့် (နှလုံးအထူးကုဆရာဝန်ကြီး)သည် ၃၀-၄-၂၀၁၈ ရက် (တနင်္လာနေ့)တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။

**အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ**
**Concordia International Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ခင်တင့်
**အသက်(၉၁)နှစ်**

ဒေါက်တာသန်းဝင်း MD ABMT Myanmar Co.,Ltd.- ဒေါ်မီမီဝင်း Director ABMT Myanmar Co.,Ltd. တို့၏ မိခင် ဒေါက်တာဒေါ်ခင်တင့် (နှလုံးအထူးကုဆရာဝန်ကြီး)သည် ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့)တွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ABMT Myanmar Co.,Ltd.**
**မှ ဝန်ထမ်းများ**

## ဒေါ်ခင်စန်းရီ အသက်(၇၁)နှစ်
**မူလတန်းပြဆရာမ(ငြိမ်း)၊ အလက(၁၁)ရွှေဘို**

ရွှေဘိုမြို့၊ (၆)ရပ်ကွက်၊ စာရေးတန်းရပ်နေ (ဦးလေးမောင်-ဒေါ်တင်တင်) တို့၏သမီး၊ ဦးချစ်စံ၏ဇနီး၊ ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်ဝင်းနေ ပါမောက္ခ ဒေါက်တာခိုင်ညွန့်မြိုင်၊ ဦးအောင်ဖြိုး၊ မြင်းခြံမြို့နေ ဦးမြင့်လွင်-ဒေါ်အေးအေး ငြိမ်း၊ တပ်မတော်(ခုတင်-၁၀၀၀) ဆေးရုံကြီး (ဘုတ်ပြင်းမြို့)နေ ဗိုလ်ကြီး မြတ်ဟိန်း-ဒေါ်ဟန်နီဟန်ထွန်းတို့၏မိခင်၊ မောင်ဆွေမွန်အောင်၊ မောင်လုဘုန်း ဆင့်တို့၏အဘွားသည် ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင်ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ပြင်ဦးလွင်မြို့ စမိုင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဟန်နစ (BEd-74)
**အသက်(၆၇)နှစ်**

ဒေါ်ဟန်နစ အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)သည် ၂၇-၄-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၀း၀၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းမြင့်မြတ်ရာ ဘုံဘဝသို့ရောက်ပါစေ။

**(၁၉၆၉-၇၄)ပညာရေးဘွဲ့ရသူငယ်ချင်းများ**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ဒေါက်တာသန်းဝင်း အသက်(၅၅)နှစ်
**ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ အမှတ် ၅၀၇/၁၇နေ (ဦးအုံးမောင်)-ဒေါ်မြသန်းကြည်တို့၏သား၊ ထောက်ကြန့်နေ ဦးဝင်းမြိုင်-ဒေါ်တင်ယုံတို့၏သားသမက်၊ ဒေါ်ယုဆွေဝင်း၏ခင်ပွန်း၊ ဦးတင့်ဆွေ(ခ)ကိုစုတ်ချွန်း-ဒေါ်စမ်းသီတာ၊ ဒေါ်ခိုင်ခိုင်ဝင်း-ဦးမြင့်ကြွယ်၊ ဒေါ်ခင်ခင်မြ၊ ဦးသန်းနိုင်ဝင်း၊ Capt:ဦးလေးဝင်း၊ ဒေါ်မာလာဝင်းတို့၏အစ်ကို/ညီ/မောင်၊ မောင်အောင်မျိုးမင်း၊ မောင်ဝင်းမင်းမော်(4T/Mech မော်ဘီ TU)တို့၏ဦးလေးသည် ၂၈-၄-၂၀၁၈ရက်(စနေနေ့)ည ၁၁း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာသန်းဝင်း (ပါမောက္ခချုပ်)
**မအူပင်တက္ကသိုလ်**
**အသက်(၅၅)နှစ်**

ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်များ**
**သင်ကြားရေးဝန်ထမ်းများ၊ ရုံးဝန်ထမ်းများ**
**မအူပင်တက္ကသိုလ်**

## ဒေါ်ငြိမ်းကျင် (မော်လမြိုင်)
**ဆရာမ(ငြိမ်း)၊ အထက(၆)ဗိုလ်တထောင်**
**ယခင်စိန်ပေါလ်ကျောင်း**
**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ၉၃လမ်း၊ အမှတ် ၁၂၃၊ ပထမထပ်(ဝဲ)နေ (ဦးညဏ်ခို-ဒေါ်နှင်းရင်)တို့၏သမီး၊ (ဦးရွှေသွင်)၏ဇနီး၊ ဦးသန်းဝင်း၊ ဒေါ်ခင်မျိုးရည်(ဒုတိယမန်နေဂျာ၊ CB Bank)၊ ဦးမျိုးဝင်း(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ NAUNG YOE TECHNOLOGIES Co.,Ltd)၊ ဒေါ်တင်ချိုဦး(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊စီးပွားကူးသန်း)၊ဦးညွန့်ဦး (ငြိမ်း)၊ (ကစလ-၃၊ ဆင်တဲ)၊ ဒေါ်ကျင်ဌေး (ငြိမ်း)၊ (ကစလ-၃၊ ဆင်တဲ)၊ (ဦးတင်ရွှေဦး)၊ ဦးလှဦးရွှေ(TARGET Engineering Group Co.,Ltd)၊ ဒေါ်ချိုမာဝင်းတို့၏ချစ်လှစွာသောမိခင်၊(ကိုသက်မျိုးဦး)၊ကိုကျော်မျိုးသွင်-မမီမီထွေး၊ ကိုတင့်ကျော်-မထက်ထက်လင်း၊ ဒေါက်တာဝင်းသန်းဦး(ခန္တီးပြည်သူ့ဆေးရုံ)၊ မအိသီဂီဆွေ၊ ကိုဝင်းမြတ်ထူး-မလင်းလင်းမြင့်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ပါမောက္ခ ဒေါက်တာဦးမင်းဆွေ(ငြိမ်း) အသက်(၈၁)နှစ်
**အရေပြားအထူးကုဆရာဝန်ကြီး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၈နေ (ဦးဘသန်း-ဒေါ်ခင်မြင့်)တို့၏သား၊ (ဦးတင်ရှောင်-ဒေါ်တင်အေး)တို့၏သားသမက်၊ ဦးမင်းညွန့်-ဒေါ်စီစီမာ၊ ဦးမင်းဇော်-ဒေါ်ဖလောရင့်တို့၏အစ်ကို၊ ဒေါ်ချိုချို၏ခင်ပွန်း၊ မသီရိချိုဆွေ၏ချစ်လှစွာသောဖခင်သည် ၃၀-၄-၂၀၁၈ရက် ညနေ ၆း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၁-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသူရညွန့်(ဦးသူရ) အသက်(၇၃)နှစ်
**BE.con (MS), DEP**
**လက်ထောက်ညွှန်မှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**(လူမှုထူးချွန်ပထမဆင့်)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ခြယ်လမ်း၊ အမှတ် ၂၂နေ(ဦးသန်းညွန့်-ဒေါ်နှင်းညွန့်)တို့၏သား၊ ဦးညွန့်အောင်(ဦးစီးအရာရှိ၊ ငြိမ်း၊ ကုန်သွယ်ဦးစီး၊ ဆောက်/လျှပ်)-ဒေါ်လှလှဝင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ ကုန်သွယ်ဦးစီး၊ ဆောက်/လျှပ်)၊ ဦးဝင်းညွန့်(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-(ဒေါ်မြင့်မြင့်အေး)တို့၏ညီ၊ ဒေါ်ညွန့်ညွန့်ခင်(ကထိက၊ငြိမ်း၊ မြန်မာစာဌာန၊ ILBC ကျိုက္ကဆံ)၊ (ဦးသက်ညွန့်)-ဒေါ်တင်တင်အေး(အထက-၂၊ ဗဟန်း-ငြိမ်း)တို့၏အစ်ကို၊ ဦးထိန်လင်း(နှောင်နှောင်)၊ ဦးထင်အောင်-ဒေါ်နှင်းဝေလှိုင်(Sakura Kankou Travels & Tours)၊ ဦးဖြိုးဝေညွန့်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်သက်ဖြူဝင်း(ပန်းချီ)တို့၏ဘကြီး၊ မောင်ကောင်းဇေယျာလင်း(ကောင်းကောင်း)၊ မရှမဝလှိုင်(Eri)တို့၏ဘိုးဘိုးလေးသည် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၂၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ဝင်း အသက်(၆၈)နှစ်
**အထပြ(ငြိမ်း)၊ (အထက-၁၊ ကျောက်ပန်းတောင်း၊ ပခုက္ကူမြို့)**

ကျောက်ပန်းတောင်းမြို့၊ (၅)ရပ်ကွက်နေ (ဦးတင်ကြီး-ဒေါ်ထွားခြုံ)တို့၏ သမီး၊ ပခုက္ကူမြို့နေ(ဦးရာစိုး-ဒေါ်စန်းရင်)တို့၏သမီးချွေးမ၊ ပခုက္ကူမြို့၊ဗိုလ်ချုပ်လမ်း(နေသူရိန်ရောင်းဝယ်ရေး)နေ (ဦးကြည်ဆွေ) [B.E (Textile) H.G.P- အထက်တန်းရှေ့နေ]၏ဇနီး၊ မန္တလေးမြို့နေ ဒေါက်တာအောင်ကိုလင်း(ခွဲစိတ်အထူးကု)-ဒေါက်တာဆွေဆွေသက်(မျက်စိအထူးကု)၊ ဒေါက်တာလှမျိုးဝင်း (မျက်စိ၊ နား၊ နှာခေါင်း၊ လည် ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး)-ဒေါက်တာရည်မွန်ဆွေ (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး)၊ မအိဖြူထွေး (Royal Masterpiece Floral Service)၊ ကိုအောင်ကိုဆွေ(Marthon Myanmar Co., Ltd)တို့၏ချစ်လှစွာသောမိခင်၊ မောင်သုသျှံ၊ မောင်လင်းနေသူရိန်၊ မရွှေရည်ဖြူစင်လင်းတို့၏အဘွားသည်၃၀-၄-၂၀၁၈ရက်တွင်စင်ကာပူနိုင်ငံ Gleneagles ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁-၅-၂၀၁၈ရက်တွင် စင်ကာပူဆေးရုံ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်ဇော်ဟိန်း (ဗန်းမော်)
**B.Sc (Maths)**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ် ၈နေ ဦးအောင်မြင့်(အငြိမ်းစားအင်ဂျင်နီယာမှူးကြီး)၊ (ဒေါ်ယဉ်နု)တို့၏သား၊ ဦးမြင့်သန်းဦး၊ ဦးအောင်ဇော်တိုး(ခ)ဦးအောင်ဖြိုးသစ်၊ ဦးအောင်ဇော်မိုး(ခေတ္တ-ကိုရီးယား)တို့၏ညီ/အစ်ကို၊ ဒေါ်ခိုင်ခိုင်ဦး(ရွှေပန်းတိုင်ကုမ္ပဏီ)တို့၏ချစ်လှစွာသောခင်ပွန်း၊ မလမင်းအေး(YUFL-JAPAN)၏ချစ်လှစွာသောဖခင်သည် ၁-၅-၂၀၁၈ရက် နံနက် ၆း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး လိပ်ခုံးဆေးတက္ကသိုလ်(၁)သို့ ပို့ဆောင်လှူဒါန်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါ နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်ဇော်ဟိန်း (ဗန်းမော်)
**B.Sc (Maths)**
**အသက်(၅၂)နှစ်**

ရွှေပန်းဆိုင်ကုမ္ပဏီ (Oscar Team Network) Leader ကြီး ဦးအောင်ဇော်ဟိန်း ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေပန်းဆိုင်ကုမ္ပဏီ**
**OTN မိသားစု**

## ဒေါ်မြလှိုင် (သုံးဆယ်မြို့)
**အသက်(၉၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အရှေ့သပြေကုန်းရပ်ကွက်၊အောင်သပြေလမ်းနေ(ဦးဘရီ)၏ဇနီး၊ ဦးသန်းထွဋ်-ဒေါ်ထားထားနု၊ ဗိုလ်မှူးဘိုးသန်း(ငြိမ်း) - ဒေါ်အေးမြင့်၊ ဦးကြင်ထွဋ်-ဒေါ်ညိုမြ၊ ဒေါက်တာမြင့်ဇော်-ဒေါ်အေးအေးထူးတို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁-၅-၂၀၁၈ရက် နံနက် ၆း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အရှေ့ရိုးကြီးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းနွယ်(ခ)
### ဒေါ်စိန်စိန်
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၁၀နေ (ဦးမျိုးမြင့်-ဒေါ်ကြည်ကြည်)၊ (ဦးတင်မြင့်-ဒေါ်ခင်ညွန့်)တို့၏ညီမ၊ (ဦးအုန်းကြွယ်)၏ဇနီး၊ ဦးဇော်မင်းထွန်း - ဒေါ်မြင့်မြင့်ကြွယ်၊ (ဦးအောင်ကျော်မင်း)-ဒေါ်စိုးအိအိမော်၊ ဦးဇော်ဝင်း-ဒေါ်တင်မိုးအေး၊ ဦးတင်ထူးအောင် - ဒေါ်ဌေးနီလာသွယ်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၀း၃၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြမြကျော်
**(B.A, B.Ed)**
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက(၂)ဒဂုံ**
**အမျိုးသားမြို့မကျောင်း**
**အသက်(၈၀)**

ရန်ကုန်မြို့၊သန်လျင်မြို့နေ (ဦးကျော်-ဒေါ်မိမိကြီး)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြနန္ဒာလမ်းသွယ်၊ အမှတ် ၃၁၄(ဘီ)နေ (ဝဏ္ဏကျော်ထင် ဦးလှဆောင်)(B.A,B.C.S ခရိုင်ဝန်၊ ပညာရေးဌာန၊ ဒု-အတွင်းဝန်)၏ဇနီး၊ ဦးကျော်မျိုးအောင်-ဒေါ်ဥမ္မာနိုင်၊ ဦးကျော်လွင်မောင် (တောင်ကိုရီးယား)၊ Capt. သော်က (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာန) - ဒေါက်တာမြတ်သင်းနွယ်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇေ၊ မမျိုးပြည့်သျှန်၊ မောင်ရဲမြတ်၊ မစိမ်းယုမေ တို့၏အဘွားသည် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## DAW.R.LAI NGHAKI
### (ဒေါ်နုနု) အသက်(၆၇)နှစ်
**E.F.C.M အသင်းတော်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၇လမ်း၊ အမှတ် ၂၉နေ ဦးလားရူးမာ၏ဇနီး DAW. HMA NGAIHI ၏ညီမ၊ U ZAI REM THANGA, U ZO THAN KHUMA, U LAL KHUMA, U ZAI THAN TLUANGA, U ZION THANGA တို့၏အစ်မ၊ ဦးကိုကိုလွင်-ဒေါ်မိမိသက်၊ ဦးကီးမား(ထွန်းထွန်း)-ဒေါ်ရှားမီး၊ ဦးဇေယျာစန်းမြင့်-ဒေါ်ထားထားဝင်း၊ ဦးဇော်မင်းအောင်-ဒေါ်လှလှထွေးတို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၈၇လမ်းနေအိမ်နှင့် ဓမ္မဩလဘုရားကျောင်း၊ မြကန်သာ၊ ထန်းပင်ကုန်း၊ သရက်တောတို့မှကားများ မွန်းတည့် ၁၂နာရီနှင့် မြောက်ဒဂုံနာရီစင်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတက်ဖြိုး
**အသက်(၈၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး-ဒေါ်အေးပပမိုး၊ ဦးတင်အောင်-ဒေါ်အေးအေးစန်း၊ (ဦးထင်အောင်-ဒေါ်အေးအေးဝင်း)၊ (ဒေါ်ညိုညိုဝင်း)တို့၏ချစ်လှစွာသောဖခင်၊ မောင်ဝေယံဝင်းမိုး၊ မောင်ချမ်းမြေ့အောင်၊ မောင်ဝင်းမင်းဌေးတို့၏အဘိုး ဦးတက်ဖြိုးသည် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၂၀နာရီခန့်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း**
**ယာဉ်များစနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီနှင့်ဝန်ထမ်းများ**

## ဦးကျော်မြင့် (ညောင်လေးပင်မြို့)
**ကြယ်ငါးပွင့်ကော်ပိုရေးရှင်း**
**အသက်(၈၄)နှစ်**

ညောင်လေးပင်မြို့၊ ဘုရားကြီးလမ်းနေ (ဦးလှတင်-ဒေါ်ကျင်မွေး)တို့၏သား၊ (ဦးကျော်သန်း-ဒေါ်ကျင်အေး)တို့၏သားသမက်၊ (ဒေါ်မှုံ၊ ဒေါ်သန်းနွဲ့)၊ ဦးအုံးလွင်(ခ)ဦးမောင်မောင်-ဒေါ်အေးအေးခိုင်၊ ဦးသန်းဝင်း-ဒေါ်မိုမိုလွင်၊ ဒေါ်လှလှဝင်းတို့၏အစ်ကို၊ ဦးသန့်စင်၊ ဒေါ်မြမြစိမ်း၊ ဦးကျော်စိုးမိုး-ဒေါ်ယဉ်မင်းသိမ်းတို့၏ဖခင်၊ မောင်သာလင်းထက်၏အဘိုးသည် ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် တာမွေမြို့နယ်၊ ဗျိုင်း/ရွာမ၊ မင်္ဂလာလမ်း၊ အမှတ် ၁၄ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ပါမောက္ခ ဒေါက်တာဦးမင်းဆွေ
**အရေပြားအထူးကုဆရာဝန်ကြီး(ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ် ၄နေ (ဦးဘသန်း-ဒေါ်ခင်မြင့်)တို့၏သား၊ (ဦးမြ-ဒေါ်မေသင်)တို့၏သားသမက်၊ ဦးမင်းညွန့်-ဒေါ်စီစီမာ၊ ဦးမင်းဇော်-ဒေါ်နော်ဖလောရင့်စ်ဒီတို့၏အစ်ကို၊ဒေါ်ခင်ပြုံးရင်၏ခင်ပွန်း၊ ဦးကျော်မင်းဆွေ-ဒေါ်ခင်သန်းမေ၊ ဦးဝင်းမင်းဆွေ-ဒေါ်ဝါဝါမြင့်၊ ဦးရဲမင်းဆွေ-ဒေါ်မျိုးမျိုးသိန်း၊ ဦးခိုင်မင်းဆွေ-ဒေါ်ဆွေဇင်စိုး၊ ဦးလှိုင်မင်းဆွေ-ဒေါ်မြစန္ဒီထွန်းတို့၏ဖခင်၊ မောင်စိုင်းအောင်မွန်း-မဝတ်ရည်ဖြူ၊ မောင်စိုင်းလောင်မွန်း-မမိုးသန္တာအေး၊ မောင်လင်းထက်ဦး-မအိဖြူမွေး၊မောင်နေထွန်းဆွေ၊မောင်ပြည့်ဖြိုးဝင်း၊ မမေမြတ်ဘုန်းဆွေ၊ မစင်သီယာဝင်း၊ မောင်သီဟဆွေ၊ မောင်ရှင်းခန့်ဆွေတို့၏အဘိုး၊ မောင်သုခမောင်၊ မောင်ဘုန်းပြည့်စုံဟိန်း၊ မောင်ကောင်းမြတ်ထက်ကျော်တို့၏ဘိုးဘိုး၊ တူ၊ တူမ ၁၆ယောက်တို့၏ဘကြီးသည် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာဦးမင်းဆွေ
**အရေပြားအထူးကုဆရာဝန်ကြီး(ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ် ၄နေ (ဦးဘသန်း-ဒေါ်ခင်မြင့်)တို့၏သား၊ ဒေါ်ခင်ပြုံးရင်၏ခင်ပွန်း၊ ဦးကျော်မင်းဆွေ-ဒေါ်ခင်သန်းမေ၊ ဦးဝင်းမင်းဆွေ-ဒေါ်ဝါဝါမြင့်၊ ဦးရဲမင်းဆွေ-ဒေါ်မျိုးမျိုးသိန်း၊ ဦးခိုင်မင်းဆွေ-ဒေါ်ဆွေဇင်စိုး၊ ဦးလှိုင်မင်းဆွေ-ဒေါ်မြစန္ဒီထွန်းတို့၏ဖခင် ပါမောက္ခ ဒေါက်တာဦးမင်းဆွေသည် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုထွေး-မစန်းစန်းဝင်း**
**ကမ္ဘောဇဆေးခန်း၊ ရွှေအင်းလေးဆေးခန်းမိသားစု**

## ဦးစီဝင်းဟန် (မော်လမြိုင်)
**(အင်ဂျင်နီယာမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ် ၅၀ (သုံးလွှာ-ယာ)နေ (ဗိုလ်ခင်ညွန့်)-ဒေါ်မြင့်မြင့်ဟန်တို့၏တတိယသား၊ ဒေါ်ခင်သန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဇန်သော်ဟန်[Theid Engineer Officer (MTM SHIP MANAGEMENT PTE LTD.)]-နှင်းလဲ့အေး(KBZ)၊ ဖြိုးစီဟန်(တတိယနှစ်၊ Philo)တို့၏ဖခင်၊ (ဗိုလ်မှူးအောင်ညွန့်)-ဒေါ်မြမြစန်း၊ ဒေါ်ခင်မြင့်နွယ်(အထက-၂၊ မော်လမြိုင်၊ ငြိမ်း)၊ (ဒေါ်ခင်လေးနွယ်)တို့၏မောင်၊ [ဦးသန်းဦး(လျှပ်စစ်)]-ဒေါ်ခင်လှသွယ်(မွန်ပြည်နယ်လျှပ်စစ်)၊ ဦးစောဟန်သိန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်မြသွယ်(ဗဟိုဘဏ်)၊ ဦးလင်းရှိန်(Rainbow Flower Floral Service)-ဦးဝင်းရှိန်(မီးရထား)-ဒေါ်နန်းထူး(မီးရထား)၊ ဦးနေမျိုးအောင်-ဒေါ်သီဂီစိုးသွယ်တို့၏အစ်ကို၊ တူ/တူမ ၁၁ယောက်တို့၏ ဘကြီး/ဦးလေးသည် ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစီဝင်းဟန် (မော်လမြိုင်)
**(အင်ဂျင်နီယာမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ် ၅၀(သုံးလွှာ-ယာ)နေ (ဗိုလ်ခင်ညွန့်)-ဒေါ်မြင့်မြင့်ဟန်တို့၏တတိယသား၊ ဒေါ်ခင်သန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဇန်သော်ဟန်[Theid Engineer Officer (MTM SHIP MANAGEMENT PTE LTD.)]-နှင်းလဲ့အေး(KBZ)၊ ဖြိုးစီဟန်(တတိယနှစ်၊ Philo)တို့၏ဖခင်၊ ဒေါ်ခင်သီတာ၊ ဦးမင်းဟန်(လျှပ်စစ်-ငြိမ်း၊ အင်ဂျင်နီယာ)၊ ဒေါ်သန်းသန်းအေး(ဆရာမ-ငြိမ်း)၊ ဦးခင်ဇော်အောင်-ဒေါ်ခင်ချိုဝေ၊ ဦးသန့်ရှင်းဟန်-ဒေါ်ညိုညိုမာတို့၏ညီ/မောင်၊ မိုးမြင့်မောင်၊ ထင်အောင်ခိုင်-တင်ဥမ္မာ၊ သန့်ထူးအောင်၊ ဆန္ဒအောင်-ထားထားအေးတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေးသည် ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အလှည့်ကျ သဘာပတိနှင့် အဖွဲ့ဝင်များ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**နေပြည်တော် မေ ၁**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အလှည့်ကျ သဘာပတိဖြစ်သူ ပိုလန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ဦးဆောင်သော အဖွဲ့ဝင်များသည် ယနေ့ညနေ ၆ နာရီ ၂၅ မိနစ်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမ၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အလှည့်ကျ သဘာပတိဖြစ်သူ ပိုလန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E.Ms.Joanna Wronecka ၊ ပီရူးနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E.Mr.Gustavo Meza-Cuadra ၊ ဗြိတိန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E.Ms. Karen Pierce နှင့် ကူဝိတ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E.Mr.Mansour Alotaibi တို့က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ◆



**ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျသဘာပတိနှင့် အဖွဲ့ဝင်များ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရီးစဉ်နှင့် ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်စဉ်။**

သတင်းစဉ်

# ထိန်ပင်အမှိုက်ပုံမီး (D)ဇုန်ကို မေ ၂ ရက်တွင် အပြီးသတ်ငြိမ်းသတ်မည်

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို ဇုန်အလိုက် သတ်မှတ်၍ ငြိမ်းသတ်လျက်ရှိရာ ယနေ့တွင် မူလသတ်မှတ်ထားသည့်အတိုင်း (C) ဇုန်ကို ရေဖြင့်သာ အဓိကအသုံးပြု ငြိမ်းသတ်ခဲ့ပြီး နောက်ဆုံးကျန်ရှိသည့် (D) ဇုန်ကို မေ ၂ ရက်တွင် အပြီးသတ်ငြိမ်းသတ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

"မနေ့ကတော့ အားလုံးထဲမှာ ထုထည်အကြီးမားဆုံးဖြစ်တဲ့ (B) ဇုန်ကို ငြိမ်းသတ်ခဲ့ပြီးဖြစ်ပါတယ်၊ Bio Foam ကို အဓိကအသုံးပြုပြီး ငြိမ်းသတ်ခဲ့တာပါ၊ တပ်မတော်သားတွေကလည်း အနီးကပ်လိုက်ပါပြီး ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ပိုပြီးထိရောက်မှုရှိခဲ့ပါတယ်၊ ဒီနေ့မှာတော့ (C) ဇုန်ကို မူလသတ်မှတ်ထားတဲ့အတိုင်း

*စာမျက်နှာ ၅ ကော်လံ ၁* ✳



ထိန်ပင်အမှိုက်ပုံမီးလောင်မှုကို တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်နေစဉ်။

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ရောဝတီတိုင်းဒေသကြီး၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## လေဖိအားနည်းရပ်ဝန်း မြစ်ဝကျွန်းပေါ်ဒေသသို့ ရောက်ရှိနိုင်

**နေပြည်တော် မေ ၁**

ယနေ့ည ၁၁ နာရီခွဲ အချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၂၄ နာရီအတွင်း မုတ္တမကွေ့နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မိုး/ဇလ

## ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများ ယနေ့ ကျင်းပမည်

**ရန်ကုန် မေ ၁**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂ ရက် (**ယနေ့**) မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ စင်ကာပူအသင်းနှင့်တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၄* ✪

## အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်း သရေကျ

စာ ➤၁၃




# မြို့သစ်နဲ့ အိမ်ရာစီမံကိန်းတွေကြောင့် အနာဂတ်ပုံရိပ်ပြောင်းလဲမည့် ရန်ကုန်

● ဝေယံဦး

**လူနေထိုင်မှု** များပြားလာတဲ့ ရန်ကုန်မြို့ဟာ အခုဆိုရင် မြို့သစ်စီမံကိန်းတွေအပြင် အိမ်ရာစီမံကိန်းတွေလည်း အကောင်အထည်ဖော်နေတာမို့ ရန်ကုန်မြို့ပြအနာဂတ်စီမံကိန်းတွေနဲ့ ဝေဖြာနေတာတော့ အမှန်ပါပဲ။

ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ကြိုးစားဆောင်ရွက်နေပါတယ်လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့သစ်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက် (NYDC) ဖွင့်ပွဲမှာ ပြောထားပါတယ်။ ရန်ကုန်မြို့သစ်တွေ အကောင်အထည်ဖော်တဲ့နေရာမှာရော အိမ်ရာစီမံကိန်းတွေဆောင်ရွက်တဲ့အခါမှာပါ ပြည်သူလူထုတွေ၊ ဝန်ထမ်းတွေ အကျိုးကို ဦးစားပေးလုပ်ကိုင်သွားမယ်လို့ ဆိုပါတယ်။

**အိမ်ရာစီမံကိန်းတွေ**

အခုဆိုရင် ရန်ကုန်မြို့သစ်စီမံကိန်းကို ဒလမြို့နယ်မှာလည်း ဆောင်ရွက်ဖို့ အစီအစဉ်ရှိနေပြီး ကဏ္ဍစုံမှာ စနစ်တကျ အကောင်အထည်ဖော်ဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ ဒလမြို့နယ်မှာ အဆောက်အအုံတွေ၊ စက်မှုနဲ့လမ်းတွေ၊ တံတားတွေနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မှုအထိ အစီအစဉ်ရှိနေသလို အိမ်ရာစီမံကိန်းတွေလည်း ပါဝင်တယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့ရဲ့ အခုလိုအိမ်ရာစီမံကိန်းနဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအပြင် အခြားကဏ္ဍတွေမှာ စင်ကာပူနဲ့ တရုတ်နိုင်ငံမှ စီးပွားရေးကုမ္ပဏီတွေက စိတ်ဝင်စားမှုရှိနေပြီး အဆိုပြုမှုတွေလည်း ရှိနေတယ်လို့ ဆိုပါတယ်။ ရန်ကုန်မြို့အနီးဝန်းကျင်မှာ အခုဆိုရင် လှည်းတန်းမြို့နယ်မှာလည်း မြို့သစ်စီမံကိန်းအကောင်အထည်ဖော်ဖို့ ဆောင်ရွက်မှာ ဖြစ်သလို တွံတေး၊ ကြည့်မြင်တိုင် တစ်ဖက်ကမ်း၊ ထန်းတပင်စတဲ့နေရာတွေမှာ မြို့သစ်စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ ရှိနေတာမို့ ရန်ကုန်မြို့ပြတွေနဲ့ အနာဂတ်မှာ စည်ဝေနေမယ့် ပုံရိပ်တွေ ထွက်ပေါ်ဖို့ ရှိနေပါတယ်။



**ဝင်ရောက်ရင်းနှီးမြှုပ်နှံထား**

လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်အိမ်ရာအဆောက်အအုံကဏ္ဍမှာ တရုတ်၊ စင်ကာပူနဲ့ ပြင်သစ်စတဲ့ နိုင်ငံတွေက ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှု ၁၁ ခုမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံထားတာရှိနေတယ်လို့ သိရပါတယ်။ အခုရန်ကုန်မြို့သစ်စီမံကိန်းတွေမှာလည်း ပြည်ပက ရင်းနှီးမြှုပ်နှံမှုများပြားစွာ လာရောက်ကြလိမ့်မယ်လို့လည်း ယုံကြည်နေကြပါတယ်။ ဒီလိုစီမံကိန်းတွေ၊ စက်မှုဇုန်တွေနဲ့ စက်ရုံတွေကြောင့် လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ အထည်ချုပ်ကဏ္ဍတစ်ခုတည်းမှာ အလုပ်သမား ၁ ဒသမ ၅ သန်းအထိ လိုအပ်မှုတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာမယ်လို့ ဆိုပါတယ်။ ရန်ကုန်မြို့ပြ တိုးတက်ဖွံ့ဖြိုးမှုနဲ့ မြို့သစ်စီမံကိန်းတွေအပြင် စက်မှုဇုန်တွေပါ တိုးချဲ့လာနိုင်ခဲ့ရင်တော့ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေက မျှော်မှန်းသလို ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့မှာ မြို့သစ်စီမံကိန်း အထပ်မြင့်အိမ်ရာစီမံတွေလည်း အကောင်အထည်ဖော်နေတာမို့ လူမှုဘဝနေထိုင်မှုပုံစံတွေလည်း ပြောင်းလဲသွားဖို့ ရှိပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ဟာ တိုးတက်ပြောင်းလဲလာတဲ့မြို့ကြီးတစ်မြို့အဖြစ် အရှေ့တောင်အာရှဒေသမှာ တဖြည်းဖြည်း ရှေ့တန်းရောက်လာတဲ့ အနေအထားရှိနေပြီဖြစ်ပါတယ်။

**ရွှေ့ပြောင်းအခြေချလာရောက်လုပ်ကိုင်**

ရန်ကုန်တိုင်းဒေသကြီးရဲ့ လှိုင်သာယာမြို့နယ်မှာဆိုရင်လည်း စက်မှုဇုန်အသီးသီးရဲ့ စက်ရုံအလုပ်ရုံတွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကိုကြည့်ရင် အများဆုံးက ဧရာဝတီတိုင်းဒေသကြီးက လာရောက်လုပ်ကိုင်ကြသူတွေ များပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးတဲ့ မိမိတို့ရဲ့ ကျေးလက်တွေကို စွန့်ခွာပြီး လုပ်ငန်းခွင်ရောက်ရှိဖို့ ကြိုးစားကြတဲ့နယ်က လူငယ်လူရွယ်တွေအတွက်ကတော့ စက်ရုံ၊ အလုပ်ရုံနဲ့အထည်ချုပ်အလုပ်ဟာ အကောင်းဆုံးဖြစ်ပါတယ်။ ဒါကြောင့် လှိုင်သာယာမြို့နယ်မှာ ရွှေ့ပြောင်းအခြေချလာရောက်လုပ်ကိုင်ကြသူတွေ များပြားနေခြင်း ဖြစ်ပါတယ်။

**အချပ်ပို(ဃ)သို့**

နိုင်ငံတစ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ထိုနိုင်ငံမြို့ပြအဆောက်အအုံများက ဖော်ပြနေသည်ကို ကမ္ဘာ့နိုင်ငံတို့တွင် တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာပြည်၏စီးပွားရေးအရအရေးပါသော ရန်ကုန်မြို့ပြတွင်လည်း တစ်နှစ်ထက်တစ်နှစ်ခေတ်မီတိုက်တာအဆောက်အအုံများဖြင့် မြို့ပြဖွံ့ဖြိုးမှုကို တွေ့မြင်ရမည်ဖြစ်သည်။ တိုက်တာအဟောင်းများနေရာတွင် သစ်လွင်ခိုင်ခံ့သောအဆောက်အအုံများ အစားထိုးတည်ဆောက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍနှင့်စီးပွားရေးကဏ္ဍကို များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ယနေ့ရန်ကုန်မြို့ပြနှင့် နှစ်အနည်းငယ်ကင်းကွာခဲ့ပြီး ပြန်လည်တွေ့မြင်ရပါက မြို့ပြ၏ တိုးတက်လာမှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေမှုကို ပေါ်လွင်ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။

# အသွင်သဏ္ဌာန်တို့နှင့်အတူ ရန်ကုန်မြို့ပြ၏ခေတ်မီအဆောက်အအုံများ တင့်တယ်လှပခံ့ညားလျက်

**သန်းထိုက်(လှိုင်သာယာ)**

ရန်ကုန်မြို့ပြဧရိယာတွင် ခေတ်မီအဆောက်အအုံများစွာ တည်ဆောက်နေသည့်နည်းတူ Green Zone ဟုခေါ်သော ကန်တော်ကြီး၊ ပြည်သူ့ရင်ပြင်နှင့် တိရစ္ဆာန်ဥယျာဉ်စသည့် မြို့ပြစိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ဇုန်(၁၁)ခုသတ်မှတ်၍ မြို့ပြအင်္ဂါနှင့်အညီဖော်ဆောင်လျက်ရှိသည်။ ဇုန်နီစီမံချက်များ သတ်မှတ်ထားရှိခြင်းဖြင့် မြို့ပြစိမ်းလန်းစိုပြည်မှုနှင့်အတူ စံချိန်စံညွှန်းနှင့်ညီသော ခေတ်မီအဆောက်အအုံများဖြင့် ရန်ကုန်မြို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ နှစ်ခြိုက်သဘောကျရာ မြို့ပြတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ရန်ကုန်မြို့ပြသည် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အသွင်သဏ္ဌာန်များစွာပြောင်းလဲတိုးတက်လာသည်မှာ အားရဖွယ်ပင်ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အထပ်မြင့်၊ အထပ်နိမ့်အဆောက်အအုံပေါင်း ၃၆၀၃ လုံးနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဖေဖော်ဝါရီလထိ အထပ်မြင့်၊ အထပ်နိမ့် ၃၅၅၈ လုံးကို ၃၃ မြို့နယ်တွင် တည်ဆောက်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ မြို့ပြအင်္ဂါနှင့်အညီအဆောက်အအုံများ တည်ဆောက်ရန်လိုအပ်ပြီး စံချိန်စံညွှန်းနှင့်ညီစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် သုံးထပ်ခွဲထိအထပ်နိမ့် ၂၅၈၄ လုံးနှင့် လေးထပ်အထက်အထပ်မြင့် ၁၀၁၉ လုံးခွင့်ပြုခဲ့ကာ ၂၀၁၇-၂၀၁၈ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ အထပ်မြင့် ၈၆၂ လုံးနှင့်အထပ်နိမ့် ၂၉၉၆ လုံး ဆောက်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ဒုတိယဌာနမှူး (လုပ်ငန်း၊ စီမံချက်) ဦးနေဝင်းက ကိုးထပ်နဲ့အထက်ဆောက်လုပ်မှုကို အပိုင်းလိုက်ခွင့်ပြုတာရှိတယ်၊ အထပ်မြင့် စိစစ်ရေးအဖွဲ့ဆိုတာရှိတယ်၊ Third Party ဆိုပြီး အိုးအိမ်ရုံးမှာဖွဲ့ထားတာရှိတယ်၊ အဲဒီအဖွဲ့က ဒီဇိုင်းတွေကိုစစ်ဆေးပြီး အပိုင်းလိုက်ကျွန်တော်တို့က ခွင့်ပြုပေးတယ်၊ ပါမစ်ပေးတယ်၊ တစ်လုံးလုံးခွင့်ပြုတာပေါ့၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကိုးထပ်နဲ့အထက် ၃၁ လုံးရှိတယ်၊ အစိုးရသစ်တက်ခါစက အထပ်မြင့်တွေပြန်စိစစ်မယ်ဆိုပြီး ခဏရပ်ခဲ့တာရှိတယ်၊ ဒါလည်းအကြာကြီးမဟုတ်ပါဘူး၊ မူအားဖြင့် ခွင့်ပြုပြီး မြေပြင်မှာမလုပ်သေးတဲ့အဆင့်တွေ ပြန်စိစစ်လို့ရပ်ခိုင်းတာရှိတယ်၊ အမြန်ဆုံးခွင့်ပြုဖို့လုပ်နေကြပါပြီ၊ အဓိကအခက်အခဲက ရန်ကုန်မြို့မှာ မြေတန်ဖိုးမြင့်ပြီးလမ်းဧရိယာအကျယ်တွေကပေ ၁၀၀ ပဲရှိတယ်၊ ဆောက်လုပ်မယ့်တိုက်ရဲ့အရှေ့နဲ့အနောက် မြေချန်ပေးရတယ်၊ တိုက်ဘေးမှာ အနည်းဆုံးခြောက်ပေချန်ခိုင်းတယ်၊ မြေတန်ဖိုးကြောင့်သာ ခြောက်ပေချန်ခိုင်းတာ အမှန်က မီးသတ်ကားပက်လို့ရအောင် အနည်းဆုံး ၁၅ ပေချန်ထားရမှာပါ၊ ကားပါကင်ဆောက်တဲ့အခါမှာလည်း အခက်အခဲတွေရှိနေသေးတယ်၊ စင်ကာပူနဲ့ တရုတ်မှာတိုက်ရဲ့သက်တမ်းနှစ် (၅၀) ပြည့်တာနဲ့အသစ်ပြန်ဆောက်တယ်၊ စင်ကာပူမှာ မြေကိုအစိုးရကပိုင်တယ်၊ ပုဂ္ဂလိကပိုင်တယ်ဆိုတာမရှိဘူး၊ ရန်ကုန်မြို့ ပိုပြီးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ဖို့ လက်တွေ့မှာ အခက်အခဲတွေရှိနေသေးတယ်၊ ပေ ၂၅×၅၀ အခန်းမှာ မိသားစု ခြောက်စုနေလို့ အန္တရာယ်ရှိတဲ့ အဆောက်အအုံလို့ သတ်မှတ်ပြီး ညှိနှိုင်းပြီး အသစ်ပြန်တည်ဆောက်ပေးတာတောင်မှ ကျဉ်းတယ်၊ နစ်နာကြေး၊ ပြောင်းရွှေ့ကြေးဘယ်လောက်ပေးမှုဆိုတဲ့ ညှိနှိုင်းလို့မရဘဲ အမှုဖြစ်နေတာ ၂၀၀ ကျော်ရှိနေတယ်၊ ရန်ကုန်မြို့မှာ မြေဧရိယာကျဉ်းတယ်၊ မြေပိုင်ဆိုင်မှုမြင့်တယ်၊ နိုင်ငံတော်စီမံကိန်းတွေမှာ ပူးပေါင်း ပါဝင်မှုအားနည်းကြတယ်၊ တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာ စီမံကိန်းတွေမှာ အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဖို့လိုမယ်” ဟုသုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့ပြတွင် ခေတ်မီအဆောက်အအုံများ၊ ဟိုတယ်၊ မိုတယ်များ၊ စီးတီးမတ်များဖြင့် စည်ကားစွာ တည်ရှိနေပြီး ဆက်လက်ဆောက်လုပ်နေသော အဆောက်အအုံများကိုလည်း တွေ့မြင်ရမည်ဖြစ်ရာ အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူနိုင်ငံ၏မြို့ပြများ ခေတ်မီလှပတိုးတက်စေရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လက်ဆင့်ကမ်းအမွေတစ်ခုအဖြစ် ဝိုင်းဝန်းထိန်းသိမ်းသွားရမည်ဖြစ်သည်။


ဓာတ်ပုံ - သန်းစိုး

တရုတ်နိုင်ငံတွင် မြို့သစ်စီမံကိန်း ဆောင်ရွက်မည်ဆိုပါက ထိုနေရာတွင် အားလုံးဖယ်ရှားရှင်းလင်းနိုင်ပြီး အိမ်ရာဆောက်လုပ်ရာတွင် ရေ၊ မီး၊ ကားလမ်း၊ ပန်းခြံ၊ စီးပွားရေးလုပ်ငန်းများနှင့်ဈေးကျောင်းများအဆင်သင့်ထားရှိသောကြောင့် မြို့သစ်ဆိုလျှင် နေထိုင်လိုသူများခြင်းဖြစ်သည်။ဒုတိယဌာနမှူးက ဆက်လက်၍ “တရုတ်မှာ မြို့သစ်တည်ရင် မြို့သစ်အင်္ဂါနဲ့အညီအပြည့်အဝထားပေးတယ်၊ ဒီမှာ တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့မှာ မြေကွက်ရိုက်ထားတာပဲရှိတယ်၊ လမ်းမရှိဘူး၊ ရေမရှိဘူး၊ မီးလည်းမရှိဘူး၊ ဘယ်လိုသွားနေမလဲ၊ ရန်ကုန်မြို့

**အချပ်ပို (ဃ) သို့**

# ရာသီကြိုပြင်ဆင်မှုများ လိုအပ်နေသောမြို့တော်ရန်ကုန်

**ထင်ပေါ်ဝင်း**


ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

**မိုးရာသီကာလတွင် သစ်ပင်စိုက်ပျိုးမည့်သူများ အနေဖြင့် သတ်မှတ်အပင်အရေ အတွက်စိုက်ပျိုးရုံသာမက ရေရှည်တည်တံ့ ထိန်းသိမ်းထားနိုင်မည့် နေရာမျိုး၌သာ စိုက်ပျိုးသင့်**

နှစ်သစ်အကြိုအဖြစ် ရွာသွန်းခဲ့သော သင်္ကြန်လက်ဆေးမိုးကြောင့် ရန်ကုန်မြို့၏ လမ်းအချို့တွင် ရေများကြီးခဲ့သည်။ နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ရလေ့ရှိသော ရန်ကုန်မြို့ ရေကြီးခြင်းကို တာဝန်ရှိသူတို့က ပိုမိုအားထုတ်လုံ့လပြု ဆောင်ရွက်နေသည်ကိုလည်း နွေရာသီအတွင်းမှာပင် နေ့ညနေရာမရွေးတွေ့မြင်ခဲ့ရသည်။ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ မြောင်းချေးများ ဆယ်တင်ခြင်းတို့ကို ရန်ကုန်စည်ပင်ဌာနများ ဝိုင်းဖွဲ့ကာ ကြိုးစားပမ်းစားဆောင်ရွက်လျက်ရှိကြသည်ကိုလည်း ယခင်နှစ်များကထက် အကြိမ်ရေများစွာ တွေ့မြင်ခဲ့ရသည်။ ပြည်သူလူထု၏ ပူးပေါင်းမှုကို ရယူကာ မြို့တော်သန့်ရှင်းရေးအတွက် လူမှုအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ လက်တွဲအကောင်အထည်ဖော်ခြင်းကလည်း ယခင်ကထက် အကြိမ်ရေပိုစိပ်လာခဲ့သည်။

သို့သော်ငြားလည်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကား နေရာအနှံ့ရှိဆဲပင်။ ဓာတ်တိုင်များတွင် စီးပွားရေးကြော်ငြာကပ်မှုများကား ရှိနေဆဲပင်။ နေ့စဉ်အမှိုက်သိမ်းလှည်းရှိပါလျက် ညစဉ်လမ်းမကြီးများတွင် အမှိုက်ထုပ်များ ရောက်ရှိနေဆဲပင်။ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လူထုအသိပညာပေးမှုများ ပြုလုပ်နေသော်လည်း အချို့က လိုက်နာရန်ပျက်ကွက်နေဆဲပင်။ ထိုမျှကြီးမားသော သန့်ရှင်းရေး ပြဿနာပေါင်းစုံကို ယခုထက်ပိုမိုအသိပညာပေးရန် လိုအပ်လျက်ရှိသည်။ လမ်းအလိုက်ရှိနေသော ရေနုတ်မြောင်းငယ်များကို နှစ်အလိုက်ခေတ်နှင့်အညီအနက်နှင့် အကျယ်ကို ချဲ့ထွင်သင့်ပေသည်။ မိသားတစ်စုချင်းစီ စွန့်ထုတ်နေသော ရေနုတ်မြောင်းအတွင်းသို့ အိမ်ထောင်စု ငါးဆယ်ခန့်အသုံးပြုမည်ဆိုပါက လမ်းပေါ်ရေလျှံရုံမှတစ်ပါး အခြားမရှိပြီကို သတိမူသင့်သည်။ လူအလစ်တွင် ချသွားသောအမှိုက်များကား မြို့တော်သန့်ရှင်းရေးအတွက် လွန်စွာအကျည်းတန်သည်ကို လူတိုင်းအသိတရား လက်ကိုင်ထားသင့်ပေသည်။

မကောင်းသော အနံ့အသက်များအကြား ပင်ပန်းဆင်းရဲခြင်းကြီးစွာ တာဝန်ထမ်းဆောင်နေရသော သန့်ရှင်းရေးဝန်ထမ်းများအပေါ် ကိုယ်ချင်းစာစိတ်ဖြင့် ကရုဏာထားသင့်ပေသည်။ နေပူမိုးရွာမရှောင် တစ်လမ်းဝင်တစ်လမ်းထွက် အချိန်မှန်ရောက်ရှိလာတတ်သော သန့်ရှင်းရေးလှည်းများအပေါ် ပူးပေါင်းလိုစိတ်ဖြင့် ဝိုင်းဝန်းကူညီသင့်ပေသည်။ လမ်းပေါ်ချထားခဲ့သော လက်ကမ်း ကြော်ငြာမှန်သမျှကို လူအုပ်ကြားထဲတိုးဝှေ့ရှင်း ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေကြသော ဝန်ထမ်းများကို မိမိတစ်နိုင်ကူညီသင့်ပေသည်။ အမှိုက်များစွန့်ပစ်ရာတွင်လည်း အမှိုက်စို၊ အမှိုက်ခြောက်နှင့် ဆေးရုံသုံးစွန့်ပစ်အမှိုက်တို့ကို သက်ဆိုင်ရာဌာနမှ အသိပေးလုပ်ငန်းစဉ်များအတိုင်း သတ်မှတ်အမှိုက်အိတ်များဖြင့် စနစ်တကျစွန့်ပစ်သင့်ပေသည်။ သို့မှသာ မလိုလားအပ်သော ပြဿနာပေါင်းစုံကို ရန်ကုန်လူထုမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။

မကြာမီကာလအတွင်း မိုးရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ရာ သစ်ပင်စိုက်ပျိုးမည့် ကျောင်းများ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအနေဖြင့် စိုက်ပျိုးရန် မြေနေရာကို ကြိုတင် သတ်မှတ်သင့်ပေသည်။ လျှပ်စစ်မီးကြိုးများ၊ တယ်လီဖုန်းလိုင်း ကြိုးများအစရှိသော ရေရှည်တွင်အန္တရာယ်ဖြစ်ပွားလာနိုင်သည့်နေရာမျိုးတွင် သစ်ပင်စိုက်ပျိုးခြင်းကို ရှောင်ရှားသင့်ပေသည်။ သို့မဟုတ်ပါက အချိန်တန် အရွယ်ရောက်လာသော သစ်ပင်တစ်ပင်သည် အကြောင်းအမျိုးမျိုးကြောင့် ခုတ်လှဲခံရမည်သာဖြစ်သည်။ သစ်တောဦးစီးဌာနကဲ့သို့သော နားလည်တတ်ကျွမ်းသည့် ပညာရှင်များ၏ အကြံပြုနေရာများတွင်သာ သစ်ပင်စိုက်ပျိုးပါက ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ယခုနှစ်မိုးရာသီကာလတွင် သစ်ပင်စိုက်ပျိုးမည့်သူများအနေဖြင့် သတ်မှတ်အပင်အရေအတွက်စိုက်ပျိုးရုံသာမက ရေရှည်တည်တံ့ထိန်းသိမ်းထားနိုင်မည့် နေရာမျိုး၌သာ စိုက်ပျိုးသင့်ကြောင်း အကြံပြုပြောကြားလိုပါသည်။

မိုးရာသီကာလအတွင်း ဖြစ်ပွားလာနိုင်သည့် သစ်ပင် သစ်ကိုင်းကျိုးကျပြိုလဲမှုအန္တရာယ်၊ လျှပ်စစ်အန္တရာယ်၊ လမ်းမီးအလင်းရောင်နည်းခြင်းကြောင့် မြင်ကွင်းမရှင်းလင်းဘဲ ဖြစ်ပွားလာနိုင်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်၊ မိုးတွင်းကာလကျန်းမာရေးဆိုင်ရာပြဿနာများအတွက် ကြိုတင်ညှိနှိုင်း အဖြေရှာဆောင်ရွက်သင့်ပေသည်။ လျှပ်စစ်မီးကြိုးများနှင့် သစ်ပင်သစ်ကိုင်းများ ထိမိပြီးဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် စောစီးစွာ ရှင်းလင်းထားသင့်ပေသည်။

**အချပ်ပို (ဃ) သို့**

# နှစ်ပေါင်း ၁၇၀ ကျော်ကြာ ဗားကရာသာသနာ

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ရန်ကုန် တိုင်းဒေသကြီးအတွင်း စမ်းချောင်းမြို့နယ်တွင် တည်ရှိနေသော ဗားကရာသာသနာ့နယ်မြေကျောင်းတိုက်ကြီးမှာ ယခင်က ကြည့်မြင်တိုင်တိုက်နယ်အတွင်း တည်ရှိခဲ့သော အဝန်းအဝိုင်းကြီးတစ်ခုဖြစ်ခဲ့သည်။ နောက်ပိုင်းကာလမှစတင် ၍ ဗားကရာချောက်နှင့် မီးရထားလမ်းကို အလယ်ထားကာ ဗားကရာချောက်မှ အရှေ့ပိုင်းကို စမ်းချောင်းမြို့နယ် ဗားကရာချောက်မှ အနောက်ပိုင်းကို ကြည့်မြင်တိုင်မြို့နယ်ဟု နယ်မြေခွဲခြားခဲ့သည်။**

ဗားကရာသာသနာ့နယ်မြေအဖြစ် စတင်ပေါ်လာခြင်းမှာ သာသနာတော်ကြီး စည်ပင်ဖွံ့ဖြိုး ပြန့်ပွားစေရန်အတွက် ကြည့်မြင်တိုင်တိုက်နယ်နေ ဘုရား၊ ကျောင်း ဒါယကာကြီး ဦးမှိုင်းက သာသနာတော်သက္ကရာဇ် ၂၃၈၉ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၂၀၇ ခုနှစ်၊ ခရစ်နှစ် ၁၈၄၅ ခုနှစ် တပေါင်းလတွင် အမရပူရနေပြည်တော်ရှိ ရွှေဘိုမင်းတရားကြီးထံ အမိန့်တော်ခံယူခဲ့ခြင်းမှ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ရွှေဘိုမင်းတရားကြီးက ၁၂၀၇ ခုနှစ် တပေါင်းလအတွင်းမှာပင် အရှေ့ကိုလားသော် စမ်းချောင်းရပ်ကွက် (ယခင်ရှမ်းလမ်း) ယခု ဗဟိုလမ်းအစပ်အထိ လည်းကောင်း၊ အနောက်ကိုလားသော် မီးရထားလမ်း၊ တောင်သို့လားသော် (ယခင် ကုလားလေးခြံ) ယခု သီရိခေမာရပ်ကွက်၊ မြောက်သို့ လားသော် ဗားကရာလမ်းအစပ်အထိ မြေကေ ၁၄ ဒသမ ၃ အကျယ်အဝန်းရှိ အမိန့်စာချွန်တော်ကို ပေးသနားတော်မူခဲ့သည်။



ဘုံကိုးဆင့်သိမ်ဘုံအဆင့်များ

### ဗားကရာကျောင်းတိုက်

ကျောင်းဒါယကာကြီး ဦးမှိုင်းက ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်၍ ကျောင်းကြီးအား အမည်သမုတ်ရန်အတွက် ရွေးချယ်ရာတွင် ထိုစဉ်က အမရပူရမြို့နန်းအနောက်မြောက် ဘက်လမ်းဘေးတွင် အစမူလ ဗားကရာကျောင်းကြီးတစ်ကျောင်း တည်ရှိခဲ့သည်။ ရွှေဘိုမင်းလက်ထက်တွင် သာသနာပိုင်ဆရာတော်မှာ ဦးဉေယျဖြစ်၍ ယင်းဗားကရာကျောင်းတိုက်ကြီး၏ အဆက်အနွယ်ဖြစ်သော ဆရာတော်ဦးအရိယဝံသကို ရန်ကုန်မြို့ ဗားကရာကျောင်းတိုက်ကြီး၏ ကျောင်းထိုင်ဆရာတော်အဖြစ် ဦးစွာလှူဒါန်းခဲ့ခြင်းကြောင့် (အာဒိလဒ္ဓနာမ) အားဖြင့် ဗားကရာကျောင်းတိုက်ကြီးဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

### ကျောင်းထိုင်ကျောင်းပိုင်အဆင့်ဆင့်

ကျောင်းတိုက်ကြီး၏ ပထမဆရာတော်မှာ ဦးအရိယဝံသဖြစ်တော်မူပြီ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် (ပျံလွန်တော်မူသည့် ခုနှစ်ကို ဖော်ပြမထားပါ) ဒုတိယဆရာတော် ဦးမာလာက ဆက်ခံလာခဲ့သည်။ ဆရာတော် ဦးမာလာမှာ ခရစ်နှစ် ၁၈၇၉ ခုနှစ်တွင် ပျံလွန်တော်မူခဲ့၍ တတိယကျောင်းထိုင်ဆရာတော်မှာ ဦးအာစာရဖြစ်လာခဲ့သည်။ ဆရာတော်ဦးအာစာရမှာ ၁၉၃၀ ပြည့်နှစ်တွင် ပျံလွန်တော်မူခဲ့ပြီးနောက် ဆရာတော် ဦးဉာဏဝံသက ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်လက်တည်ရှိလာခဲ့သည်။

နောက်ပိုင်း သံဃာအချင်းချင်း ပိုင်ဆိုင်မှုအငြင်းပွားလာရာမှ သာသနာရေးဆိုင်ရာ တရားအဆုံးအဖြတ်ဖြင့် အဆင့်ဆင့်ရှိလာခဲ့သည်။ နောက်ဆုံးကျောင်းတိုက်တည်ပြီးနောက် ၃၄ နှစ် အကြာတွင်မှ သံဃာအများပိုင်ဆိုင်သော “သံဃိက” ကျောင်းတိုက်ကြီးအဖြစ် ဖြစ်တည်လာခဲ့သည်။

သံဃိက ကျောင်းတိုက်ကြီးဖြစ်လာပြီးနောက် တိုက်တွင်းကိစ္စအဝဝကို တိုက်တာအုပ်ချုပ်ရေး နာယကအဖွဲ့ဖွဲ့စည်းလျက် ပထမဦးဆုံးသော တိုက်တာနာယကချုပ် ဆရာတော်မှာ ဦးဉာဏဝံသ ဖြစ်လာခဲ့သည်။ ယခုအခါ တိုက်တာအုပ်ချုပ်ရေး နာယကဆရာတော် ၁၁ ပါးအဖြစ် တိုက်တာတွင်းကိစ္စအဝဝကို စီမံဆောင်ရွက်တော်မူခဲ့သည်။ ယနေ့အချိန်အခါတွင် တိုက်တာအတွင်း၌ ကျောင်းပေါင်း ၃၈ ကျောင်းရှိပြီး ကျောင်းတိုက်များရှိ သံဃာအားလုံးက ကိုးထပ်ကြီးဘုရားရင်ပြင်၌ စုဝေး၍ ဝါဆိုခြင်းအမှုနှင့် ဝါကျွတ်ကြ “ပဝါရဏာ” အမှုးပြုခြင်းကို ဆောင်ရွက်တော်မူကြရသည်။

သံဃိက ကျောင်းတိုက်ကြီးဖြစ်လာပြီးနောက် စာရေးသူအသက်အရွယ်ဖြင့် တိုက်တာအတွင်း အစဉ်အဆက်အကြည်ညိုခံ သြဇာတိက္ကမကြီးသော ယနေ့ပျံလွန်တော်မူပြီး ဆရာတော်ကြီးလေးပါးကို ကိုယ်တိုင်ကြုံတွေ့ဖူးမြော်ခွင့်ရခဲ့သည်။ ထိုဆရာတော်ကြီးလေးပါးမှာ ဘဒ္ဒန္တစန္ဒိမာ (ရှမ်းမြောက်ကျောင်း)၊ ဦးကောသလ္လ(သီရိဝေလာစာသင်တိုက်)၊ ဘဒ္ဒန္တကောဏ္ဍည (ဝံသမေဒနီစာသင်တိုက်)၊ ဘဒ္ဒန္တသံဝရဇောဓိ (ရွှေလှိုင်ပရိယတ္တိစာသင်တိုက်)တို့ဖြစ်ပြီး ရှေ့ဆင့်နောက်ဆင့် ပျံလွန်တော်မူသွားကြပြီဖြစ်သည်။

### ဘုံကိုးဆင့်သိမ်

သံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက်ရှိလျှင် မရှိမနေရှိရမည်မှာ “သိမ်”ဖြစ်သည်။ ဗားကရာကျောင်းတိုက်အတွင်း သိမ်ကို ၁၂၁၃ ခုနှစ်၊ ရွှေဘိုမင်းလက်ထက်တွင်ပင် ကြည့်မြင်တိုင်တိုက်နယ်နေ ဒါယကာ မောင်ရောက်၏ ဝိသုံဂါမရွာအတွင်း၌ သက္ကရာဇ် ၁၂၁၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် သိမ်သမုတ်တော်မူခဲ့သည်။ သိမ်၏အမည်ကို ဘုံကိုးဆင့်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၍ “ဘုံကိုးဆင့်သိမ်တော်”ဟု အမည်ပေးခဲ့သည့် မှတ်တမ်းအရ ထိုစဉ်က ၎င်းသိမ်တော်အတွင်း၌ ဘုရားဒါယကာ မောင်ဝ၊ ဘုရားအမမိပျော့တို့က “မဟာမုနိ” ဘွဲ့အမည်တော်ရှိ ရုပ်ပွားဆင်းတုတော်တစ်ဆူ လှူဒါန်းခဲ့သည်ဟု ဆိုထားသည်။

နောက်ထပ်တည်သော ရုပ်ပွားတော်များရှိလာခဲ့သည့်တွက် မူလ ရုပ်ပွားတော်ကို ရှာတွေ့နိုင်ခြင်းမရှိခဲ့ပေ။ သို့သော် နန်းဦးတိုင်ဖြင့် ထုဆစ်ထားသော မတ်ရပ်ရုပ်ပွားတော်နှစ်ဆူကိုသာ ပြန်လည်ပြုပြင်ထားမှုနှင့်အတူ ဖူးတွေ့ခဲ့ရသည်။

ထို့အပြင် သံဃာတော်များ သိမ်ဝင်ကမ္မဝါညှပ်ရာ ရှေ့အနီးတွင် ကြည့်မြင်တိုင်တိုက်နယ်အပိုင် အိုးဘိုရပ်နေ ဘုရားဒါယကာ ကိုဘိုးခ၊ ဘုရားဒါယိကာမ မစောတို့က လှူဒါန်းထားသော “လောကဂ္ဂအတုလ သကျမုနိ” ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးကို ဖူးတွေ့နိုင်မည်ဖြစ်သည်။ သိမ်အတွင်း မီးရောင်အလွန်အားနည်းသော်လည်း ဘုရားရှင်၏ မျက်နှာတော်မှာ ထိန်ထိန်လင်းလျက် သပ္ပာယ်ကြည်ညိုဖွယ်အတိ ဖြစ်သည်။ လှူဒါန်းခဲ့သော နှစ်အားဖြင့် ၁၁၃ နှစ်တိုင် ရှိခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် မယိုမယွင်း မပျက်မစီး ပကတိအတိုင်း ဖူးတွေ့ခဲ့ရပေသည်။

### ကိုးထပ်ကြီးဘုရား

ဗားကရာကျောင်းတိုက်ကြီးအတွင်း တည်ရှိသော “အတုလာဓိပတိ မဟာမုနိသကျ” ကိုးထပ်ကြီးဘုရားမှာ ကျောင်းတိုက်ကြီး ဖြစ်ပေါ်လာပြီးနောက် နှစ်ပေါင်း ၆၀ ကြာမှ တည်ထားခြင်းဖြစ်သည်။ သာသနာတော်နှစ် ၂၄၄၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၇ ခုနှစ်၊ ခရစ်နှစ် ၁၉၀၅ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီ အချိန်တွင် ကြည့်မြင်တိုင်တိုက်နယ် ဈေးကြီးရပ်နေ ဘုရားဒါယကာ ဦးကြင်၊ ဘုရားဒါယိကာမ ဒေါ်ငွေဇံတို့က ဆရာတော် ဦးအာစာရ၏ ခွင့်ပြုချက်ဖြင့် ပန္နက်ရိုက်၍ တည်ထားကိုးကွယ်လာခဲ့ရာ နှစ်ပေါင်းအားဖြင့် ၁၁၃ နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။



သိမ်ကြီးအတွင်းမှ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူ

ယခုအခါ ဗားကရာကျောင်းတိုက်ကြီးအတွင်း၌ မူလရှေးလက်ရာကျောင်းဟောင်းများမှာ တဖြည်းဖြည်း ပျက်စီးယိုယွင်းလာခြင်း၊ လုံးဝပျောက်ကွယ်သွားခြင်းဖြင့် သမိုင်းဝင်ကျောင်းကြီးများမှ ယဉ်ကျေးမှုလက်ရာအမွေအနှစ်များ လုံးဝပျောက်ကွယ်သွားနိုင်မည့် အနေအထားအဆင့်အထိ ရောက်ရှိလာပြီကို ဝမ်းနည်းဖွယ်တွေ့မြင်နေရသည်။

ကျောင်းတိုက်အတွင်း၌ အိုမင်းနေသော်လည်း ရှေးယဉ်ကျေးမှုလက်ရာဟောင်းများအဖြစ် တည်ရှိနေဆဲ ကျောင်းကြီးများမှာ အောင်မြေဘုံစံကျောင်း၊ လောကပီယကျောင်း၊ ပရိယတ္တိကျောင်း၊ ပိန္နဲကျောင်း၊ အင်းစိန်ကျောင်းနှင့် ရွှေတောင်တိုက်သစ်(အနောက်ဘက်မူလ) ကျောင်းတို့သာလျှင် ဖြစ်သည်ကို တွေ့မြင်ရလျက် ရန်ကုန်မြေမှ နှစ်ပေါင်း ၁၇၃ နှစ်ကျော်ကာလသက်တမ်းရှိ သာသနာနယ်မြေတစ်ခုအား ဝိုင်းဝန်းစောင့်ရှောက်နိုင်ရေးအတွက် ဖော်ထုတ်ရေးသားလိုက်ရပါသည်။

**အကိုးအကား** **ရွှေလှိုင်ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သံဝရဇောဓိ အရှင်သူမြတ်၏တပည့် ဦးစန္ဒောဘာသ ဆရာတော်ထံမှ ရရှိသော မှတ်တမ်းအကိုးအကားအား မှီငြမ်းရေးသားပါသည်။**




လောကပီယကျောင်းဟောင်း



ပရိယတ္တိကျောင်းဟောင်း

# တစ်ပတ်အတွင်းကားဈေးကွက် သင်္ကြန်ကာလကျော်သွားသဖြင့် အရောင်းအဝယ်အနည်းငယ် ပြန်လိုက်နေ

● မင်းသော်




သင်္ကြန်မတိုင်ခင်နှင့် သင်္ကြန်ရက်များ၊ သင်္ကြန်ပြီးကာလများကို လွန်မြောက်ခဲ့ပြီး ဧပြီလကုန်ပိုင်းမှစတင်၍ ကားဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ်ဖြစ်နေကျ အင်ဂျင်ပါဝါနိမ့်ကားလေးများ အရောင်းအဝယ်ပြန်လည်အားကောင်းလာကြောင်း သိရသည်။

"သင်္ကြန်ကာလကတော့ နှစ်တိုင်းအရောင်းအဝယ်အေးပါတယ်၊ ဒီနှစ်ကတော့ အရောင်းအဝယ် အအေးဆုံးပဲ၊ ကားဈေးကလည်း မကျတဲ့အပြင် မူဝါဒပိုင်းမှာလည်း ပြောင်းလဲမှုတွေရှိလာတဲ့အတွက် အရောင်းအဝယ်ကျဆင်းရခြင်းဖြစ်ပါတယ်၊ အခုရက်ပိုင်းမှာတော့ ဝယ်လက်လည်း တော်တော်လေး လာသလို၊ ရောင်းကားလည်း စုံတာမို့ အရောင်းအဝယ်ပြန်ဖြစ်လာတယ်" ဟု ကားဝယ်ရောင်း ကိုတုံတုံက ပြောသည်။

အရောင်းအဝယ်အများဆုံးဖြစ်သည့် မော်တော်ကားများသည် ယခင်အတိုင်း အင်ဂျင်ပါဝါနိမ့် ၁၃၀၀ စီစီ ကားလေးများဖြစ်ကြပြီး ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်အများဆုံးဖြစ်ခဲ့သည့် ကားများအကြောင်းကို မေးမြန်းကြည့်ရာ "ဒီရက်ပိုင်းမှာ နယ်က ဝယ်ယူလိုတဲ့ ဝယ်လက်တွေလည်း လာကြတာများတယ်၊ သူတို့ကလည်း ၁၃၀၀ စီစီကားထဲကပဲ ရှာကြတယ်၊ လမ်းပန်းဆက်သွယ်ရေးတွေ ပိုကောင်းလာတော့ ကားကောင်းလေးတွေကို နယ်ဝယ်လက်တွေ အသုံးပြုလိုကြတယ်လို့ ထင်ပါတယ်၊ လက်ရှိမှာ ဟွန်ဒါဖစ် ရှပ်တဲ၊ ဂျီကေသရီးနဲ့ အင်ဆိုက်တွေ အရောင်းအဝယ်ဖြစ်နေတယ်၊ အဓိကကတော့ အဲယားကွန်းပါလား၊ အင်ဂျင်အခြေအနေကောင်းလား ဒီလောက်ဆိုရင် တော်တော်လေးအလုပ်ဖြစ်တဲ့အနေအထားပါပဲ၊ ဈေးကတော့ ငွေကျပ် သိန်း ၁၆၀ လောက်ကနေ ၂၄၀ လောက်ကြားတွေ အရောင်းအဝယ်အဖြစ်အများဆုံးပဲ"ဟု ကား ဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောပြသည်။

ယခုရက်များအတွင်း ၂၀၁၈ခုနှစ်တင်သွင်းခွင့်ရရှိမည့် ဘယ်မောင်းကားများ အရစ်ကျဝယ်ယူနိုင်မည့် ကြော်ငြာများ ပိုမိုအားကောင်းလာသည့်အတွက် မကြာမီကာလအတွင်း ဘယ်မောင်းကားများအတွက်လည်း ဈေးကွက်သစ်ပေါ်ထွန်းလာတော့မည်ဟု ယူဆနေကြသူများလည်းရှိသည်။ သို့သော် ဘယ်မောင်းကားသစ်များသည် ဈေးနှုန်းမြင့်မားခြင်း၊ ကားအရစ်ကျဝယ်ယူရာတွင် အတိုးနှုန်းမြင့်မားခြင်း၊ တစ်လချင်း ပေးဆပ်ရမည့် အရစ်ကျငွေများပြားခြင်းတို့ကြောင့် ပြင်ဆင်သတ်မှတ်လိုကြသူများကိုလည်း မြင်တွေ့ရသည်။

စလစ်ဈေးကွက်အတွင်း စလစ်အပ်ကားများ ရှိသော်လည်း ဝယ်ယူမှုကျဆင်းနေပြီး စလစ်ဈေးနှုန်းမှာလည်း ကျဆင်းလျက်ရှိသည်ကို မြင်တွေ့ရသည်။ အများစုသည် စလစ်များကိုင်ဆောင်ထားခြင်းကို စိုးထိတ်နေကြပြီး ဝယ်ယူသူမရှိသလောက်နည်းပါးလျက်ရှိသည်။ "စလစ်က ဝယ်သူမရှိပေမယ့် ဈေးက သက်တမ်း ၂၀ ရန်ကုန်လိုင်စင် အပ်ကားစလစ်ဆိုရင် ငွေကျပ် သိန်း ၁၁၀လောက်ဈေးခေါ်နေကြပါတယ်၊ ဒီထက်လည်း ဈေးမချရဲကြဘူး၊ မကြာခင်မှာ မူဝါဒနဲ့ ပတ်သက်ပြီး နယ်လိုင်စင်ကားတွေကို ကောက်ခံမှုဘယ်လိုဖြစ်လာမလဲဆိုတဲ့ အပေါ် ထောက်ပြီး ဈေးကမကျဘူးဖြစ်နေတယ်၊ ဆက်ကိုင်ထားရမှာလည်း တကယ်လို့များ နယ်လိုင်စင်တွေကို နှိမ်နင်းဖို့ မရှိဘူးဆိုရင် စလစ်ကိုင်ထားတဲ့ ဝယ်ရောင်းတွေ ငွေအိပ်သွားတော့မယ်၊ အခြေအနေက ဘယ်လိုမှ မှန်းဆလို့မရသေးဘူး"ဟု ကားကျွမ်းကျင်သူတစ်ဦးက ပြောသည်။

ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်ဖြစ်ပွားသည့် အခြေအနေများ အားလုံးနီးပါးတွင် နယ်ဝယ်လက်များနှင့်အလုပ်အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း ကားလောက အသိုင်းအဝိုင်းမှ သိရှိရသည်။ အများစုသည် မိုးမကျမီ ကားဝယ်ကြရန် ရန်ကုန်သို့ ဆင်း၍ လာရောက်ဝယ်ယူကြခြင်းဖြစ်ကြောင်းသိရသည်။ ။

## တစ်ပတ်အတွင်း ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၉၀ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၅ |
| Kluger | 2001 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၇၄ |
| Fit Gp1 | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၈၀ |
| Latio | 2007 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၃၃ |
| Parado | 1997 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၅၀ |
| Vitz | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၅၈ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၂ |
| Mark II | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၀ |
| Hijet | 2000 | ရန်ကုန် | 660 cc | အပြင်ဈေး | ၆၈ |



**အချုပ်ပို (ခ) မှ**

သို့မှသာ မိုးတွင်းကာလတွင် ပြည်သူများ လျှပ်စစ်ဓာတ်အားကို အပြည့်အဝ အသုံးချနိုင်ပေမည်။

တစ်စီးနှင့်တစ်စီး ထိမိရုံ နီးနီးကပ်ကပ် မောင်းနှင်နေကြသော မြို့တော်ရန်ကုန်အနှံ့မှ မော်တော်ယာဉ်များအနေဖြင့်လည်း ရေသုတ်တံအပါအဝင် ဘီးတာယာများ၊ လမ်းပေါ်သို့ ဆီယိုစိမ့်ခြင်းကင်းဝေးရန် မိုးကြိုကာလ၌ စစ်ဆေးပြင်ဆင်သင့်ပေသည်။ သို့မှသာ မိုးရွာချိန်တွင် မိမိမော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ပေမည်။

အချုပ်အားဖြင့် တင်ပြရသော် ရန်ကုန်မြို့တော်တွင် နေထိုင်သူများအဖို့ ဘေးအန္တရာယ်ကင်းကင်းဖြင့် မိုးဥတုကို ကျော်ဖြတ်ရန် အစိုးရအဖွဲ့အစည်း အသီးသီးသာမက မြို့တော်တွင် နေထိုင်သော မြို့တော်သူ မြို့တော်သားအားလုံးမှလည်း တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ဖေးမစောင့်ရှောက်နိုင်ကြပါစေကြောင်း. . .။

**မြို့သစ်နဲ့ အိမ်ရာစီမံကိန်းတွေကြောင့် အနာဂတ်ပုံရိပ်ပြောင်းလဲမည့် ရန်ကုန် ...မှ**

ဒါကြောင့် လှိုင်သာယာမြို့နယ်အတွင်း စက်မှုဇုန်အနီး ဆိပ်ကမ်းသာလမ်းမှာ လူနေသီးသန့်အဖြစ် ဆောက်လုပ်နေတဲ့ အဆင့်မြင့်ကွန်ဒိုစီမံကိန်းဟာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြေအကျယ်အဝန်း မြေဧက ၃၁ ဧကအပေါ် အပိုင်း (၁) ဖြစ်တဲ့ မြေဧက ၁၀ ဧကအပေါ်မှာ အခန်းပေါင်း ၁၈၀၀ ကျော်အထိ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းဟာ ဘုရင့်နောင်တံတားနဲ့အောင်ဇေယျကြိုးတံတားတို့အကြားမှာ တည်ရှိပြီး မကြာခင်မှာ ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဒီလိုအိမ်ရာစီမံကိန်းအများအပြားကို အနာဂတ်မှာ အကောင်အထည်ဖော်ဖို့ ကြိုးစားနေတာမို့ မကြာခင်ကာလတစ်ခုမှာ ရန်ကုန်မြို့အတွက်ကတော့ တိုးတက်ဖွံ့ဖြိုးမှုကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာလည်း အဆင့်မြင့်အိမ်ရာ၊ အဆင့်မြင့် အဆောက်အအုံတွေ၊ အနာဂတ်အစီအမံတွေကြောင့် ရန်ကုန်မြို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုကတော့ အနာဂတ်ကာလမှာ လှချင်တိုင်း လှနေတော့မှာ ဖြစ်ပါတယ်။ ။

**အချုပ်ပို (ခ)မှ**

မှာ မြို့သစ်လို့ပြောရင် ဘယ်သူမှမနေချင်ကြဘူး၊ အခြားနိုင်ငံတွေက မြို့သစ်ဆိုရင် နေချင်စရာဖြစ်အောင် အကောင်းဆုံး လုပ်ထားကြတာ၊ မြို့သစ်အင်္ဂါနဲ့ ညီရင်လူနေမှာပေ့ါ၊ လှိုင်သာယာစည်တာက စက်မှုဇုန်ရှိလို့ စည်သွားတာ၊ သွားရေးလာရေး အဆင်ပြေရမယ်၊ စီးပွားရေးလုပ်ငန်းရှိရမယ်၊ မြေရောင်းစားတော့စီးပွားရေးသမားတွေလက်ထဲရောက်ပြီး မြေဈေးကစားတယ်၊ တကယ်တော့ လူမနေကြဘူး၊ အရင်ကတည်းက လူနေလို့ရအောင် လုပ်ပေးထားရင်နေမှာပေ့ါ၊ မြောက်ဒဂုံဆိုရင် စည်သွားပြီ။ ပေ (၄၀×၆၀)တစ်ကွက်ကို သိန်းလေးထောင်၊ ငါးထောင်ဖြစ်နေပြီ၊ လူနေတဲ့အတွက်တန်ဖိုးလည်းမြင့်သွားတာ" ဟု ရန်ကုန်မြို့ပြဝန်းကျင်မှ မြို့သစ်များ၏ အသွင်သဏ္ဌာန်အကြောင်းကိုလည်း တစေ့တစောင်းပြောကြားသည်။

ရန်ကုန်မြို့ပြ၏ တိုက်တာအဆောက်အအုံများ နှစ်အနည်းငယ်အတွင်းပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ရုပ်ဝတ္ထုပိုင်းဆိုင်ရာအသွင်သဏ္ဌာန်များပြောင်းလဲလာရာတွင် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိစွာ ပြောင်းလဲတိုးတက်လာခြင်းသည် အနာဂတ်အတွက် သမိုင်းစာမျက်နှာများပင်ဖြစ်၍ ပြောင်းလဲလာသော အသွင်သဏ္ဌာန်တို့နှင့်အတူ ရန်ကုန်မြို့ပြ၏ ခေတ်မီအဆောက်အအုံများမှာလည်း တင့်တယ်လှပခံ့ညားလျက် ခေတ်စနစ်နှင့်အညီ အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မေ ၂၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




၁၀-၄-၂၀၁၈ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ စကားဝိုင်း (PEACE TALK) ကို မြောင်းမြို့၌ ကျင်းပစဉ်။

## စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာ



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးလှမိုးအောင်

■ ဟန်နီဝင်း

**ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အခြေခံသည့် တိုင်းဒေသကြီးဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကာလအတွင်း ဦးတည်ဆောင်ရွက်ခဲ့သည်။**

**စိုက်ပျိုးရေးကဏ္ဍတွင် အရည်အသွေးမြင့်မားသည့် စိုက်ပျိုးရေးထုတ်ကုန်များ ရရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် သုတေသနလုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။**

### တစ်ပိုင်တစ်နိုင်ဆောင်ရွက်

"စိုက်ပျိုးရေးကဏ္ဍမှာ ထူးထူးခြားခြား ဆောင်ရွက်တာရှိပါတယ်၊ စိုက်ပျိုးရေးကို အခြေခံတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် ရေတော်မိုးတော် စိုက်ရေိယာများမှာ မြေဆီလွှာအာဟာရဓာတ် စစ်ဆေးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်၊ တစ်ယူနစ်မှာ ကေ ၅၀ နှုန်းနဲ့ ၅၄၄၂၇ ယူနစ်အတွက် ကေ ၂၇၂၁၃၅၀ ကို ဆောင်ရွက်ပေးလျက်ရှိပြီးတော့ အထွက်နှုန်းကောင်းမွန်၊ အရည်အသွေးမြင့်မားတဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေရရှိဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ စိုက်ပျိုးရေးအတွက် အလိုအပ်ဆုံးဖြစ်နေတဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်ပါတယ်၊ ပြီးတော့ တိုင်းဒေသကြီးအစီအစဉ်နဲ့ တစ်ပိုင်တစ်နိုင်ဆောင်ရွက်သွားပါမယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

### အရစ်ကျဝယ်ယူနိုင်

စိုက်ပျိုးရေးကဏ္ဍတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

### ရိတ်သိမ်းခြွေလှေ့ပေး

"လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲနိုင်ရေး ဆောင်ရွက်ပါတယ်၊ သမဝါယမဦးစီးဌာနအနေနဲ့ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျဝယ်ယူနိုင်ရေးအတွက် အသင်းသား ၁၅၅၄ ဦးကို လယ်ယာသုံးစက်ကိရိယာ ၁၇၀၇ စီး၊ စက်မှုလယ်ယာဦးစီးဌာနက ၁၂၉၄ စီး စီမံပေးနိုင်ခဲ့ပါတယ်၊ ဒါ့ပြင် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီးတွေနဲ့ ဧကပေါင်း ၃၉၅၂၀၂ ဧကကို ထွန်ယက်ပေးပါတယ်၊ စပါးရိတ်စက်နဲ့ ၂၄၇၀၃ ဧကကို ရိတ်သိမ်းခြွေလှေ့ပေးတယ်၊ ကောက်စိုက်စက်တွေနဲ့ ဧက ၇၁၀ ကို စိုက်ပျိုးပေးပါတယ်၊ ပြီးတော့ စက်ကိရိယာတွေ သုံးစွဲမှု လွယ်ကူစေဖို့ စက်ကိရိယာတွေ ပြင်ဆင်ပေးတာကိုလည်း ဆောင်ရွက်ပေးပါတယ်" တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

### တည်ဆောက်ပြုပြင်

စိုက်ပျိုးရေးလုပ်ငန်းတွင် ရေကြီးနစ်မြုပ်မှု မရှိစေရေး၊ ရေငန်ဝင်ရောက်မှုမရှိစေရေးအတွက် တာတမံ ၆၆ ခု၊ ရေနုတ်မြောင်း ၄၇၉ မြောင်းနှင့် ရေတံခါး ၄၅ ခု တည်ဆောက်ပြုပြင်ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ယူခဲ့သည့် နှစ်နှစ်တာအတွင်း ငါးမွေးမြူရေးကန် ဧက ၁၂၃၅၅၀ နှင့် ပုစွန်မွေးမြူရေးကန် ၆၃၇၃၅ ဧကကို ဖော်ထုတ်နိုင်ခဲ့ပြီး အင်းပေါင်း ၁၇၇၇ ခုကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် မျိုးကောင်းမျိုးသန့် မွေးမြူနိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။

*အချပ်ပို (ခ) သို့*

"သဘာဝဘေးသင့်အိမ်ခြေ ၆၂၆၂၄ လုံး၊ လူဦးရေ ၂၃၈၀၉၃ ဦး၊ သေဆုံးသူ ၉၆ ဦးရှိပါတယ်၊ ဒီပြည်သူတွေအတွက် ဆန်၊ အိမ်ဆောက်ပစ္စည်းနဲ့ ထောက်ပံ့ငွေကျပ် ၁၀၀၆ သန်းကျော် ထောက်ပံ့ပေးခဲ့ပါတယ်၊ ဆိုင်ကလုန်းရှယ်တာ အရင်က ၅၅ လုံးရှိတယ်၊ အသစ် ငါးလုံး ဆောက်လုပ်ပါတယ်၊ ထပ်မံပြီး ၁၇ လုံး ဆောက်လုပ်မှာဖြစ်တဲ့အတွက် တိုင်းအတွင်းမှာ စုစုပေါင်း ၇၇ လုံး ရှိလာမှာဖြစ်"



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ရွှေးမြစ်နှင့် ပြာမလော့မြစ်အကြားရှိ ကျွန်းများအား ရေနစ်ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ရန် ရေနုတ်တားတာများနှင့် ရေတံခါးများ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

*အချပ်ပို (က)မှ*

"နှစ်နှစ်တာအတွင်းမှာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးဖို့ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တဲ့အနေနဲ့ ငါးမျိုးစိုက်ထည့်မှု ငါးကောင်ရေ သိန်းပေါင်း ၃၇၀ ကျော်ကို စိုက်ထည့်နိုင်ခဲ့ပါတယ်၊ မြစိမ်းရောင်စီမံကိန်း ငါးမွေးမြူရေးကဏ္ဍမှာဆိုရင်လည်း ကျေးရွာ ၇၄ ရွာအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ဟိုင်းကြီးကျွန်းမြို့ သမီးလှလိပ်ကျွန်း လိပ်မျိုးထိန်းသိမ်းရေးစခန်း၊ ဘိုကလေးမြို့နယ် ကဒုံကနိလိပ်မျိုး ထိန်းသိမ်းရေးစခန်းတွေ ဖွင့်လှစ်ပြီး ရေသယံဇာတနဲ့ မျိုးသုဉ်းရှားပါး အဏ္ဏဝါထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

**အဆင့်မြှင့်တင်**

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြို့ပြလမ်း ၄၀၃၃ မိုင်၊ ကျေးလက်လမ်း မိုင် ၂၇၀ ၊ ကျောက်ချောနှင့် မြေသားလမ်း ၁၆ မိုင်၊ မြို့ပြတံတား/ရေပြွန် ၅၇၆ ခု၊ ကျေးလက်တံတား ၁၄၄ ခု အသစ်ဆောင်ရွက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်**

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ချောင်းများပေါများသည့်အတွက် မြစ်ချောင်းများ ပြိုကျမှုနည်းပါးစေရန် မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး နှစ်နှစ်တာအတွင်း မြစ်ကမ်းထိန်းလုပ်ငန်း ၂၀ ခု ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ကမ်းပြိုကမ်းစားဖြစ်ပွားမှုကြောင့် နေအိမ်များ ဆုံးရှုံးခဲ့ရသည့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်မှ အိမ်ခြေ ၇၆၃ လုံး၊ အိမ်ထောင်စု ၇၆၄ စု၊ လူဦးရေ ၃၃၈၈ ဦးအတွက် မြေ ၄၇ ဒသမ ၅၅ ဧကကို ရန်ပုံငွေကျပ် ၁၉၃ ဒသမ ၁၇၅ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

**တိုးချဲ့ဖွဲ့စည်း**

"လေပြင်းဒဏ်ခံနိုင်ရေးအတွက် အိမ်တွေကို ပြင်ဆင်ပေးပါတယ်၊ ကျေးရွာ ၂၀ ရွာ၊ အိမ်ခြေအလုံး ၈၀၀ ကို ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အပြင် ဖိုင်ဘာစက်လှေ ၁၃ စင်း၊ အသက်ကယ်အင်္ကျီအစုံ ၁၈၀ ကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်၊ ဒါ့ပြင် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနကို မြို့နယ်အဆင့်တွေမှာ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

**ဆိုင်ကလုန်းရှယ်တာတည်ဆောက်**

"သဘာဝဘေးသင့်အိမ်ခြေ ၆၂၆၂၄ လုံး၊ လူဦးရေ ၂၃၀၉၃ ဦး၊ သေဆုံးသူ ၉၆ ဦးရှိပါတယ်။ ဒီပြည်သူတွေအတွက် ဆန်၊ အိမ်ဆောက်ပစ္စည်းနဲ့ ထောက်ပံ့ငွေကျပ် ၁၀၀၆ သန်းကျော် ထောက်ပံ့ပေးခဲ့ပါတယ်၊ ဆိုင်ကလုန်းရှယ်တာအရင်က ၅၅ လုံးရှိတယ်၊ အသစ် ငါးလုံးဆောက်လုပ်ပါတယ်၊ ထပ်မံပြီး ၁၇ လုံးဆောက်လုပ်မှာဖြစ်တဲ့အတွက် တိုင်းဒေသကြီးအတွင်းမှာ စုစုပေါင်း ၇၇ လုံး ရှိလာမှာဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

**ကြိုတင်ပြင်ဆင်**

ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကို ပုသိမ်မြို့ရှိ အိမ်ထောင်စု ၅၀၀၀ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီး ကျန်ခရိုင်မြို့များတွင် အိမ်ထောင်စု ၅၀၀ စီအတွက် ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ပညာပေးဟောပြောမှု၊ သရုပ်ပြလေ့ကျင့်မှု အပါအဝင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း ၃၂၅ ကြိမ်ကို ပြည်သူ ၅၅၀၀၀ ကျော်နှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စီမံဆောင်ရွက်**

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်က မြောင်းမြကြိုးတံတားပြတ်ကျခဲ့သဖြင့် တံတားသစ်တည်ဆောက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် (၁)နှစ်အတွင်း ပြီးစီးရန် စီမံဆောင်ရွက်လျက်ရှိသည်။

*အချပ်ပို (ဂ) သို့*



အပန်းဖြေခရီးသွားလုပ်ငန်းမှ ဝင်ငွေရှာပေးနိုင်သည့် ဧရာဝတီတိုင်းဒေသကြီးရှိ ချောင်းသာကမ်းခြေအလှ။



မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A(6) ၌ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

**❀ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ မိုဘိုင်းဖုန်းစခန်း ၅၇၉ ခု၊ အော်တိုအိတ်ချိန်း ၃၉ ရုံးအထိ တည်ဆောက်ပြီး လူဦးရေ ၁၀၀ မှာ ၈၁ ဦးအထိ အသုံးပြုနိုင်ပြီဖြစ်**

**❀ နိုင်ငံတကာ ဆက်သွယ်ရေးဆက်ကြောင်း တည်ဆောက်မှုအနေနဲ့ ရေအောက်ကေဘယ်စနစ်ကို ပုသိမ်မြို့နယ် ငွေဆောင်မြို့မှာ တည်ဆောက်ပြီးစီးပြီးတော့ ဝန်ဆောင်မှုပေး နေပြီဖြစ်**

*အချပ်ပို (ခ) မှ*

"တည်ဆောက်ရေးကာလမှာလည်း ခရီးသွားပြည်သူတွေ ကူးလူးသွားလာရေး ဇက်သင်္ဘော၊ ကူးတို့သင်္ဘောတွေနဲ့ အန္တရာယ်ကင်းရှင်းစွာ သွားနိုင်ဖို့အတွက် စီမံဆောင်ရွက်ထားပါတယ်၊ ဧပြီလ ၁၀ ရက်နေ့ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လာရောက်ပြီး လိုအပ်တာတွေ လမ်းညွှန်ခဲ့ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

**ခွင့်ပြုပေးထား**

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ၁၇ ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုပေးထားကြောင်း သိရသည်။

**ဓာတ်အားထုတ်လုပ်**

"စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ပုသိမ်မြို့နယ် မီးလောင်ချိုင်ဒေသမှာ LNG ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ OFF-Shore Supply Base လုပ်ငန်းသုံးခုနဲ့ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းတွေအပါအဝင် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ၁၇ ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့က ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်၊ လူတစ်ဦး ပျမ်းမျှထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးကို ပြောရရင် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၁၄၀၇၀၇၂၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာဆိုရင် ၁၅၇၄၃၁၇ ရရှိပြီးဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

**တိုးတက် အသုံးပြုလာ**

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိစေရန် ဆောင်ရွက်ခဲ့ပြီး ဓာတ်အားသုံးစွဲသူ ၂၄၁၁၈၃ ဦး တိုးတက်အသုံးပြုလာနိုင်စေရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အစားထိုး လဲလှယ်**

ဓာတ်တိုင် ၉၁၅၇ တိုင်ကို အစားထိုးလဲလှယ်ခြင်း၊ အသစ်တပ်ဆင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ဓာတ်အားလိုင်း ၂၃၉ ဒသမ ၅၇၅ မိုင်ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**လမ်းမီးတိုင်တွေ ဆောင်ရွက်**

"လျှပ်စစ်ကဏ္ဍမှာဆိုရင် ပုသိမ်မရမ်းချောင်းမှာ 10MVA ဓာတ်အားခွဲရုံနဲ့ မြက်တိုမှာ ၃၃ ကေဗွီဓာတ်အားလိုင်း ခြောက်မိုင် တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါတယ်၊ ဓာတ်အားပေးစနစ်အနေနဲ့ ကျေးရွာ ၁၁၇ ရွာ မီးလင်းရေးဆောင်ရွက်နိုင်ပြီးတော့ ဓာတ်အားသုံးစွဲသူ ၂၄၁၁၈၃ ဦး ပိုမိုအသုံးပြုလာနိုင်ခဲ့ပါတယ်၊ ဓာတ်အားလိုင်း ၂၃၉ ဒသမ ၅၇၅ မိုင်၊ ဓာတ်တိုင် ၉၁၅၇ တိုင် အစားထိုးလဲလှယ်ခြင်း၊ အသစ်တပ်ဆင်ခြင်းတွေအပါအဝင် Solar စနစ်နဲ့ ကျေးရွာ ၈၃၃ ရွာမှာ လမ်းမီးတိုင်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု တိုင်းဒေသကြီး လျှပ်စစ်ကဏ္ဍနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။



မြောင်းမြမြို့၌ မြစ်ကူး ဖိုက်ဘာကြိုးတပ်ဆင်ရန် ဆောင်ရွက်နေသော ဆက်သွယ်ရေးဝန်ထမ်းများကို တွေ့ရစဉ်။

**အဆင့်တိုးမြှင့်ပေးနိုင်**

ပညာရေးကဏ္ဍ တိုးတက်မှုရရှိစေရန် အခြေခံပညာကျောင်း ၉၈၁ ကျောင်းကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ၅၀ ကိုလည်း တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

"အခြေခံပညာကျောင်းပေါင်း ၉၈၁ ကျောင်းကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်၊ ကျောင်းဆောင်သစ်၊ အားကစားခန်းမ၊ ကျောင်းစာကြည့်တိုက်စုစုပေါင်း ၆၇၁ ဆောင်ကို အသစ်ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်၊ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနတွေ ၅၀ အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် တက္ကသိုလ် သုံးခု၊ နည်းပညာတက္ကသိုလ်သုံးခု၊ ကွန်ပျူတာတက္ကသိုလ် သုံးခု၊ ပညာရေးကောလိပ် သုံးခုနှင့် စက်မှုလက်မှုသိပ္ပံရှိတဲ့အတွက် ပညာရေးကဏ္ဍ တိုးတက်ဖို့ ပြည်ထောင်စုမူဝါဒနဲ့အညီ ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

**ကျန်းမာရေးစောင့်ရှောက်**

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆရာဝန် ၉၂ ဦး၊ သူနာပြု ၂၁၉ ဦး၊ သူနာပြုသားဖွား ၆၁၉ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ဦးရေ ၄၁၀ နှင့် ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ အခြားဝန်ထမ်းဦးရေ ၆၃၀ ကို တိုးမြှင့်ခန့်ထားကာ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်ရန် ဆောင်ရွက်ပေးခဲ့သည်။

**ပံ့ပိုးဆောင်ရွက်**

ဆေးရုံများတွင် ဆေးပဒေသာပင်စိုက်ထူခြင်း၊ ကျေးလက်ကျန်းမာရေးဌာန ၆၃ ခုကို တိုးမြှင့်တည်ဆောက်ပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေရရှိရန်အတွက် စက်ရေတွင်း ၇၂ တွင်း၊ သောက်သုံးရေကန် ၇၉ ကန်၊ ရေတင်စက် အခု ၈၀ ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ မိုဘိုင်းဖုန်းစခန်း ၅၇၉ ခု၊ အော်တိုအိတ်ချိန်း ၃၉ ရုံးအထိ တည်ဆောက်ပြီး လူဦးရေ ၁၀၀ မှာ ၈၁ ဦးအထိ အသုံးပြုနိုင်ပြီဖြစ်ပါတယ်၊ နိုင်ငံတကာဆက်သွယ်ရေးဆက်ကြောင်း တည်ဆောက်မှုအနေနဲ့ ရေအောက်ကေဘယ်စနစ်ကို ပုသိမ်မြို့နယ် ငွေဆောင်မြို့မှာ တည်ဆောက်ပြီးစီးပြီးတော့ ဝန်ဆောင်မှုပေးနေပြီဖြစ်ပါတယ်၊ MPT Own Branded Shop ၁၀ ဆိုင် ဖွင့်လှစ်ပြီးတော့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသအားလုံးနီးပါးမှာ မိုဘိုင်းဖုန်းအသုံးပြုနိုင်ပြီဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။ *အချပ်ပို (ဃ) သို့*



ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်ကြသည့် ငွေဆောင်ကမ်းခြေအလှကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် တည်ဆောက်ထားသည့် မဖြရေလှောင်တမံစီမံကိန်းမှ အသေးစားရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။

*အချပ်ပို (ဂ) မှ*

ထိုသို့ တိုင်းဒေသကြီးအတွင်း ပြည်သူများအတွက် အစိုးရအဖွဲ့၏ လုပ်ဆောင်ပေးနေမှုအပေါ် ဒေသခံ ဦးတင်အုန်းက "ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ ထင်သာမြင်သာရှိအောင် လုပ်ငန်းတွေ ဆောင်ရွက်နိုင်တာ တွေ့ရပါတယ်၊ ဥပမာအနေနဲ့ ပုသိမ်မြို့မှာ LED လမ်းမီးတွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ မေတ္တာဦးတံတားကနေ အရုပ်ကြီးအဝိုင်းအထိ တိုင်ပေါင်း ၁၁၀ ကို အစိုးရအဖွဲ့က အကုန်အကျခံပြီး လုပ်နေတာရှိပါတယ်၊ ဒီအရုပ်ကြီးကနေ မြို့အပြင်ထွက်တဲ့ ပုသိမ် - ရန်ကုန်လမ်းမှာဆိုရင်လည်း ငွေကျပ်သိန်းပေါင်း ၃၆၀၀ ကျော် အကုန်အကျခံပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။

**ထင်သာမြင်သာဖြစ်**

"ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး၊ မြို့ပေါ်လမ်းတွေအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကျော်လောက်ဟာ ကွန်ကရစ်လမ်းတွေချည်းပဲ၊ အစိုးရနဲ့ပြည်သူ ပူးပေါင်းဆောင်ရွက်ထားတာဖြစ်တဲ့အတွက် ထင်သာမြင်သာဖြစ်ပြီးတော့ ကျေနပ်အားရမှု ဖြစ်ခဲ့ရပါတယ်။

**JICA အဖွဲ့နဲ့ ပူးပေါင်း**

"ဂျပန် JICA အဖွဲ့နဲ့ အစိုးရအဖွဲ့ပူးပေါင်းပြီး ပုသိမ်မြို့ရေပေးဝေရေးလုပ်ငန်းတွေကို ဒီနှစ်မှာ စတင်အကောင်အထည်ဖော်နေတာကို တွေ့ရပါတယ်၊ ပုသိမ်မြို့မှာပြီးတာနဲ့ မြောင်းမြနဲ့ ဝါးခယ်မမြို့မှာ ဆက်လုပ်မယ့် အစီအစဉ်ရှိတဲ့အတွက် ရေရှိသော်လည်းပဲ ရေကောင်းမသုံးရတဲ့ ကျွန်တော်တို့ တိုင်းဒေသကြီးက မြို့တွေဟာ ကောင်းတဲ့ရေ ရတော့မယ်" ဟု ပြောသည်။

**ခရီးသွားကဏ္ဍမြှင့်တင်**

အလားတူ ဒေသခံတစ်ဦးဖြစ်သည့် ဦးဝင်းကြိုင် ကလည်း "ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်လို့ရှိရင် ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာ လုပကောင်းမွန်တဲ့ ကမ်းခြေတွေ ရှိပါတယ်၊ အနောက်ဘက်ကို မျက်နှာမူထားတဲ့ ကမ်းခြေတွေဖြစ်တဲ့အတွက် အင်မတန် တန်ဖိုးရှိပါတယ်၊ ချောင်းသာ၊ ငွေဆောင်ဆိုတဲ့ ဖွံ့ဖြိုးပြီးသား ကမ်းခြေ ဒေသနှစ်ခုရှိပါတယ်၊ အခု ဂေါ်ရန်ဂျီကျွန်း၊ ရွှေသောင်ယံကျွန်းဆိုတဲ့ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့ ကမ်းခြေဒေသ နှစ်ခုလည်း ပိုင်ဆိုင်ထားပါတယ်၊ သမိုင်းဝင်မော်တင်စွန်းဘုရားရှိတဲ့ မော်တင်၊ ငွေတောင်ကမ်းခြေ ဒေသတွေကလည်း မကြာမီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်၊ ဒါ့ကြောင့် ခရီးသွားကဏ္ဍကိုလည်း ပိုပြီးမြှင့်တင် ဆောင်ရွက်ပေးစေလိုပါတယ်" ဟု အကြံပြုသည်။

**စိစစ် ခွင့်ပြုပေးလျက်ရှိ**

တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ ဆောင်ရွက်နေသည့် အခြေအနေအပေါ် ဝန်ကြီးချုပ်က "ဝန်ထမ်းတွေ အိမ်ရာရရှိရေးအတွက် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက လေးခန်းတွဲ လေးထပ်အဆောက်အအုံ ငါးလုံး၊ အခန်းပေါင်း ၈၀ ကို ဆောက်လုပ်ပေးခဲ့ပါတယ်၊ ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းအိမ်ရာတွေ တောင်းခံလာမှုကို စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်" ဟု ပြောသည်။

**ဆက်လက်ဖြန့်ဝေသွားမည်**

ပြည်သူလူထု ဝန်ဆောင်မှုရယူသော လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ အစိုးရဌာန ၂၃ ခု၏ လုပ်ငန်း ၆၃ ခုအတွက် (Standard of Procedure -SOP) ကို ဆောင်ရွက်လျက်ရှိပြီး မကြာမီပြီးစီးပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ထို့ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်မှုနှင့်အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသေးသည့် အစိုးရသက်တမ်း သုံးနှစ်တာကာလအတွင်းမှာလည်း တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။




၁၂-၄-၂၀၁၈ ရက်က မြောင်းမြဘက်ကမ်း မြောင်းမြတံတားတည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို တွေ့ရစဉ်။